## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံအရေး တို့အရေးမို့ နိုင်ငံသားတိုင်း မဲပေးစို့။**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၀၆)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်းတစ်လျှောက်ရှိ တရားမဝင်ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးဂိတ်များနှင့်အဆောက်အအုံများ ဖျက်ဆီးရှင်းလင်း

နေပြည်တော် နိုဝင်ဘာ ၉

ကရင်ပြည်နယ် မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်းတစ်လျှောက်၌ တရားမဝင်ဂိတ်များဖွင့်လှစ်ပြီး အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက ငွေကြေးများကောက်ခံ၍ ပြည်ပမှတရားမဝင်ပစ္စည်းများတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းများဆောင်ရွက်လျက်ရှိရာ ယခုအခါ တပ်မတော်က အဆိုပါဒေသအား ပြန်လည်ထိန်းချုပ်ပြီးဖြစ်ရာ ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးဂိတ်များနှင့် ကုန်ပစ္စည်းများသိုလှောင်ဖြန့်ဖြူးသည့် အဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖျက်ဆီးရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေးအဖွဲ့နှင့် ဖယ်ရှားရှင်းလင်းရေးအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် စက်၊ ယာဉ်၊ ယန္တရားများနှင့်အတူ မြဝတီမြို့ အမှတ်(၅)ရပ်ကွက်ရှိ ၃၅ ဂိတ် ဒေသအခေါ် အောင်ပါဝါဂိတ်-၂ ကို သွားရောက်စစ်ဆေးပြီး အလျားပေ ၁၂၀၊ အနံပေ ၆၀၊ အမြင့် ၂၅ ပေရှိ သံဖရိန်၊ အုတ်တက်၊ သွပ်မိုးသွပ်ကာပစ္စည်းသိုလှောင်ရုံအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

**စာမျက်နှာ ၅ ကော်လံ ၃ ❒**



မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်းတစ်လျှောက်ရှိ တရားမဝင်အဆောက်အအုံများအား ဖျက်ဆီးရှင်းလင်းနေမှုကိုတွေ့ရစဉ်။


**ဆောင်းပါး**

**နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကိုအားပေးစို့** — စာ - ၇ သို့

**စီးပွားရေးဈေးကွက်ဝင် ပဲပုပ်သီးနှံတိုးချဲ့စိုက်ပျိုးရေး** — စာ - ၂၅ သို့

**အင်တာဗျူး**

**ကျောက်မဲမြို့၌ ပြန်လည်ပွင့်လန်းနေသောပညာပန်းများ** — စာ - ၁၁ သို့

**Naypyitaw State Academy တည်ထောင်ခြင်း (၃)နှစ်ပြည့် အခမ်းအနားကျင်းပ** — စာ - ၁၇ သို့





## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်)

# လေကြောင်းစွမ်းအားအရင်းအမြစ်များကို အထိရောက်ဆုံးအသုံးချရေး

မြန်မာနိုင်ငံသည် ပထဝီတည်နေရာအရ အချက်အချာကျသည့်နေရာတွင်တည်ရှိနေပြီး ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီးနှစ်ခုအကြားတွင် တည်ရှိနေသည်။ တောင်အာရှနှင့်အရှေ့တောင်အာရှကို ဆက်စပ်ပေးထားသည့်နေရာဒေသလည်းဖြစ်သည်။ ရေကြောင်းအနေဖြင့်ကြည့်ပါကလည်း ဖြတ်သန်းသွားလာမှုအများဆုံး ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းများနှင့်နီးကပ်စွာတည်ရှိနေသည်။ကိုယ်ပိုင်သဘာဝသယံဇာတအမျိုးမျိုးပေါကြွယ်ဝသည့် ရေပြင်ပိုင်နက်နှင့် သီးသန့်စီးပွားရေးဇုန်တို့ကို ကျယ်ပြန့်စွာပိုင်ဆိုင်ထားသည်။ ပြည်တွင်းပထဝီအနေအထားကလည်း တောတောင်ထူထပ်ပြီး မြစ်ချောင်းအင်းအိုင်များပေါများစွာတည်ရှိနေသည့်အတွက် သာမန်သွားလာကူးသန်းရန် အကန့်အသတ်များရှိသည်။

ပထဝီနိုင်ငံရေးအရရော နိုင်ငံရေးပထဝီအခြေအနေအရပါ ထူးခြားသည့်အခြေအနေများပိုင်ဆိုင်ထားသည့်မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံအတွက် ကောင်းကျိုးများအပြည့်အဝရရှိခံစား အသုံးချနိုင်ရန် လေကြောင်းစွမ်းအားသည် မရှိမဖြစ်လိုအပ်သည့်အတွက် လေကြောင်းအင်အားကောင်းမွန်စေရန်၊ ခေတ်မီအဆင့်မြင့်စေရန်မဖြစ်မနေကြိုးပမ်းတည်ဆောက်ရမည်ဖြစ်သည်။ တပ်မတော်(လေ)သည် မြန်မာနိုင်ငံ၏လေကြောင်းစွမ်းအားအရင်းအမြစ်များအနက် အဓိကကျသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထို့ကြောင့် တပ်မတော်(လေ)ကိုအင်အားတောင့်တင်းခိုင်မာစေရေးနှင့် ခေတ်မီစေရေးအတွက် ရေတိုရေရှည်ကိုမြော်တွေးတွက်ဆဆောင်ရွက်ပေးလျက်ရှိသည်။

လေကြောင်းစွမ်းအားအရင်းအမြစ်များသည် နည်းပညာတိုးတက်ပြောင်းလဲမှုအပေါ် အဓိကတည်မှီနေသည်မှာ အထင်အရှားပင်ဖြစ်သည်။ တပ်မတော်(လေ)အနေဖြင့် စွမ်းဆောင်ရည်အစဉ်ကောင်းမွန်နေရန်နည်းပညာတိုးတက်ပြောင်းလဲနေမှုကို မျက်ခြည်မပြတ်လေ့လာအကဲခတ်နေရမည်ဖြစ်သည်။ အရည်အသွေးမြင့်မားကောင်းမွန်သည့် လေယာဉ်/ ရဟတ်ယာဉ်များ ပိုင်ဆိုင်အသုံးပြုနိုင်ရေးဆောင်ရွက်ရာတွင် အသစ်ဝယ်ယူဖြည့်တင်းခြင်းသာမက လက်ရှိပိုင်ဆိုင်ထားသည့် လေယာဉ်/ရဟတ်ယာဉ်များကို စွမ်းရည်ပြည့်ပျံသန်းအသုံးချနိုင်ရန် စနစ်တကျထိန်းသိမ်းကိုင်တွယ်ပြင်ဆင်မွမ်းမံခြင်း၊ အခါအားလျော်စွာအဆင့်မြှင့်တင်မွမ်းမံခြင်းတို့ကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည်ဖြစ်သည်။

တပ်မတော်(လေ)ကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး လာမည့်ဒီဇင်ဘာလဆိုပါက သက်တမ်း ၇၈ နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။ အဆိုပါကာလအတွင်း၌ တပ်မတော်(လေ)သည်တပ်မတော်၏ အဓိကအစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပေးအပ်လာသည့် တာဝန်အမျိုးမျိုးကို အစွမ်းကုန်ကျေပွန်ပြီးမြောက်အောင် ကြိုးပမ်းထမ်းဆောင်ခဲ့သည်။ လက်ရှိတွင်လည်း တပ်မတော်(လေ)သည် မိမိတွင်ရရှိပိုင်ဆိုင်ထားသည့် လေကြောင်းစွမ်းအားအရင်းအမြစ်များကို အကျိုးအရှိဆုံးအသုံးချကာ ရည်မှန်းချက်တာဝန်များကို အောင်မြင်ထိရောက်စွာထမ်းဆောင်လျက်ရှိသည်။

ထိုသို့ထမ်းဆောင်နိုင်ခြင်းသည် တပ်မတော်(လေ)၏ အဓိကမဏ္ဍိုင်ကြီး (၃)ရပ်ဖြစ်သည့် ပျံသန်းရေးကဏ္ဍမှလေသူရဲနှင့်လေယာဉ်သားများ၊ စက်မှုလက်မှုကဏ္ဍမှ အင်ဂျင်နီယာနှင့်ကျွမ်းကျင်ပညာသည်များ၊ အုပ်ချုပ်ရေးကဏ္ဍမှ အုပ်ချုပ်ထောက်ပံ့မှုနှင့် ရုံးလုပ်ငန်းဆိုင်ရာပညာသည်များနှင့် စာရေးများ ဟန်ချက်ညီပူးပေါင်းလုပ်ဆောင်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။ အနာဂတ်တွင်လည်း ယခုတပ်တော်ဝင်ပေးသည့် လေယာဉ်/ရဟတ်ယာဉ်များကို စနစ်တကျကျွမ်းကျင်ပိုင်နိုင်စွာအသုံးချ၍ ဟန်ချက်ညီပူးပေါင်းကြိုးစားလုပ်ဆောင်ပြီးလုပ်ငန်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၇ ရက်ကကျင်းပသည့် လေယာဉ်/ရဟတ်ယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားတွင်အမှာစကားပြောကြားစဉ် **“ယနေ့တပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်/ရဟတ်ယာဉ်များကို မြတ်နိုးတန်ဖိုးထားပြီး ကျွမ်းကျွမ်းကျင်ကျင်ထိထိရောက်ရောက် ပျံသန်းကိုင်တွယ်အသုံးပြုထိန်းသိမ်းပြီး စွမ်းရည်အဆင့်အတန်းမြင့်မားသည့် လေတပ်မတော်တစ်ခုဖြစ်ကြောင်းသက်သေပြကြရန်၊ နိုင်ငံတကာဆက်ဆံရေး၊ ပထဝီနိုင်ငံရေးဆိုင်ရာဖြစ်ပေါ်ပြောင်းလဲလာမှုများနှင့် သိပ္ပံနှင့်နည်းပညာအဆင့်မြင့်တိုးတက်လာမှုအခြေအနေများကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်ဖော်ထုတ်ပြီး တပ်မတော်(လေ)၏တိုက်စွမ်းအားအစဉ်ထိရောက်မြင့်မားနေအောင် ကြိုးပမ်းတီထွင်လုပ်ဆောင်သွားကြရန်၊ ရရှိပိုင်ဆိုင်ထားပြီးဖြစ်သည့် လေကြောင်းစွမ်းအားအရင်းအမြစ်များကို အထိရောက်ဆုံးအသုံးချနိုင်စေရေး စဉ်ဆက်မပြတ်လေ့ကျင့်ခြင်း၊ သုတေသနပြုစမ်းသပ်တီထွင်ထုတ်လုပ်ခြင်း၊ အလဟဿဆုံးရှုံးပျက်စီးထိခိုက်မှုမရှိအောင် အလေးထားလုပ်ဆောင်ခြင်း စသည့်လုပ်ငန်းစဉ်များကို ပျံသန်းရေး၊ စက်မှုလက်မှုနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကြီး (၃ )ရပ် ပေါင်းစပ်ညှိနှိုင်းကာ တာဝန်ရှိသူအဆင့်ဆင့်က အလေးထားကြပ်မတ်စီမံလုပ်ဆောင်ကြရန်၊ တပ်မတော်၏ ကောင်းမြတ်သည့်အစဉ်အလာများကို အသက်နှင့်ထပ်တူထိန်းသိမ်းစောင့်ရှောက်ပြီး ကမ္ဘာတည်သရွေ့ မြန်မာတည်အောင် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်သွားကြရန်”** တိုက်တွန်းပြောကြားခဲ့သည်။

တပ်မတော်(လေ)သည်၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ၁၅ နှစ်တာကာလအတွင်း တပ်မတော်ပိုင်လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားများကို (၁၅) ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး လေယာဉ်/ရဟတ်ယာဉ်များ တပ်မတော်(လေ)သို့ အင်အားဖြည့်တင်းပေးနိုင်ခဲ့ခြင်းမှာ နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူများအတွက် ဂုဏ်ယူဖွယ်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**

**ရွေးကောက်ပွဲကျင်းပရန်**
**၄၈**
**ရက်**
**သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

# မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး စိစစ်ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၉

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်း မဲစာရင်းများ ဒုတိယအကြိမ်ကပ်ထားကြေညာခြင်းမပြုမီ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စိစစ်ဆောင်ရွက်နေမှုအား နိုဝင်ဘာလ ၈ ရက်က နေပြည်တော်ကောင်စီဝင် ဦးမင်းဦးနှင့်တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင်နေပြည်တော်ကောင်စီဝင် ဦးမင်းဦးက နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကိုယ်စားလှယ်များ၏တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမင်းဦးက မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက မဲစာရင်းများပြည့်စုံမှန်ကန်စေရေး စိစစ်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များထဲမှ တစ်ခုအပါအဝင်ဖြစ်သည့် မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်ရေးသည် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မဲစာရင်းတွင်ပါဝင်ခြင်း ရှိ၊ မရှိ ကြည့်ရှုစေရေး၊ ကြိုတင်မဲတောင်းဆိုနိုင်ရေး၊ မဲစာရင်းတွင် ပါဝင်နိုင်စေရေးနှင့် မြို့နယ်အတွင်း မဲစာရင်းမှန်ကန်ရေးအတွက် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း မှာကြားသည်။

ပုဗ္ဗသီရိမြို့နယ်အနေဖြင့် မဲရုံစုစုပေါင်း ၇၆ ရုံတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ရှစ်သောင်းကျော်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

(၄၁၃)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၀-၁၁-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကျန်စစ်မင်းအိမ်ရာအပိုင်း(၁)အပါအဝင် အိမ်ရာလေးခုရှိအခန်းများတွင် ယာယီနေထိုင်ခွင့်ထုတ်ပေးမည်



ရန်ကုန် နိုဝင်ဘာ ၉

ကျန်စစ်မင်းအိမ်ရာအပိုင်း(၁)၊ သီလဝါဥယျာဉ်အိမ်ရာ၊ ယုဇနအိမ်ရာအပိုင်း(၃)၊ ရိုးမရိပ်သာအိမ်ရာတို့တွင် အိမ်ရာချေးငွေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအစီအစဉ်ဖြင့် ပြီးခဲ့သည့် ဇွန်လ ၂၇ ရက်က ရောင်းချခဲ့သောအခန်းများနှင့်စပ်လျဉ်း၍ ချေးငွေနှင့်ပတ်သက်သောလုပ်ငန်းများကို CHID Bank မှ ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ချေးငွေဖြင့် ဝယ်ယူခွင့်ရရှိသူ ၂၁၈ ဦးကို ယာယီနေထိုင်ခွင့် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယာယီနေထိုင်ခွင့်အကြောင်းကြားစာထုတ်ယူမည့်သူများအနေဖြင့် ကိုယ်တိုင်ထုတ်ယူမည်ဆိုပါက နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့ဖြင့်လည်းကောင်း၊ ကိုယ်စားထုတ်ယူမည်ဆိုပါက ကိုယ်စားလှယ်လွှဲစာမူရင်း၊ ကာယကံရှင်နှင့်ကိုယ်စားလှယ်၏နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့ဖြင့်လည်းကောင်း တင်ပြ၍ထုတ်ယူရမည်ဖြစ်သည်။

အခန်းသော့ထုတ်ပေးခြင်းနှင့်အခန်းအပ်နှံခြင်းများကို အိမ်ရာအလိုက် သက်ဆိုင်ရာကော်မတီရုံးများတွင် ဌာနမှ တာဝန်ရှိသူများ၊ တည်ဆောက်သည့်ကန်ထရိုက်တာများက ကျန်စစ်မင်းအိမ်ရာအပိုင်း(၁)တွင် အခန်းအရေအတွက် ၅၀ ထုတ်ယူရမည့်ရက်မှာ နိုဝင်ဘာလ ၁၉ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်းလည်းကောင်း၊ သီလဝါဥယျာဉ်အိမ်ရာတွင် အခန်းအရေအတွက် ၅၆ ခန်း ထုတ်ယူရမည့်ရက်မှာ နိုဝင်ဘာလ ၁၇ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်းလည်းကောင်း၊ ယုဇနအိမ်ရာအပိုင်း(၃)တွင် အခန်းအရေအတွက် ၃၄ ခန်း ထုတ်ယူရမည့်ရက်မှာ နိုဝင်ဘာလ ၁၈ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်းလည်းကောင်း၊ ရိုးမရိပ်သာအိမ်ရာတွင် အခန်းအရေအတွက် ၇၈ ခန်း ထုတ်ယူရမည့်ရက်မှာ နိုဝင်ဘာလ ၂၀ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်းလည်းကောင်း ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာယီနေထိုင်ခွင့်အကြောင်းကြားစာမူရင်းနှင့်အတူ မပျက်မကွက်လာရောက် ဆောင်ရွက်ရမည်ဖြစ်သည်။

ယာယီနေထိုင်ခွင့်အကြောင်းကြားစာထုတ်ပေးခြင်းကို နိုဝင်ဘာလ ၁၃ ရက်အထိ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အမှတ် (၂၂၈/၂၃၄) ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗိုလ်တထောင်မြို့နယ်၌ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်တင်**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကြင်းပိသာအများအပြား တင်ပို့ရောင်းချနိုင်



ကျိုက်လတ် နိုဝင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကြင်းပိသာအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဌေး၏ပြောကြားချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးကြင်းပိသာ ၅၀၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ငါးကြင်းပိသာ ၇၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ငါးကြင်းများကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

''လက်ရှိ ငါးကြင်းဈေးကလည်း ကောင်းတယ်။ ဒီဘက်ပွဲရုံတွေကို ငါးကြင်းအဝင်နည်းနေတာနဲ့ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေဝယ်လိုအားကောင်းလာတာကြောင့် ငါးကြင်းတင်ပို့ရောင်းချအားကောင်းလာတာပါ။ ရန်ကုန်ဈေးကွက်ကို အောက်တိုဘာလပထမပတ်လောက်ကတည်းက ငါးကြင်းတွေပိုပြီးတင်ပို့ခဲ့ရတယ်။ တခြားငါးတွေလည်း ဝယ်လိုအားကောင်းလာပါတယ်။ ရန်ကုန်ဈေးကွက်က ငါးတွေဝယ်လိုအားကောင်းလာပေမယ့် ဈေးကမတက်ပါဘူး''ဟု ဒေါ်ဝင်းဌေးကပြောသည်။

ကျိုက်လတ်မြို့နယ်၌ ဒေသရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ရေထွက်ကုန်များကိုဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ကျုံပျော်ခရိုင်၌ ယခုဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းသစ်ခင်းခြင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ကတ္တရာလမ်း အနိမ့်အမြင့်ဖြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်မည်

ကျုံပျော် နိုဝင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်၌ ယခုဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းသစ်ခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ကတ္တရာလမ်းအနိမ့်အမြင့်ဖြေညှိခြင်း စသည့် လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်၌ ကျုံပျော်မြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့ပါဝင်ပြီး ကျုံပျော်ခရိုင် လမ်းဦးစီးဌာနအနေဖြင့် ပြည်ထောင်စုလမ်း တစ်လမ်း ၁၁ မိုင် ၅ ဖာလုံနှင့် တိုင်းဒေသကြီးလမ်း ၁၃ လမ်း ၁၃၉ မိုင် ၁ ဖာလုံ စုစုပေါင်းလမ်း ၁၄ လမ်း အရှည် ၁၅၀ မိုင် ၆ ဖာလုံကို တာဝန်ယူကာ ပြုပြင်ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်သည်။

"ဒီဘဏ္ဍာနှစ်မှာ ကျုံပျော်ခရိုင်အတွင်း ကတ္တရာလမ်းသစ်ခင်းခြင်း ၁ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၂ မိုင်၊ ကတ္တရာလမ်းအနိမ့်အမြင့်ဖြေညှိခြင်း ၆ မိုင် ၅ ဒသမ ၅ ဖာလုံစတဲ့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာပါ"ဟု ကျုံပျော်ခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်မွန်မြတ်အောင်ကပြောသည်။

ကျုံပျော်ခရိုင်သည် ဧရာဝတီတိုင်းဒေသကြီးအလယ်ပိုင်းတွင် တည်ရှိသော ခရိုင်ဖြစ်သည့်အတွက် မြန်အောင်ခရိုင်၊ ဟင်္သာတခရိုင်တို့နှင့်ဆက်သွယ်သော ကားလမ်းမကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးကိုဆက်သွယ်သော အဓိကလမ်းမကြီးများနှင့် ဧရာဝတီတိုင်းဒေသကြီးမြို့တော် ပုသိမ်မြို့ကိုဆက်သွယ်သော ကားလမ်းမကြီးများပါဝင်ပြီး ကျုံပျော်ခရိုင် လမ်းဦးစီးဌာနအနေဖြင့် ခရိုင်အတွင်းလမ်းများကောင်းမွန်ကာ ကုန်စည်စီးဆင်းမှုလွယ်ကူလျင်မြန်စေရန်နှင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရန် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ရှိသူတို့၏ဦးဆောင်မှုဖြင့် သက်ဆိုင်ရာအင်ဂျင်နီယာများက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်ကာလအတွင်းပြီးစီးစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ညီ။ "ဒီသုံးခုမှာ ဘယ်ဒင်းက အရေးကြီးသလဲ။ ဘယ်ဒင်းကလွယ်သလဲ ခင်ဗျာ"

နုပ်။ "တစ်ခုစီ စဉ်းစားကြစို့ဗျာ။ နျူကလီးယား လက်နက်တွေကို ဖျက်သိမ်းလိုက်ကြတယ်ဆိုပါတော့။ မာနနဲ့ အာဃာတစိတ်တွေက ခုအတိုင်းရှိနေကြမယ်ဆိုရင် ကမ္ဘာမပျက်ရုံသာရှိမယ်။ ပထမနဲ့ ဒုတိယကမ္ဘာစစ်ကြီးမျိုးတွေ ဖြစ်နိုင်သေးတာပဲဗျ။ ဒီလိုဆိုလည်း လူတွေဆင်းရဲကြဦးမှာပဲ။ တကယ်လို့ ဗုံး၊ အမြောက်၊ သေနတ် စတဲ့ လက်နက်တွေပါ ဖျက်သိမ်းလိုက်ကြစေဦးတော့။ မာနနဲ့အာဃာတကို မလျှော့ကြရင် ဓားတွေ၊ တုတ်တွေနဲ့ ရှေးတုန်းကလို ဗိုလ်လုဦးမှာပဲ။ မာနနဲ့အာဃာတကို မလျှော့ကြသမျှ ကာလပတ်လုံး တုတ်၊ ဓား မရှိရင် လက်သီးနဲ့ထိုးကြမယ်။ လက်မရှိရင် တိရစ္ဆာန်များလို သွားနဲ့ကိုက်ကြမယ်။ တစ်နည်းနည်းတော့ သတ်နေကြမယ့် လူတွေပဲဗျ။ ငြိမ်းချမ်းမှာတော့မဟုတ်ဘူး၊ လူမျိုး မပြုတ်ရုံသာရှိမှာပဲ"

ညီ။ "မာနလျှော့ရင်ကော ခင်ဗျာ"

နုပ်။ "မာနကိုလျှော့ဖို့က လက်နက်ကိုဖျက်သိမ်းဖို့ထက် ခဲယဉ်းလိမ့်မယ်ထင်တယ်။ ကျွန်တော်တို့ ဗုဒ္ဓတရားတော်အရ မာနကိုဖျောက်ဖို့က အခက်ဆုံးလို့ ဆိုထားတယ်။ ဖြစ်နိုင်ရင်တော့ ဟုတ်ပါရဲ့။ ခဲယဉ်းလွန်းတဲ့အတွက် ဒီလမ်းကို ချန်ထားလိုက်ကြစို့ဗျာ။ မဖြစ်နိုင်တာကို စဉ်းစားနေလို့ အပိုပဲဖြစ်နေလိမ့်မယ်"

ညီ။ "ဒါဖြင့် အာဃာတအကြောင်း ပြောပါတော့ ခင်ဗျာ"

နုပ်။ "အာဃာတ Hatred ဆိုတာ ဆန့်ကျင်ဘက်သဘောထားရှိခြင်း၊ မလိုမုန်းတီးခြင်း၊ ကိုယ့်ထက်သာသွားခြင်းကို မကြည့်နိုင်ခြင်း၊ မလိုလားခြင်း၊ သူ့အပေါ်မှာ "ဗိုလ်ကျ"လိုခြင်း၊ တစ်ဖက်သား ပျက်စီးခြင်းကိုသာ မြင်လိုကြားလိုခြင်း အစရှိတဲ့ သဘောထားတွေ အားလုံးပါဝင်တာပေါ့လေဗျာ"

ညီ။ "အိမ်နီးချင်းကို မိမိကိုယ်ကဲ့သို့ ချစ်ရမည်။ လက်ဝဲဘက်ပါးကိုရိုက်ရင် လက်ယာဘက်ပါးကို လှည့်ပေးရမယ်ဆိုတာမျိုးတွေကောပါသလား ခင်ဗျာ"

နုပ်။ "ဒါတွေ မပါပါဘူး။ ကျွန်တော့်နည်းက လူတွေ မကျင့်သုံးနိုင်တဲ့ဟာမျိုးတွေ မဟုတ်ပါဘူး။ အိမ်နီးချင်းကို ကိုယ့်ကိုယ်ကဲ့သို့ ချစ်တဲ့လူ ဘယ်မှာ ရှိသလဲဗျာ။ လက်ဝဲဘက်ပါးကိုရိုက်ရင် လက်ယာဘက်ပါးကိုလှည့်ပေးတဲ့လူ တွေ့ဖူးသလားဗျာ"

ညီ။ "ခုနက ပြောတဲ့ဟာတွေထဲမှာ ဘယ်ဒင်းကို အရင်ဆုံးလုပ်ထိုက်သလဲခင်ဗျာ"

နုပ်။ "စိတ်နဲ့ပတ်သက်လို့ ကျွန်တော်က လက်တွေ့စုံစမ်းလေ့လာထားတဲ့ လူတစ်ယောက်ဖြစ်ပါတယ်။ မုန်းတီးခြင်းဆိုတဲ့ အာဃာတစိတ်နဲ့ "ဗိုလ်လု"ချင်တဲ့ စိတ်ဆိုတာမှာ၊ ဗိုလ်လုချင်တဲ့စိတ်က အကြောင်းတရား၊ အာဃာတစိတ်က အကျိုးတရားဖြစ်ပါတယ်။ သို့သော် လောကလူသားများအနေနဲ့ကတော့ "ဗိုလ်လု"ချင်တဲ့စိတ်ကို မပယ်ဖျောက်နိုင်မီ အာဃာတ ထိအောင်မရောက်ဖို့၊ အာဃာတထားတိုင်း မလုပ်ဖို့၊ အာဃာတစိတ်ရှိခြင်းကိုထုတ်ဖော်ပြီး မပြဖို့ ဆင်ခြင်ကြပါမှ တဖြည်းဖြည်းငြိမ်းချမ်းရေးရနိုင်ဖို့ ရှိလိမ့်မယ်"

ညီ။ "ဘယ့်နှယ်လဲအစ်ကိုကြီး ဗိုလ်လုချင်တဲ့စိတ်က အကြောင်းတရား၊ မုန်းတီးခြင်း (အာဃာတ) သဘောက အကျိုးတရားလို့ဆိုရင် အကြောင်းဖြစ်တဲ့ "ဗိုလ်လု" ချင်တဲ့သဘောကို ရှေးဦးစွာ နှိပ်ကွပ်ရမယ် မဟုတ်ဘူးလားခင်ဗျာ"

နုပ်။ "ဒီကိစ္စနက်နဲတယ်ဗျ။ စဉ်းစားပြီးနားထောင်ပါ။ ကျွန်တော်ကြိုးစားပြီးရှင်းပြပါမယ်။ ခင်ဗျားတို့ ကွန်မြူနစ်ဝါဒမပေါ်မီ လွန်ခဲ့တဲ့ခေတ်တွေတုန်းကတော့ တစ်ပြည်နဲ့တစ်ပြည်က သူ့ထက်ငါ မြေကြီးလုကြတယ်၊ ပစ္စည်းလုကြတယ်။ နယ်မြေပေါတဲ့ ပြည်၊ ပစ္စည်းဥစ္စာပေါများတဲ့ပြည်က အင်ပါယာကြီးဆိုပြီး ဗိုလ်လုပ်ခဲ့ကြတယ်မဟုတ်ဘူးလား။ အော်တိုမန်အင်ပါယာ၊ ရိုမန်အင်ပါယာ၊ ဗြိတိသျှအင်ပါယာ ဘာတို့ ညာတို့ပေါ့လေဗျာ။ တစ်လှည့်စီ ဗိုလ်လုပ်ခဲ့ကြတယ်မဟုတ်လား။ ကွန်မြူနစ်ဝါဒပေါ်ပေါက်လာတဲ့ ဒီခေတ်ကျတော့ အင်ပါယာခေတ်မဟုတ်တော့ဘဲ ဥစ္စာပစ္စည်းနဲ့ ဗိုလ်ဖြစ်အောင်၊ စစ်တပ်နဲ့ဗိုလ်ဖြစ်အောင်၊ လက်နက်နဲ့ဗိုလ်ဖြစ်အောင်၊ ဂြိုဟ်တုနဲ့ဗိုလ်ဖြစ်အောင်၊ နောက်လိုက်နောက်ပါအရေအတွက်နဲ့ ဗိုလ်ဖြစ်အောင် ပြိုင်တူဖြစ်စေ၊ တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီး တစ်မျိုးဖြစ်စေ ယှဉ်ပြိုင်ကြိုးစားနေကြတယ်မဟုတ်ဘူးလား။ အခုတလောများမှာတော့ ရွှေငွေပစ္စည်းဥစ္စာနဲ့တောင် ဂုဏ်မယူကြတော့ဘူး။ ကိုယ့်မှာရှိတဲ့ ငွေကိုဖြန့်ဖြူးပြီး နောက်လိုက်စုဆောင်းကြတယ်။ ဂြိုလ်တုလုပ်ဖို့အတွက် အဆမတန်အကုန်ခံကြတယ်။ ဒါတွေက အားလုံးဘာလုပ်ဖို့လဲ။ သူ့ထက်ငါ ဗိုလ်လုပ်ဖို့အတွက် မဟုတ်လား။ အထူးသဖြင့် ခင်ဗျားတို့ ရုရှားနဲ့ အမေရိကန်နဲ့ ဗိုလ်လုနေကြတာပဲ မဟုတ်ဘူးလား"

ညီ။ "ဒါမှလည်း တိုးတက်တယ်မဟုတ်ဘူးလား ဘရားသား"

နုပ်။ "ဝတ္ထုပစ္စည်းဘက်က တိုးတက်တာကို ဝန်ခံပါတယ်။ သို့သော် တစ်ဖက်က မကောင်းတဲ့ စိတ်တွေ တိုးတက်လာတာကို ကာကွယ်တတ်ဖို့ ကျွန်တော်က သတိပေးချင်တယ်ဗျာ"

ညီ။ "ဘယ်လိုလဲ ခင်ဗျာ"

နုပ်။ "ကိုယ့်ပြည်ကိုတိုးတက်အောင် အပြိုင်အဆိုင် ကြိုးစားကြတာကတော့ ကိစ္စမရှိပါဘူး။ မကြိုးစားတဲ့ တိုင်းပြည်၊ မကြိုးစားတဲ့လူမျိုးကလည်း ညံ့တဲ့ တိုင်းပြည်၊ ညံ့တဲ့လူမျိုးဖြစ်သွားရမှာ အမှန်ပါပဲ။ သို့သော် ကိုယ့်ဘာသာကိုယ် ကြီးပွားတိုးတက်ရုံနဲ့ မပြီးဘဲ ဗိုလ်လုတဲ့စိတ်မျိုး၊ ဗိုလ်ကျချင်တဲ့သဘောထားမျိုးဝင်လာရင်တော့ မကောင်းဘူးဗျ။ ဗိုလ်လုချင်တဲ့စိတ်မျိုးဝင်လာပြီဆိုမှဖြင့် ကိုယ့်ဘာသာကိုယ် ကြီးပွားရုံနဲ့ မကျေနပ်ချင်ဘဲ ကိုယ်နဲ့အတူတူတိုင်းပြည်ချင်းက ကိုယ့်ထက်သာသွားတာကို မကြည့်ချင်ဘူး။ ကိုယ့်အောက်ကတိုင်းပြည်က ကိုယ့်မီလာတာကိုလည်း မကြည့်ချင်ဘူး။ တစ်ဖက်တိုင်းပြည် ပျက်စီးသွားတာကို မြင်ချင်တယ်။ တတ်နိုင်ရင် ပျက်စီးအောင်လုပ်ချင်တယ်။ ဒီစိတ်မျိုးတွေက ကောင်းသလား၊ မကောင်းဘူးလားခင်ဗျာ"

ညီ။ "မကောင်းဘူးလို့ ဆိုရမှာပေါ့ခင်ဗျာ"

နုပ်။ "မကောင်းဘူးဆိုတာ ဟိုအထက်ကောင်းကင်အာကာသထဲမှာ သူ့ဘာသာသူ မကောင်းတဲ့အခြင်းအရာတွေဖြစ်နေတာမျိုး မဟုတ်ဘူးဗျ။ တစ်ပြည်နဲ့တစ်ပြည်၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ပဲ့တင်ဟပ်ပြီး အားလုံးကုန် မကောင်းတဲ့သဘောတရားတွေ ပျံ့နှံ့ကုန်တာဗျ"

ညီ။ "ဘယ်လိုခင်ဗျ"

နုပ်။ "ဒီခေတ်မှာ အမေရိကန်နဲ့ ခင်ဗျားတို့ဟာ ကမ္ဘာမှာ ဗိုလ်လုနေကြတယ်ဆိုတာကို ငြင်းနိုင်သလား"

ညီ။ "ထားပါတော့ ဘရားသား"

နုပ်။ "ဝန်ခံလိုက်ပါဗျာ။ သူ့ထက်ငါသာအောင် ကြိုးစားနေကြတယ် မဟုတ်ဘူးလား"

ညီ။ "ကြိုးစားတာတော့ ဟုတ်ပါတယ်"

နုပ်။ "တစ်ပြည်က တစ်ပြည်ထက်သာအောင် ကြိုးစားရင်း သူတို့ဘက်က ခင်ဗျားတို့ထက် တစ်ခုခု သာသွားရင် ခင်ဗျားတို့စိတ်ထဲ ဘယ်လိုရှိသလဲဗျ"

ညီ။ "မီအောင်လိုက်ဖို့ ကြိုးစားမှာပေါ့ ခင်ဗျာ"

နုပ်။ "ကောင်းပြီ ဒါကိုထားတော့။ အနောက်အုပ်စု၊ အရှေ့အုပ်စုရှိကြတယ်ဟုတ်လား။ ဘယ်ဘက်ကိုမှ မပါဘဲ ကြားနေတိုင်းပြည်တစ်ပြည်က အနောက်အုပ်စုထဲကိုပါသွားရင် ခင်ဗျားတို့ဘယ့်နှယ်ရှိသလဲ၊ ပျော်ကြသလား"

ညီ ။ "ဘယ်ပျော်မှာလဲ ဘရားသား"

နုပ်။ "ငွေနဲ့လုပ်ရမလား၊ ဘယ်လိုချော့ရမလဲ။ သူ့ကြိုက်လုံးကို ဘယ်လိုရှာရမလဲ။ ဘာလဲညာလဲနဲ့ စဉ်းစားကြမယ် မဟုတ်ဘူးလား"

ညီ။ "ဒါတော့ ဟုတ်ပါတယ်"

နုပ်။ "ဟုတ်ပါတယ်ဗျ။ ဒီခေတ်က တပည့်နောက်လိုက်ရအောင်စုပြီး တပည့်များတဲ့လူက ရင်ကော့လက်မထောင်ပြီး ဗိုလ်လုပ်တဲ့ခေတ်ကြီးပါ။ တပည့်လုရတာက ပစ္စည်းလုရခြင်း၊ နယ်မြေလုရခြင်းထက်တောင် ရန်များသေးတယ်ဗျ"

**ဆက်လက်ဖော်ပြပါမည်။**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်း




ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ် (၇)ရပ်ကွက် မြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲကို နိုဝင်ဘာလ ၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူးက သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အရန်မီးသတ်တူညီဝတ်စုံများပေးအပ်သည်။

သင်တန်းဆင်းပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ်လျှပ်စစ်မန်နေဂျာ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရန်နိုင်ဖြိုးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သင်တန်းသားများတက်ရောက်ကြကြောင်း သိရသည်။

**ခင်ဝင်းမူ(ပြန်/ဆက်)**

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ကြံခင်း နိုဝင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ချင်းမြောင်)၌ နိုဝင်ဘာလ ၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်စကားဝိုင်း ကျင်းပသည်။

ရှေးဦးစွာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ချင်းမြောင်) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က လူတော်လူကောင်းများပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး စက်မှု(တတိယနှစ်)ကျောင်းသား မောင်ကောင်းခိုင်ခန့်က လူငယ်နှင့်စည်းကမ်းဥပဒေ၊ မွေးမြူရေး(ဒုတိယနှစ်)ကျောင်းသူ မဟာန်ဆုယဉ်က လူငယ်နှင့်မွေးမြူရေး၊ Grade-6 မှ မောင်ထွဋ်ခေါင်က လူငယ်နှင့်လူကြီးမိဘဆက်ဆံရေး၊ မအိမ့်မြတ်မှူးထက်က လူငယ်နှင့်မြန်မာအမျိုးသမီးဂုဏ်ရည် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြောင်း သိရသည်။

**ချမ်းမြေ့**








မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်းတစ်လျှောက်ရှိ တရားမဝင် အဆောက်အအုံများအား ဖျက်ဆီးရှင်းလင်းနေမှုကိုတွေ့ရစဉ်။

❒ ရှေ့ဖုံးမှအဆက်

"မြဝတီမြို့ သောင်ရင်းမြစ်ကမ်းတစ်လျှောက်မှာရှိတဲ့ တရားမဝင်ဖွင့်လှစ်ပြီးကုန်သွယ်နေတဲ့ နယ်စပ်ဂိတ် ၃၀ မှာရှိတဲ့ ကုန်ပစ္စည်းသိုလှောင်တဲ့ ဂိုဒေါင်တွေ၊ လှေဆိပ်ကင်းတဲနဲ့ လှေဆိပ်အစောင့်တဲတွေ၊ လှေဆိပ်အဆင်း အုတ်လှေကားတွေ၊ ကုန်တင်ကုန်ချလျှောလမ်းတွေကို အောက်တိုဘာလ ၃၁ရက်က စပြီးတော့ စစ်ဆေးဖျက်ဆီးရှင်းလင်းတာတွေ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ရှင်းလင်းပြီးစီးမှုအနေနဲ့ကတော့ ၁၉ ဂိတ်၊ ကျောက်ဖျာဂိတ်၊ ကပေါ်ထူးဂိတ်၊ ၁၄ ဂိတ်၊ ၈ ဂိတ်/ ၈ ဂိတ်ခွဲ၊ ၉ ဂိတ်ဒေသအခေါ် အောင်ပါဝါဂိတ်၊ ၁၈ ဂိတ် ဒေသအခေါ် နေစိုးမြဂိတ်၊ ၁၃ ဂိတ်၊ သုညဂိတ်နဲ့ ၁၀ ခွဲဂိတ် ဒေသအခေါ် ၉၉၉ ဂိတ် တို့ဖြစ်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ထို့ပြင် ဖယ်ရှားရှင်းလင်းရေးအဖွဲ့ဝင်များက ထပ်မံ၍ ကင်းစခန်း(၂)၊ (၁၂)ဂိတ်ကင်းစခန်း(၃)၊ (၁၄)ဂိတ်ကင်းစခန်း (၁) နှင့် Grand Myawaddy ဂိတ် ကင်းစခန်း(၅) တို့ကို သွားရောက်စစ်ဆေးရှင်းလင်းခဲ့ကြသည့်အပြင် ဂိတ်စခန်းအဖြစ်မှ ဖျက်သိမ်းထားသည့် သဖန်းပင်ဂိတ်၊ သဲပုံဂိတ်၊ ကျောက်တန်းဂိတ်နှင့် မာမီဂိတ်တို့ကိုလည်း စစ်ဆေးရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"နိုင်ငံတော်က သတ်မှတ်ထားတဲ့ တရားဝင်ကုန်သွယ်ရေးဇုန်တွေကနေ ကုန်ပစ္စည်းတွေကို မတင်သွင်းဘဲ တရားမဝင်ဂိတ်တွေကနေ ငွေကြေးရယူပြီး မြန်မာနိုင်ငံထဲကို ကုန်ပစ္စည်းတွေကို တင်သွင်းတာမျိုးရှိပါတယ်။ ဒီတော့ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့အခွန်ဘဏ္ဍာငွေတွေ အများကြီးနစ်နာဆုံးရှုံးပါတယ်။ တစ်ဖက်နိုင်ငံအနေနဲ့ တရားမဝင် တင်သွင်းတဲ့လမ်းကြောင်းတွေ အနီးမှာ တရားဝင်ဂိတ်တွေ ဖွင့်လှစ်ထားရှိပြီး ကောက်ခံတဲ့အတွက် အခွန်အခတွေ မဆုံးရှုံးဘူး။ ဒီလိုမျိုးဆောင်ရွက်နေတာက သူတို့အနေနဲ့ တရားမဝင် ကုန်သွယ်မှုကို အားပေးရာရောက်နေတဲ့အတွက် သတ်မှတ်ထားတဲ့ တရားဝင်ကုန်သွယ်ရေးလမ်းကြောင်းတွေကနေပဲ ကုန်ပစ္စည်းတွေကိုတင်သွင်းသင့်ပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**အောင်ဂျိုင်း၊ ဓာတ်ပုံ-မင်းမင်း**

# ပုဇွန်တောင်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပေါ်စေရေး ပြည်သူများလိုက်နာရမည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိဟိုတယ်၊ တည်းခိုခန်းနှင့်အင်းများသို့သွားရောက်၍ မီးဘေးလုံခြုံရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်သန်းဌေး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းဖွင့်လှစ်ထားသော ဟိုတယ်ရှစ်လုံး၊ တည်းခိုခန်းတစ်ခုနှင့် အင်းနှစ်ခုသို့သွားရောက်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများ၊ မီးသတ်ဆေးဘူး၊ မီးသတ်စက်နှင့်အရေးပေါ်မီးငြှိမ်းသတ်ရေးပစ္စည်းများ အသင့်အသုံးပြုနိုင်ခြင်း ရှိ/မရှိ၊ ဆီသိုလှောင်ကန်များ မီးဘေးလုံခြုံစိတ်ချရမှု ရှိ / မရှိ၊ မီးလောင်လွယ်သောလောင်စာများ မရှိစေရေးနှင့်သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား မီးဘေးလုံခြုံရေးအတွက် မီးငြှိမ်းသတ်ရေးပစ္စည်းများဖြင့် လက်တွေ့မီးငြှိမ်းသတ်နည်းများကို လေ့ကျင့်သရုပ်ပြသည်။

ထို့ပြင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပေါ်စေရေး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေပုဒ်မ ၁၆(က)အရ မြို့နယ်မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်သော မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်းနေထိုင်သူများလိုက်နာရမည့် မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များ၊ မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာများကို အသိပေးနှိုးဆော်ခြင်းများဆောင်ရွက်ခြင်း၊ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုခြင်း၊ အရေးပေါ်မီးငြှိမ်းသတ်ရေးလုပ်ငန်းများတွင် ရေရရှိရေးအတွက် မြို့ပေါ်ရှိ မီးသတ်ရေကန်များအား ရေဖြည့်တင်းခြင်း စသည့်မီးသတ်တပ်ဖွဲ့လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဟန်စုယဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက်ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပူတာအိုမြို့၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အဘိုးအဘွားများအား အာဟာရဖြည့် အစားအစာများ ပေးအပ်လှူဒါန်း

ပူတာအို နိုဝင်ဘာ ၉

ကချင်ပြည်နယ် ပူတာအိုမြို့၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အဘိုး၊ အဘွားများအား အာဟာရဖြည့်အစားအစာများ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့က ပြုလုပ်သည်။

ရှေးဦးစွာ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့်အဖွဲ့သည် ပူတာအိုမြို့ ဒုတ္ထန်ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်များနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန္တာဝင်းက ကိုယ်ဝန်ဆောင်ကာလအတွင်း ဆောင်ရန်၊ ရှောင်ရန် အချက်များကို အသိပညာပေးပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင် ၁၇ ဦးအား အာဟာရဖြည့်အစားအစာများပေးအပ်ပြီးနောက် ဒုတ္ထန်ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်မှုအသင်း သားဖွားခန်းနှင့်ဝန်ထမ်းအိမ်ရာအသစ်ဆောက်လုပ်နိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးကြရာ ခရိုင်ဆေးရုံအုပ် ဒေါက်တာသန့်ဇင်ထွန်းက သားဖွားခန်းတည်ဆောက်ရေးနှင့်ပတ်သက်၍ လိုအပ်ချက်များတင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကသည် ပူတာအိုမြို့ ဒုတ္ထန်ရပ်ကွက်ရှိ ခါကာဘိုဘိုးဘွားရိပ်သာ၌ အဘိုး၊ အဘွားများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး ကချင်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များက ခါကာဘိုဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွား ၁၇ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ကွေကာနှင့် ပေါင်မုန့်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေးအမြန်လမ်း( မန္တလေး-နေပြည်တော်အပိုင်း )ရှိ လမ်းတံတားပြုပြင်နေမှုနှင့် ဒုဋ္ဌဝတီတံတားအသစ်ပြန်လည်တည်ဆောက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၉

အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်-မန္တလေးအမြန်လမ်း(မန္တလေး-နေပြည်တော်အပိုင်း) မိုင်တိုင် (၃၅၈/၁) တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဒုဋ္ဌဝတီတံတား အသစ်ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တံတားတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာက မန္တလေးငလျင်ကြီးကြောင့် မူလဒုဋ္ဌဝတီတံတား ပျက်စီးမှု၊ တံတားသစ်တည်ဆောက်ရန် မြေနေရာရွေးချယ်မှု၊ အသစ်တည်ဆောက်မည့် တံတားဆိုင်ရာအချက်အလက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး၊ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ရန်ကုန်-မန္တလေးအမြန်လမ်း(မန္တလေး-နေပြည်တော်အပိုင်း)တွင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော လမ်းအပိုင်းများပြန်လည်ပြုပြင်နေမှု ဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော လမ်း၊ တံတားများ အပိုင်းလိုက်ပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန်၊ အသစ်ပြန်လည်တည်ဆောက်ရာတွင် ငလျင်ဒဏ်ခံနိုင်သော ဒီဇိုင်းဖြင့် စနစ်တကျတွက်ချက်ဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်ဝစွာဆောင်ရွက်ရန် မှာကြားပြီး တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ဘိုးပိုင်တူးခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။




ယင်းနောက် မိုင်တိုင်(၃၆၀/၀)ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော မြစ်ဆွတ်ချောင်းတံတားပြုပြင်နေသည့် လုပ်ငန်းခွင်၌ ပင်မတံတားနှင့် ချဉ်းကပ်လမ်းများပြုပြင်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေးအမြန်လမ်း(မန္တလေး-နေပြည်တော်အပိုင်း) မိုင်တိုင်(၃၆၆/၃ မှ ၃၆၁/၃ အထိ) ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပြီးစီးနေမှု၊ မိုင်တိုင်(၃၆၁/၄)တွင် ကတ္တရာကွန်ကရစ်ခင်းခြင်းဆောင်ရွက်နေမှု၊ လမ်းမြေသားအမာခံရရှိရေး စက်ယန္တရားများဖြင့် ခင်းကြိတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီရေး၊ လမ်းမြေသားအမာခံရရှိရေး စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက်ရန်ကုန်-မန္တလေး(လမ်းဟောင်း) (နေပြည်တော်-မန္တလေးလမ်းပိုင်း) မိုင်တိုင် (၃၅၅/၀)ရှိ ယုဇနတံတားသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ရန်ကုန်မှ မန္တလေးသို့ သွားသည့် အသွားလမ်းဘက်ခြမ်းရှိ တံတားတိုင်များ ပြိုကျပျက်စီး၍ ကြမ်းခင်းနှင့် ရက်မများနိမ့်ကျပျက်စီးမှုအား ပြန်လည်တည်ဆောက်နေသည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားကြောင်းသိရသည်။

**မြဝတီ**

# ဘားအံမြို့နယ် မိုက်အောင်ကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



ဘားအံ နိုဝင်ဘာ ၉

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန်ရည်ရွယ်၍ မိုက်အောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)ဒေါ်ခင်ဇာဝင့်နှင့် ခရိုင်/မြို့နယ်တာဝန်ရှိသူများက မိုက်အောင်ကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစင်တည်ဆောက်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှယခုဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုငွေကျပ် ၅၄ ဒသမ ၂၅ သန်းဖြင့် မိုက်အောင်ကျေးရွာ၌ အကျယ် ၄ လက်မခွဲ၊ အနက် ပေ ၂၀၀ စက်ရေတွင်းတစ်တွင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံအောက်ခန်းဖွဲ့ခြင်း၊ ၅၅၀ ဝပ်ဆိုလာ ၁၀ ချပ်တပ်ဆင်ခြင်းလုပ်ငန်းများကို ယခုနှစ်မေလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၈၃ အိမ်မှ လူဦးရေ ၁၃၀၅ ဦးအတွက် သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိပြီဖြစ်ကြောင်းသိရသည်။

**ဘိုဘို**

# ကျောက်ဆည်မူလတန်းကြိုကျောင်း၌ ရင်သွေးငယ်များ ဉာဏစွမ်းရည်ပြိုင်ပွဲများကျင်းပ


ကျောက်ဆည် နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ကျောက်ဆည်မူလတန်းကြိုကျောင်း၌ ယမန်နေ့က ဉာဏစွမ်းရည်ပြိုင်ပွဲများကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုးက ကျောက်ဆည်မူလတန်းကြိုကျောင်းရှိ အသက်သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများရှိစေရန် ECCD နည်းလမ်းများဖြစ်သည့် ကစားနည်းဖြင့် သင်ကြားခြင်း၊ တေးဂီတဖြင့်သင်ကြားခြင်း၊ အခြေခံပန်းချီဖြင့် သင်ကြားခြင်း၊ လက်မှုအနုပညာဖြင့် သင်ကြားခြင်း စသည်တို့ကို သင်ကြားပေးလျက်ရှိကြောင်း၊ ရင်သွေးငယ်များ၏ အဓိကအခွင့်အရေး လေးရပ်ဖြစ်သည့် အသက်ရှင်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့်ပါဝင်ဆောင်ရွက်ခွင့်များအပြည့်အဝခံစားနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲ(အငယ်အဆင့်)၊ စုပေါင်းသီချင်းဆိုပြိုင်ပွဲ(အငယ်အဆင့်)၊ ကဗျာရွတ်ဆိုပြိုင်ပွဲ(အကြီးအဆင့်)၊ စုပေါင်းသီချင်းဆိုပြိုင်ပွဲ(အကြီးအဆင့်)၊ ပုံပြောပြိုင်ပွဲ(အကြီးအဆင့်)များတွင် ထူးချွန်ခဲ့ကြသည့် ရင်သွေးငယ်များအား ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထက်ထက်မာနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**သက်မောင်(ကျောက်ဆည်)**




## အင်အားအသင့်အတင့်ရှိသောမြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၉

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၉ ရက် မြန်မာစံတော်ချိန် ၁၃ နာရီ ၀၈ မိနစ် ၂၉ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၃၄၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Andaman Islands, India Region)၊ မြောက်လတ္တီတွဒ် ၁၂ ဒသမ ၄၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၈၀ ဒီဂရီ၊ အနက် ၁၁၃ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။ **(မိုး/ဇလ)**

# နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကိုအားပေးစို့

ညွှန့်ဝင်း(နတ်တလင်း)

**“ကမ္ဘာ့နိုင်ငံအသီးသီး၏ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍအရည်အသွေးမြင့်မားလာရန်မှာ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုကဏ္ဍသည်အရေးကြီးသည်။ ယနေ့ခေတ်လူငယ်မောင်မယ်များသည် အလွန်ကံကောင်းပေသည်။ နိုင်ငံတော်အစိုးရက ပညာရေးကိုအားပေးမြှင့်တင်ပေးနေသကဲ့သို့ အခွင့်အလမ်းကောင်းများကိုလည်းဖန်တီးပေး၏။ အခွင့်အရေးများလည်းရရှိနေသည်ကိုတွေ့ရသည်။ နိုင်ငံတော်အစိုးရက နိုင်ငံတော်တွင် ကြုံတွေ့နေရသည့်အခက်အခဲများနှင့် စိန်ခေါ်မှုများကြားမှ ပညာရေးကို မဖြစ်မနေအားပေးနေသည်။”**

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်ကို ကျွန်ုပ်တို့လက်ခံထားပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နေရာတကာတွင် ပညာကလွှမ်းမိုးနေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ပညာကို ကောင်းစွာအသုံးချနိုင်သော လူသားရင်းမြစ်ထွန်းကားလာသောနိုင်ငံသည် တိုးတက်မှုမြန်ဆန်သည်။ ပညာကို အသုံးချနိုင်လျှင် အသုံးချနိုင်သလောက် ဖွံ့ဖြိုးတိုးတက်မှုများရရှိခံစားရသည်။ ပညာရေးသည် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့်စီမံခန့်ခွဲအုပ်ချုပ်နိုင်မှု စသည်တို့အပေါ်တိုက်ရိုက်သက်ရောက်မှုရှိသည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသည် ပညာရေးကိုကောင်းမွန်အောင် တည်ဆောက်ခဲ့ကြကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် နိုင်ငံအသီးသီးရှိ တာဝန်ရှိခေါင်းဆောင်များသည် မိမိတို့နိုင်ငံ၏ပညာရေးကိုမြှင့်တင်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်လျက်ရှိကြသည်။

သမိုင်းဦးဘုံမြေခေတ်တွင် လူသည် တိရစ္ဆာန်တို့ထက်ပင်အင်အားနည်းခဲ့သည်။ သို့ရာတွင် လူတို့၏ စူးစမ်းစိတ်၊ စဉ်းစားဆင်ခြင်နိုင်စိတ်တို့က ပညာကိုမွေးဖွားလိုက်သောအခါတွင် လူသည် တစ်လောကလုံးကိုအုပ်စိုးနိုင်သူဖြစ်လာသည်။ ပညာသည် တစ်ခေတ်ပြီးတစ်ခေတ် ဖြတ်သန်းလာခဲ့သည်။ လူသားအချင်းချင်း လက်ဆင့်ကမ်းသယ်သွားခြင်းဖြင့် ပညာသည် တိုးတက်ပြန့်ပွားလာခဲ့သည်။ ပညာကြောင့်ပင်လျှင် စဉ်းစားတွေးခေါ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှုတို့ တိုးတက်လာပြီး လူသားတို့ဘဝဖွံ့ဖြိုးတိုးတက်လာစေခဲ့သည်။ ထို့ကြောင့် ပညာရေးကို ဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်လျှင် နိုင်ငံပါဖွံ့ဖြိုးတိုးတက်နိုင်ကြောင်း လေ့လာသုံးသပ်အဖြေထုတ်နိုင်ခဲ့သည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ပညာရေးကိုမြှင့်တင်ဆောင်ရွက်ရန် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၃)ရပ်တွင် **“နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး”**ဟူသော ဦးတည်ချက်ကိုချမှတ်၍ ပညာရေးဝန်ကြီးဌာနနှင့်ဆက်စပ်ဝန်ကြီးဌာနများက ဘက်စုံပညာရေးကဏ္ဍကို ဦးစားပေးတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသားတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသောဗလငါးတန်ဖွံ့ဖြိုးရေးအတွက်လည်း လမ်းညွှန်ချက်များပေးကာ အားပေးမြှင့်တင်လျက်ရှိသည်။ ပညာရပ်များအားနည်းချက်များကိုသုံးသပ်၍ အမျိုးသားပညာရေးစနစ်သစ်၏ အစီအစဉ်အရ စနစ်သစ်သင်ရိုးညွှန်းတမ်းများဖြင့် ကျောင်းများတွင် လက်တွေ့သင်ကြားစေ၍ တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ သက်မွေးပညာရပ်များဖြစ်သော စက်မှုနည်းပညာ၊ စိုက်ပျိုးရေးနည်းပညာ၊ မွေးမြူရေးနည်းပညာများ သင်ကြားပေးနိုင်သည့်သက်မွေးပညာအထက်တန်းကျောင်းများကိုဖွင့်လှစ်နိုင်ခဲ့ပြီး သက်မွေးပညာရပ်များကို ကောင်းစွာသင်ယူနိုင်ကြပြီး အလုပ်အကိုင်အခွင့်အလမ်းများအတွက် အထောက်အပံ့ကောင်းများရရှိအောင် ဆောင်ရွက်နိုင်ခြင်းတို့ ကြိုးပမ်းနိုင်ခဲ့သည်။ ဤကဲ့သို့ စနစ်သစ်ပညာရေးကိုအားပေးခြင်းဖြင့် ဘက်စုံပညာရေးကဏ္ဍဖွံ့ဖြိုးလာပြီး နိုင်ငံတော်အတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်းများ လမ်းဖွင့်မြှင့်တင်ဆောင်ရွက်နေသည်။ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်းများမဆုံးရှုံးစေရန် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေခွင့်ရရှိရေး၊ အခြေခံပညာကို အခမဲ့သင်ယူခွင့်ရရှိရေး၊ အခြေခံပညာမူလတန်း၊ အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်မှုများနည်းပါးစေရေးအတွက် နိုင်ငံတော်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ အသက်မွေးဝမ်းကျောင်းသင် အထက်တန်းကျောင်းများဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် အခြေခံအသက်မွေးဝမ်းကျောင်းပညာကိုရရှိကာ မိမိတို့၏အရည်အချင်း၊ ဝါသနာနှင့်ကိုက်ညီသော အသက်မွေးလုပ်ငန်းများကို ကောင်းမွန်စွာလုပ်ကိုင်နိုင်ခြင်းဖြင့် ဘဝတိုးတက်မှုရရှိအောင် ရပ်တည်ကြိုးစားနိုင်ကြမည်သာမက အဆင့်မြင့်ပညာကို ဆက်လက်သင်ယူလိုသူများသည်လည်း မိမိတို့၏အရည်အချင်းနှင့်ဝါသနာအလျောက် တက္ကသိုလ်ပညာများကို ဆက်လက်ဆည်းပူးနိုင်ကြပြီဖြစ်သည်။

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (အထူးစီမံကိန်း)များရေးဆွဲကာ အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိရာ ယင်းအစီအစဉ်သည် မြန်မာနိုင်ငံ၏မျက်မှောက်ကာလပညာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲက **“ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံပေးခြင်းသည် အနာဂတ်နိုင်ငံတော်အတွက် အခိုင်အမာဖြစ်စေလိမ့်မည်”**ဟု လမ်းညွှန်ချက်ပေးခဲ့သဖြင့် ယခုအခါ ပညာရေးအတွက် ရင်းနှီးမှုကို တိုးချဲ့စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်ရာ မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍမြှင့်တင်မှုအတွက် အောင်မြင်မှုများဆီသို့ ဦးတည်နေပြီဖြစ်သည်။ ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း မြန်မာနိုင်ငံ၏ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍကို နိုင်ငံတော်အစိုးရ၏ဦးဆောင်မှု၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတွင် အတူပူးပေါင်းပါဝင်လျက် အမျိုးသားရေးလုပ်ရှားမှုအသွင်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ရမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီး၏ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍအရည်အသွေးမြင့်မားလာရန်မှာ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုကဏ္ဍသည်အရေးကြီးသည်။ ယနေ့ခေတ်လူငယ်မောင်မယ်များသည် အလွန်ကံကောင်းပေသည်။ နိုင်ငံတော်အစိုးရက ပညာရေးကိုအားပေးမြှင့်တင်ပေးနေသကဲ့သို့ အခွင့်အလမ်းကောင်းများကိုလည်းဖန်တီးပေး၏။ အခွင့်အရေးများလည်းရရှိနေသည်ကိုတွေ့ရသည်။ နိုင်ငံတော်အစိုးရက နိုင်ငံတော်တွင် ကြုံတွေ့နေရသည့်အခက်အခဲများနှင့် စိန်ခေါ်မှုများကြားမှ ပညာရေးကို မဖြစ်မနေအားပေးနေသည်။ ပညာတတ်များပေါ်များလာရေးအတွက် မသင်မနေရ ပညာရေး၊ အခမဲ့ပညာရေး၊ စဉ်ဆက်မပြတ်ပညာရေး စီမံချက်များဖြင့် အားပေးမြှင့်တင်လျက်ရှိသည်။ နိုင်ငံတော်တွင် အသိပညာရှင်၊ အတတ်ပညာရှင်များတိုးတက်ပေါ်ထွန်းလာစေရန် နိုင်ငံတော်၏ အားပေးကူညီဆောင်ရွက်ပေးမှုသည် မဖြစ်မနေလိုအပ်သည်။ အစိုးရက အားပေးကူညီဆောင်ရွက်ပေးခြင်းမရှိလျှင် အောင်မြင်စွာအကောင်အထည်ပေါ်ရန်ခဲယဉ်းသည်။ ယနေ့နိုင်ငံတော်တွင် အသိပညာ၊ အတတ်ပညာမြင့်မားရေး၊ အားကစားကဏ္ဍမြှင့်တင်ရေး၊ လူငယ်နှင့်ပညာရေးကဏ္ဍမြင့်မားရေး၊ ကုန်ထုတ်စွမ်းအားအဆင့်မြှင့်တင်ရေးတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေသည်။ ဘက်စုံကဏ္ဍစုံ၌ ထူးချွန်ထက်မြက်သော လူငယ်မောင်မယ်များအနေဖြင့် ပြည်တွင်းနှင့်ပြည်ပနေရာများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိအောင်လမ်းဖွင့်ဆောင်ရွက်နေသည်။ ထူးချွန်သောလူငယ်မောင်မယ်များကိုလည်း ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ပေးသည်။ မကြာသေးမီက ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း “ ROSATOM ”မှ ဖိတ်ခေါ်သည့် "Icebreaker of Knowledge" Project တွင် အသက် ၁၄ နှစ်မှ ၁၆ နှစ်ရှိ ကျောင်းသား၊ ကျောင်းသူများဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာကျောင်းသူတစ်ဦးဖြစ်သည့် မအိမ့်သူသူခင်က တစ်ဦးတည်းသော Winner အဖြစ်အောင်မြင်မှုရခဲ့သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အဏုမြူစွမ်းအင်သုံးရေခဲခွဲသင်္ဘောကြီးပေါ်၌ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ သွားရောက်လေ့လာခွင့်ကိုရရှိခဲ့သည်။

ဤသို့ ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ မြန်မာနိုင်ငံတွင် များစွာရှိသည်။ ထိုလူငယ်များ၏ပညာအခွင့်အလမ်းများကို မိဘအုပ်ထိန်းသူများနှင့် ပတ်ဝန်းကျင်ကတည့်မတ်ပေးပြီး နိုင်ငံတော်အစိုးရကမြှင့်တင်ပေးခြင်းဖြင့် အနာဂတ်အတွက်အားထားရမည့် အရင်းအမြစ်ကောင်းများရရှိလာမည်ဖြစ်သည်။

ထို့ကြောင့် မျိုးဆက်သစ်လူငယ်မောင်မယ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်ရမည့်သူများဖြစ်ရာ ၎င်းတို့၏ အသိပညာ၊ အတတ်ပညာတိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်မြှင့်တင်ပေးနေသကဲ့သို့ နိုင်ငံသူနိုင်ငံသားတိုင်းကလည်း အဘက်ဘက်မှ ပူးပေါင်းပါဝင်အားပေးကူညီမြှင့်တင်ပေးကြရန်လိုအပ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

## မြို့နယ်အဆင့် အခြေခံပညာအထက်တန်းအဆင့် ဆရာ ဆရာမများ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

ရပ်စောက် နိုဝင်ဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ရပ်စောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောက်စိမ်းခန်းမ၌ မြို့နယ်အဆင့် အခြေခံပညာအထက်တန်းဆင့် ဆရာ၊ ဆရာမများ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းကို နိုဝင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံသဘောတရားများကို နားလည်စေရန်နှင့် အပြည်ပြည်ဆိုင်ရာတွင် လက်တွေ့ကျင့်သုံးပုံများကို သိရှိနားလည်စေရန်၊ လူမှုရေးကိစ္စများတွင် တရားမျှတစွာ စဉ်းစားဆုံးဖြတ်တတ်စေရန်၊ ပြစ်မှုဆိုင်ရာဥပဒေဗဟုသုတများကို သိရှိနားလည်ပြီး ဥပဒေပါပြဋ္ဌာန်းချက်များကိုလိုက်နာကျင့်သုံးနိုင်စေရန်ရည်ရွယ်၍ သင်တန်းနည်းပြများက ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲတွင် သင်တန်းနည်းပြများက ဖွဲ့စည်းပုံအခြေခံဥပဒေပါအကြောင်းအရာများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေများကို ရပ်စောက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမ ၄၉ ဦးနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမခြောက်ဦးတို့နှင့်ဆွေးနွေးကြပြီး သင်တန်းအား နိုဝင်ဘာလ ၈ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၅)

# သွေးတိုးရောဂါရှိသူများ ဆောင်းရာသီတွင် သတိထားနေထိုင်သင့်

**"ဆောင်းရာသီ၌ ခန္ဓာကိုယ်တွင် အပူငုပ်သော၊ ချွေးမထွက်သောရာသီဖြစ်သဖြင့် ဝမ်းတွင်းပူပြီး ဆာလောင်တတ်သည်။ အစားစားပါများလျှင် အစာမကြေဖြစ်တတ်သည်။ နည်းနည်းနှင့် အကြိမ်များများစားရမည်ဖြစ်သည်။ နှစ်နာရီ၊ သုံးနာရီ တစ်ကြိမ်ခန့် စားပေးလျှင် သင့်လျော်သည်။ ကောက်ညှင်းပေါင်း၊ ကောက်ညှင်းထုပ်၊ ဆန်စေး၊ ရှမ်းဆန်များကို သင့်ရုံသာစားသင့်သည် . . ."**

သွေးတိုးရောဂါသည် ပူလွန်းသောရာသီနှင့်လည်းမသင့်၊ အေးလွန်းသောရာသီနှင့်လည်းမသင့်သော ရောဂါမျိုးဖြစ်သည်။ ပူလွန်းလျှင် အပူဒဏ်ကြောင့် သွေးကြောများ ကျယ်ပြန့်ကာ သွေးလုံးပွလာပြီး ဦးနှောက်သို့ သွေးဆောင့်၍တိုးကာ မူးလဲတတ်သည်။ အေးလွန်းလျှင်လည်း သွေးကြောများကျုံ့ပြီး မာကျစ်ကာ သွေးဖိအားတက်လာသည်။ သွေးမရောက်သော အစွန်အဖျားနေရာများသို့ သွေးရောက်စေရန် နှလုံးမှ ပို၍ညှစ်ရာမှ သွေးဖိအားတက်လာခြင်းဖြစ်သည်။ ထို့ကြောင့် လူကြီးများ ဆောင်းရာသီတွင် သွေးပေါင်ချိန် အနည်းငယ်ပိုတက်လေ့ရှိသည်မှာ ရောဂါမဟုတ်ပေ။

ဆောင်းတွင်းနံနက်စောစောတွင် လမ်းလျှောက်နေကျ လူကြီးတစ်ဦးသည် ခေါင်းမူးလာသဖြင့် အိမ်ပြန်လာပြီးနောက် သမီးဖြစ်သူဆရာဝန်က သွေးပေါင်ချိန်ကြည့်သောအခါ သွေးပေါင်ချိန်တက်နေကြောင်းတွေ့ရသည်။

အအေးပတ်ပြီး သွေးတိုးလာခြင်းဖြစ်သည်။ ထိုသူသည် အင်္ကျီလက်ရှည်ဝတ်ထားပြီး အပေါ်မှ ကုတ်အင်္ကျီ ထပ်ဝတ်ထားသေးသည်။ သူ၏ အဓိကချို့ယွင်းချက်မှာ အင်္ကျီလည်ပင်းကြယ်သီးဖွင့်ထားခြင်းကြောင့်ဖြစ်သည်။ သတိမမူဂူမမြင်ဆိုသောစကားအတိုင်း အနွေးထည်ဝတ်ထားသဖြင့် လုံခြုံပြီဟုထင်ကြသော်လည်း လည်ပင်းဖွင့်ထားသောအခါ လည်ပင်းဘေးနှစ်ဖက်ရှိ ဦးနှောက်အထိ သွေးပို့သော သွေးကြောကြီးနှစ်ချောင်းမှာ အအေးပတ်ပြီးကျုံ့လိုက်သည်။ ထိုအခါ ဦးနှောက်သို့ သွေးအရောက်နည်းသွားသည်။ နှလုံးက သွေးပိုရောက်စေရန် ပို၍ညှစ်ပေးသည်။ ထို့ကြောင့် သွေးပေါင် (ခေါ်) သွေးဖိအားတက်လာရခြင်းဖြစ်သည်။

ရှေးလူကြီးများ လမ်းလျှောက်ထွက်ကြသောအခါ ကုတ်အင်္ကျီ၊ ပုဆိုး၊ ရှူးဖိနပ်နှင့် လက်တွင် တုတ်ကောက်ကိုင်ထားသည်။ ထူးခြားချက်မှာ လည်ပင်းတွင် မာဖလာပတ်ထားကြသည်။ ဦးခေါင်းတွင် နှင်းမကျစေရန် ဦးထုပ်တစ်လုံးကိုဆောင်းထားသည်။ ဤဝတ်စားဆင်ယင်မှုမှာ ကျန်းမာရေးရှုထောင့်ကကြည့်လျှင် အမှန်ကန်ဆုံးဖြစ်သည်။ တုတ်ကောက်ပါသဖြင့် ရုတ်တရက်လဲကျမှာလည်းမပူရ၊ လည်ပင်းတွင် မာဖလာပတ်ထားသဖြင့် လည်ပင်းသွေးကြောများ အအေးပတ်ပြီး သွေးတိုးမှာလည်းမပူရပေ။

ဆောင်းရာသီ၌ ခန္ဓာကိုယ်တွင် အပူငုပ်သော၊ ချွေးမထွက်သောရာသီဖြစ်သဖြင့် ဝမ်းတွင်းပူပြီး ဆာလောင်တတ်သည်။ အစားစားပါများလျှင် အစာမကြေဖြစ်တတ်သည်။ နည်းနည်းနှင့် အကြိမ်များများစားရမည်ဖြစ်သည်။ နှစ်နာရီ၊ သုံးနာရီတစ်ကြိမ်ခန့် စားပေးလျှင် သင့်လျော်သည်။ ကောက်ညှင်းပေါင်း၊ ကောက်ညှင်းထုပ်၊ ဆန်စေး၊ ရှမ်းဆန်များကို သင့်ရုံသာစားသင့်သည်။ အစားများသွားသည်ဟုထင်လျှင် ရေနွေးကြမ်းတွင် ဆားလှော်အနည်းငယ်မျှထည့်၍ သောက်ပါက အစာကြေပြီး လေလည်း ကြေစေနိုင်သည်။ နေ့လယ်စာစားပြီးလျှင် ထန်းလျက်စားခြင်းဖြင့်လည်း အစာကြေစေနိုင်သည်။

ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းတစ်လုံးမခဲဟူသော စကားသည် အလွန်မှန်ကန်သောစကားဖြစ်သည်။ ဆောင်းရာသီတွင် ဝမ်းချုပ်လျှင် အပူအထက်ပြန်ပြီး နူတ်ခမ်းကွဲ၊ အာခေါင်ခြောက်ပြီး သွားနာ၊ သွားဖုံးနာ၊ အာသီးရောင်ရောဂါများဖြစ်တတ်သည်။ ဝမ်းမချုပ်စေရန် သုံးရက်လျှင် တစ်ကြိမ်ခန့် မန်ကျည်းမှည့်နှင့်ဆားခါးကို တေဆေးပြုလုပ်၍စားခြင်း သို့မဟုတ် မန်ကျည်းမှည့်အနှစ်ကို ထန်းလျက်နှင့် ဆားအနည်းငယ်ထည့်စိမ်ပြီး ညအိပ်ရာဝင်ခါနီးအချိန်တွင် သောက်ပေးခြင်းတို့သည် ဝမ်းမှန်ကာ ကျန်းမာစေနိုင်ကြောင်း တင်ပြလိုက်ရပေသည်။

# ချွဲသလိပ်ပျော်စေသော ဆေးနည်းများ

**"ကလေးများတွင် အဆုတ်အားကောင်းသဖြင့် ချောင်းဆိုးရောဂါသည် ရက်တိုတိုနှင့်ပျောက်နိုင်သော်လည်း သက်ကြီးရွယ်အိုများမှာ တော်တော်နှင့် မပျောက်ဘဲ နှစ်လ၊ သုံးလကြာသည်အထိ ဖြစ်နေတတ်သည်။ တချို့လူကြီးများသည် ချောင်းဆိုးပြီး သလိပ်ကပ်နေလျှင်၊ သလိပ်မထွက်လျှင် တစ်ညလုံး မအိပ်ရတော့ပေ။ ချွဲသလိပ်ပျော်စေသော ရင်လူးဆေး၊ လျက်ဆားတို့မှာ ရှေးမြန်မာလူမျိုးများ၏ အိမ်သုံးသက်စောင့်ဆေးများဖြစ်လာသည် . . ."**

ဆောင်းရာသီတွင် ချောင်းဆိုးရင်ကျပ်ရောဂါသည် အဖြစ်အများဆုံးဖြစ်သည်။ ချောင်းဆိုးရင်ကျပ်ရောဂါသည် သလိပ်ရလျှင် သက်သာ၍ သလိပ်မရလျှင် အမောဖောက်ပြီး အသက်ရှူမရဖြစ်ကာ အသက်အန္တရာယ်အထိ ဒုက္ခပေးတတ်လေသည်။

ကလေးများတွင် အဆုတ်အားကောင်းသဖြင့် ချောင်းဆိုးရောဂါသည် ရက်တိုတိုနှင့်ပျောက်နိုင်သော်လည်း သက်ကြီးရွယ်အိုများမှာ တော်တော်နှင့်မပျောက်ဘဲ နှစ်လ၊ သုံးလကြာသည်အထိ ဖြစ်နေတတ်သည်။ တချို့လူကြီးများသည် ချောင်းဆိုးပြီး သလိပ်ကပ်နေလျှင်၊ သလိပ်မထွက်လျှင် တစ်ညလုံးမအိပ်ရတော့ပေ။ ချွဲသလိပ်ပျော်စေသော ရင်လူးဆေး၊ လျက်ဆားတို့မှာ ရှေးမြန်မာလူမျိုးများ၏ အိမ်သုံးသက်စောင့်ဆေးများဖြစ်လာသည်။ ယခုအချိန်ထိလည်း ကျေးလက်တောရွာများတွင် အနောက်တိုင်းဆေးမသုံးစွဲဘဲ တိုင်းရင်းဆေး၊ ရိုးရာဆေးများကို သုံးစွဲနေကြဆဲဖြစ်သည်။

**ဆေးပရုတ်ဆီချက်လုပ်နည်းတွင်**

ပျားဖယောင်း ၈ ကျပ်သား၊ ထင်းရှူးဆီ ၅ ကျပ်သား၊ မုန်ညင်းဆီ ၂၀ ကျပ်သား၊ ပရုတ် ၁၂ ကျပ်သား၊ မင်သော် ၂ ကျပ်သား၊ ငရုတ်ကောင်းဆီ ၂ ကျပ်သား၊ မီသိုင်း ၂ ကျပ်သားတို့လိုအပ်သည်။

ဆေးချက်နည်းမှာ မီးဖိုပြီး ဒန်အိုးတွင် မုန်ညင်းဆီထည့်၍ အပူပေးပါ။ ဆူပွက်လာသောအခါ ပျားဖယောင်းကိုထည့်ပါ။ ပျော်ဝင်သွားသောအခါ ထင်းရှူးဆီကိုထည့်မွှေပါ။ အားလုံး ပျော်ဝင်သွားပြီးသောအခါ ဒန်အိုးကို မီးဖိုပေါ်မှချပါ။

ပရုတ်၊ မင်သော် စသောကျန်ဆေးအမယ်များကိုထည့်ပြီး အငွေ့လုံအောင်ဖုံးထားပါ။ ၁၅ မိနစ်ခန့်ကြာသောအခါ ပရုတ်ဆီထည့်ရန် သင့်သော ဖန်ပုလင်းအဝကျယ်လေးများတွင်လိုက်ပြီး တစ်ပုလင်းစီလောင်းထည့်ပါ။ တစ်နာရီခန့်ကြာသောအခါ ဆေးခဲသွားပြီး ပရုတ်ဆီ၊ ရင်လူးဆေးအဖြစ် သုံးစွဲနိုင်ပြီဖြစ်သည်။

**သလိပ်ရလျက်ဆားဆေးနည်းတွင်**

စမုန်မျိုးငါးပါး (၄ ပဲစီ) ၁ ကျပ်သား ၈ ပဲ၊ ကပ်မျိုးငါးပါး (၄ ပဲစီ) ၁ ကျပ်သား ၈ ပဲ၊ လေးညှင်းပွင့် ၈ ပဲ၊ ကျောက်ချဉ် ၈ ပဲ၊ နွယ်ချို ၁ ကျပ်သား ၈ ပဲ၊ ဇဝက်သာ ၂ ကျပ်သား၊ ပရုတ် ၂ ကျပ်သား ၈ ပဲ၊ ဖုံးမသိန် ၃ ကျပ်သား၊ သိန္ဓော ၁၃ ကျပ်သားတို့လိုအပ်သည်။

ဆေးအမယ်အားလုံးစုပြီး ၎င်းတို့ကို အမှုန့်ပြုလုပ်ပါ။ လေလုံစွာထားပြီး မကြာခဏလျက်ပေးခြင်းဖြင့် လည်ချောင်းထဲမှ ချွဲသလိပ်များ ထွက်ကျလာစေသည်။ မိသားစုရှိ ကလေးရော လူကြီးပါ အသုံးပြုနိုင်သော ဆေးနည်းကောင်းဖြစ်သည်။

ချောင်းဆိုးရောဂါ၊ ရင်ကျပ်ရောဂါများသည် သလိပ်ရစေသော အထက်ပါဆေးနည်းနှစ်မျိုးဖြင့် သက်သာစေနိုင်ကြောင်း တင်ပြလိုက်ရပေသည်။

ကြည်လွင်မြင့်(မုဒြာ)

# သန်လျင်မြို့နယ် ဘော့သပြေကန်ကျေးရွာ၌ RBF စီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘော့သပြေကန်ကျေးရွာရှိ မွေးမြူထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ဖြင့် မိသားစုဝင်ငွေတိုး နို့စားနွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာလ ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာဝန်ရှိသူများသည် ဘော့သပြေကန်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေ ငွေကျပ်သိန်း ၃၀၀၊ အသင်းဝင်များ၏ မတည်ငွေ ငွေကျပ်သိန်း ၁၂၀၀ ဖြင့် အစုအဖွဲ့လေးဖွဲ့မှ နို့စားနွားမွေးမြူထားရှိမှုနှင့် နွားစာများသိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ RBF စီမံကိန်းအသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းအောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် မိမိတို့ မွေးမြူထားသည့် နို့စားနွားများတွင် ဖြစ်ပွားတတ်သည့်ရောဂါနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလေ့လာ၍ စနစ်တကျမွေးမြူကြရန်၊ နေဗီယာမြက်ပိုမိုစိုက်ပျိုးရေး၊ နွားစာအတွက် ကောက်ရိုးချဉ်ဖတ်စမ်းသပ်ထုတ်လုပ်ရေးနှင့် နည်းပညာအကူအညီပေးရေးတို့ကို ပူးပေါင်းဆောင်ရွက်ရန်မှာကြားပြီ ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**



## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## (၇၅)နှစ်ပြည့် စိန်ရတုသဘင်အထိမ်းအမှတ် ပထမအကြိမ် ဟိန္ဒူမိသားစုများ စုပေါင်းသွေးလှူဒါန်း



ပဲခူး နိုဝင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ နိုဝင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် (၇၅)နှစ်ပြည့် စိန်ရတုသဘင်အထိမ်းအမှတ် ပထမအကြိမ် ဟိန္ဒူမိသားစုများ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် မိသားစုများက သွေးပုလင်း ၄၃ ပုလင်းလှူဒါန်းပြီး သွေးလှူဒါန်းသည့်သွေးအလှူရှင်များအား ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်၊ ဒုတိယဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ အချိုရည်ဘူးများ၊ အာဟာရဖြည့်စွက်စာများနှင့် ဆေးဝါးများ ပေးအပ်ကြောင်း သိရသည်။

(၄၀၁)

## မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းအခမ်းအနား ကျင်းပ

ကသာ နိုဝင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ် (၅) ရပ်ကွက် မြို့တော်ခန်းမ၌ နိုဝင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာအသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးအောင်မင်းဦးက MEVMမဲပေးစက်ဖြင့် မဲပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဒေါ်တင်နီလာမြင့်က မဲပေးစက်ကိုင်တွယ်အသုံးပြုပုံနည်းလမ်းများနှင့် မဲပေးရာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားတက်ရောက်လာသူများ၏ သိရှိလိုသည့်မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကာ လက်တွေ့စမ်းသပ်မဲပေးခြင်းများဆောင်ရွက်ကြောင်း သိရသည်။

(၄၀၉)

## အမျိုးသားအောင်ပွဲနေ့အကြိုဟောပြောပွဲနှင့် စာဖတ်ရှိန် မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲကျင်းပ

ပဲခူး နိုဝင်ဘာ ၉

ပဲခူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အမျိုးသားအောင်ပွဲနေ့အကြိုဟောပြောပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲကို ပဲခူးမြို့ရှိ ဗဟို(မူလတန်းလွန်)ကျောင်း၌ နိုဝင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဗဟို(မူလတန်းလွန်) ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်ဇင်အေးက ဟောပြောပွဲများကျင်းပခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းက အနာဂတ်အတွက် စာဖတ်စေချင်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမဒေါ်နွယ်နီဝင်း(မေတ္တာမိုးနှင်း-ပဲခူး)က "လူငယ်နှင့်မျိုးချစ်စိတ်ဓာတ်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ယင်းနောက် ပဲခူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ချစ်ချစ်သန်းက စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာ ဗဟိုမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်ဇင်အေးက လက်ခံရယူပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်စာပေများ၊ နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**အောင်ဖြူလင်း(၄၁၀)**




## နိုင်ငံ့အကျိုး ရှက်သယ်ပိုး

❖ ပြည်ဖျက်ရန် ကင်းစင်ပဖို့
ညီညွတ်ကြ တို့တစ်တွေ။
သွေးချင်းညီ စည်းလုံးရေး
ရှုတွေးစို့လေ။
သတင်းစကား အမှားယောင်တွေ
နားမယောင်စေ သတိထား။
အမိမြေ ထည်ဝါဖြိုးဖို့
သယ်ပိုးစို့လား။

❖ တိုင်းရင်းဆွေ ညီနောင်များ
ရည်ဆောင်သွား တို့ပြည်ထောင်။
အမျိုးဂုဏ် မကွယ်ပျောက်
စောင့်ရှောက်ညီနောင်။
ဘာသာလူမျိုး သာသနာရောင်
ထွန်းလင်းပြောင် တည်စေရေး။
နိုင်ငံတော် ဦးတည်ချက်ဖြင့်
ရှေ့ဆက်စို့လေး။

❖ မေတ္တာကို ရင်ဝယ်ထွေး
အစဉ်ကွယ်အေး ထာဝစဉ်။
မြတ်ဘာသာ ယဉ်ကျေးမှု
ရေးရှုကာပင်။
ဉာဏ်အသိဖြင့် ဆင်ခြင်
အမြော်မြင် ရွှေရောင်သန်း။
နိုင်ရာဝန် ကိုယ်စီလက်ဖြင့်
ဆောင်ရွက်ကြိုးပမ်း။ ။

**ချာန်လေး(ပညာရေး)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၁၁-၂၀၂၅(တနင်္လာနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၁၆ မေတ္တာပို့
၃။ ၁၀:၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
၄။ ၁၁:၀၀ ကမ္ဘာ့ရေးရာမှတ်သားစရာ
၅။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၆။ ၁၃:၀၀ လူတိုင်းကျန်းမာသိမှတ်စရာ
၇။ ၁၈:၃၀ CGTN Nature အပိုင်း(၁၉)
၈။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**
၉။ **ည ၈ နာရီ သတင်းအပြီး** နိုင်ငံတကာသတင်း
၁၀။ မိုးလေဝသသတင်း
၁၁။ သစ်တောသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
၁၂။ မျှဝေဆွေးနွေးအနာဂတ်အရေး
၁၃။ မှတ်တမ်း

# “အသိဉာဏ်ပညာကို လက်တွေ့အသုံးချပြီး မိမိဘဝမှာ ကျန်းမာအောင်မြင် ပျော်ရွှင်အောင် ကြိုးစားကြပါလို့ အကြံပြုချင်ပါတယ်”

**ဒေါက်တာတင်ထွန်းဦး (မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ)**

**စာပေသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု အသည်းနှလုံးဖြစ်ပြီး လူသားတို့၏ဘဝမြှင့်တင်မှုကို တွန်းအားပေးရာလည်းဖြစ်သည်။ သုတစာပေသည် အတွေးအခေါ်ကိုရှင်သန်စေပြီး ရသစာပေသည် နှလုံးသားကိုနူးညံ့စေကာ အမှားအမှန်ကိုဝေဖန်နိုင်စွမ်းရှိသည်။ သုတရသပေါင်းစည်းမှုသည် ဖွံ့ဖြိုးတိုးတက်လိုသောစိတ်ဆန္ဒ၊ နိုင်ငံချစ်စိတ်နှင့်မျိုးချစ်စိတ်တို့ကို ရှင်သန်စေသည်။ စာပေဖတ်ရှုလေ့လာမှုမှ တီထွင်ကြံဆလိုမှုနှင့် မှန်ကန်သောအတွေးအခေါ်တို့ကို ပေးစွမ်းလျက်ရှိသည်။**

**ထို့ကြောင့် နိုင်ငံတော်က စာပေကိုမြတ်နိုးတန်ဖိုးထား၍ စာပေပညာရှင်တို့၏စာပေဂုဏ်ကို အသိအမှတ်ပြုတန်ဖိုးထားသောအားဖြင့် အမျိုးသားစာပေဆုများကို နှစ်စဉ်ချီးမြှင့်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ၂၀၂၄ ခုနှစ်၏ အမျိုးသားစာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်များကို ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါအမျိုးသားစာပေဆုရရှိကြသူများထဲမှ စာပေပညာရှင်နှစ်ဦး၏စကားသံတို့ကို စာပေချစ်သူတို့ထံ ဝေမျှလိုက်ရပါသည်-**

**ဦးကျော်ကျော်စိုး(မောင်ရိုး-ငဖဲ)(ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး)**

ကျွန်တော့်စာပေကလောင်အမည်က မောင်ရိုး-ငဖဲပါ။ အမျိုးသားစာပေဆုရရှိတဲ့ စာအုပ်က “လွမ်းရ တမ်းတပ့ါ ငဖဲမြေ” ကျွန်တော်တို့ရွာ ကျွန်တော်တို့ဓလေ့ -၂ စာအုပ်ဖြစ်ပါတယ်။ စာအုပ်ရေးဖြစ်တာက “ဓလေ့”နဲ့“အရွေ့”ကို အခြေခံတာပါ။ မြန်မာနိုင်ငံက တိုင်းရင်းသားတွေအားလုံးမှာ ရိုးရာဓလေ့တွေရှိကြတာကြောင့် “ဓလေ့” ဆိုတာဖော်ပြပြီး ယနေ့တိုးတက်ပြောင်းလဲနေတဲ့ ကမ္ဘာကြီးမှာ ခေတ်ကာလအရွေ့နဲ့ အတူနေထိုင်လာမှုအပေါ်မူတည်ပြီး “အရွေ့” ကို ဖော်ညွှန်းထားပါတယ်။

“ဓလေ့”ဆိုတာ ကျွန်တော်တို့ မြန်မာ့လူမှုအသိုက်အဝန်းမှာ မေတ္တာတရားကို အခြေခံပြီး ချစ်ခင်ဖွယ်၊ နှစ်သက်ဖွယ်၊ အပြန်အလှန်လေးစားမှု၊ စည်းလုံးမှု၊ သွေးစည်းမှု၊ ရိုင်းပင်းကူညီမှုစတဲ့ ချစ်စရာရိုးရာဓလေ့တွေဟာ မြန်မာ့နိုင်ငံရဲ့ လူ့ဘောင်အသီးသီးမှာ မူလကတည်းက စီးမျောတည်ရှိနေခဲ့တာပါ။

“အရွေ့”မှာလည်း သိပ္ပံနဲ့နည်းပညာဖြစ်စေ၊ ဆက်သွယ်ရေးကဏ္ဍဖြစ်စေ၊ အနုပညာယဉ်ကျေးမှုဖြစ်စေ နည်းပညာအခြေခံတဲ့အရွေ့ကို လက်ခံရမှာပါ။ ရိုးရာယဉ်ကျေးမှုဓလေ့ကို လက်ခံရမယ့်နည်းတူ ခေတ်ကာလအရွေ့ကိုလည်း လိုက်ပါရှင်သန်နိုင်ရမှာဖြစ်ပါတယ်။ ရိုးရာဓလေ့နဲ့ ယနေ့ကမ္ဘာကြီးရဲ့အရွေ့ကြားမှာဘယ်လိုရပ်တည်ကြမလဲ။ တစ်နည်းအားဖြင့် အခွင့်အလမ်းနဲ့



ဦးကျော်ကျော်စိုး(မောင်ရိုး-ငဖဲ)(ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး)

စိန်ခေါ်မှုတွေ ရောထွေးနေတဲ့ကမ္ဘာကြီးမှာ ရွေးချယ်မှုမှန်ကန်ဖို့လိုပါတယ်။ ဒါကြောင့် ဓလေ့နဲ့အရွေ့မှာ ဘယ်အရာတွေကိုလက်ခံပြီး ဘယ်အရာတွေကို ငြင်းပယ်ရမယ်ဆိုတဲ့ ရွေးချယ်မှုမှန်ကန်ဖို့ စာအုပ်ကိုရေးဖြစ်တာဖြစ်ပါတယ်။

မြန်မာ့ဓလေ့စရိုက်ရဲ့ ချစ်စရာအငွေ့အသက်တွေကို ခံစားနားလည်ပြီး တိုးတက်ဖွံ့ဖြိုးတဲ့အရွေ့ကိုလည်း စီးမျောလိုက်ပါမှုနဲ့အတူ ဓလေ့နဲ့အရွေ့ကြား လူမှုအသိုက်အဝန်းရဲ့ တိုးတက်ရာတိုးတက်ကြောင်းကို စာဖတ်ပရိသတ်များသိရှိအောင် မျှဝေပေးခဲ့တာဖြစ်ပါတယ်။

စာရေးသူတစ်ယောက်အနေနဲ့ ပြောလို၊ သိစေလိုတဲ့ ရင်ထဲကစကားတွေကို စာဖတ်ပရိသတ်ထံ လက်ဆင့်ကမ်းနိုင်တဲ့အပြင် နိုင်ငံတော်က အသိအမှတ်ပြုတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ စာပေသမားတစ်ဦးဟာ စာပေနဲ့ပတ်သက်ရင်



ဒေါက်တာတင်ထွန်းဦး (မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ)

လက်ဖြစ်စေ၊ နှုတ်ဖြစ်စေ လှုပ်နိုင်တဲ့အထိ ဆက်လက်လျှောက်လှမ်းသွားရမှာပါ။ နိုင်ငံတော်တည်ဆောက်ရေး၊ လူမှုအသိုက်အဝန်းတိုးတက်မြင့်မားရေးကဏ္ဍတွေမှာလည်း အုတ်တစ်ချပ်သဲတစ်ပွင့်နိုင်သမျှ ဆက်လက်ပြီး ထမ်းဆောင်သွားဖို့ ပြင်ဆင်ထားပါတယ်။

**ဒေါက်တာတင်ထွန်းဦး (မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ)**

ကျွန်တော့်အနေနဲ့ စာဖတ်သူတွေရဲ့ အားပေးမှုကို အထူးရရှိခဲ့တဲ့ ဒီစာအုပ်ကို အခုလို နိုင်ငံတော်ရဲ့အသိအမှတ်ပြုခြင်းခံရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဖတ်ရှုအားပေးခဲ့ကြတဲ့ စာဖတ်ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ အခုရရှိတဲ့ အမျိုးသားစာပေဆုဟာ လေးကြိမ်မြောက်ဖြစ်ပါတယ်။ ၁၉၉၁ နဲ့ ၁၉၉၄ ခုနှစ်မှာ နှစ်ကြိမ်ရရှိခဲ့ပြီး နှစ်ပေါင်း ၃၀ နီးပါးလောက်ကြာမှ ၂၀၂၃ ခုနှစ်အတွက် မနှစ်ကရခဲ့ပါတယ်။ အခု ၂၀၂၄ ခုနှစ်အတွက်ထပ်မံရရှိတာကြောင့်လေးကြိမ်မြောက်လည်းဖြစ်ပါတယ်။ အရင်သုံးကြိမ်ရရှိခဲ့စဉ်က သုတပဒေသာဘာသာရပ်ရဲ့ အသုံးချသိပ္ပံနဲ့ ရိုးရိုးသိပ္ပံဆိုတဲ့ ဘာသာရပ်တွေမှာ ရရှိခဲ့ခြင်းဖြစ်ပါတယ်။ အခုဆုရတဲ့ စာအုပ်ကသုတပဒေသာ(ဝိဇ္ဇာ)ဘာသာရပ်နဲ့ ရရှိတာဖြစ်တဲ့အတွက်မတူညီတဲ့ဘာသာရပ်နဲ့ ဒီနှစ်မှာ ဆုရရှိတာကြောင့် ပိုပြီးကျေနပ်အားရမိပါတယ်။

ပြည်သူလူထုအနေနဲ့ ဘဝမှာချမ်းမြေ့ပျော်ရွှင်စွာနေချင်ရင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး အသက်ရှည်ချင်ရင် ဖိစီးမှုရှင်းပြီး သောကကင်းဖို့လိုပါတယ်။ ဒီစာအုပ်နာမည်က ဖတ်ရလွယ်အောင် “ဖိစီးမှုရှင်း သောကကင်း”ဆိုပေမယ့်တကယ်တမ်းပိုပြီးဆီလျော်တဲ့အမည်ကတော့ “ဖိစီးမှုများကိုကျော်လွှား၊ သောကကိုဖယ်ရှား” ဖြစ်ပါတယ်။ လူတိုင်းရင်ဆိုင်ကြုံတွေ့နေကြရတဲ့ Stress လို့ခေါ်တဲ့ ဖိစီးမှုတွေကို ဖယ်ရှားပစ်ဖို့ခက်လှပါတယ်။ အထူးသဖြင့် စိတ်ဖိစီးမှုတွေကို စနစ်တကျရင်ဆိုင်ဖြေရှင်းကျော်လွှားပြီး ရှင်းသွားစေနိုင်ပါတယ်။ အဲဒီလိုပဲ Anxiety လို့ခေါ်တဲ့ သောကကိုတော့ ဖယ်ရှားပစ်လို့လည်းရပါတယ်။ မဖယ်ရှားနိုင်တဲ့ သောကတွေကို မှန်မှန်ကန်ကန်ရင်ဆိုင်နိုင်ရင် သောကတွေကင်းသွားမှာဖြစ်ပါတယ်။

ဖိစီးမှုရှင်းပြီး သောကကင်းစေဖို့ သိပ္ပံနည်းကျ နည်းလမ်းကောင်းတွေကို စနစ်တကျပြုစုပြီး ကျွန်တော့်ရဲ့အတွေ့အကြုံ၊ ခံယူချက်နဲ့ လက်တွေ့ကျင့်သုံးနေထိုင်မှုနည်းလမ်းတွေကိုပါ ထည့်သွင်းပြီး ပြည့်ပြည့်စုံစုံ ရိုးရိုးရှင်းရှင်း ဖော်ပြထားတဲ့စာအုပ်လည်းဖြစ်ပါတယ်။

စာပေနဲ့ပတ်သက်ပြီး ပြောချင်တာကတော့ Accept, Analyze နဲ့ Apply ဆိုတဲ့ "A"သုံးလုံးဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ မိမိဘဝအတွက်အကျိုးပြုနိုင်မယ့်စာကောင်းပေမွန်တွေကို တတ်နိုင်သမျှ ကြိုးစားပြီး ဖတ်ပါ၊ မှတ်ပါ။ ရနိုင်သမျှ လက်ခံစုဆောင်းပါ။ Accept လုပ်ပါ။ အဲဒီကရတဲ့အချက်အလက်(Information)နဲ့ ဗဟုသုတ(Knowledge)တွေကို စဉ်းစားဆင်ခြင်သုံးသပ်ပြီး Analyze လုပ်ပြီး မိမိရဲ့ကိုယ်ပိုင်ပစ္စည်းဖြစ်စေပါ။ ပြောချင်တာက မိမိရဲ့အသိဉာဏ်ပညာ(Wisdom)နဲ့ အတွေးအခေါ်(Idea)တွေကို ရင့်သန်ထက်မြက်စေပါ။ အသိဉာဏ်ပညာကို လက်တွေ့အသုံးချပြီး မိမိဘဝမှာ ကျန်းမာအောင်မြင်ပျော်ရွှင်အောင် ကြိုးစားကြပါလို့ အကြံပြုချင်ပါတယ်။

အခုလို ထပ်မံအသိအမှတ်ပြုခံရတဲ့အတွက် ပိုပြီးအားတက်မိပါတယ်။ ပိုပြီး စာရေးချင်စိတ်တွေ ပေါ်လာပါတယ်။ ရေးစရာတွေကလည်း အများကြီးရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်က Lifelong Learning ဆိုတဲ့စကားနဲ့အညီ ဘဝတစ်သက်တာလုံး တတ်နိုင်သမျှကြိုးပမ်းအားထုတ်လေ့လာနေတာဖြစ်လို့ အများပြည်သူအတွက် အကျိုးရှိမယ့်အချက်တွေကို ပိုပြီးသိလာရပါတယ်။ ဒါကြောင့် ပြည်သူ့အကျိုးပြုစာပေတွေကို အတတ်နိုင်ဆုံး ဆက်လက်ရေးသားသွားဖို့ ရည်ရွယ်ထားပါတယ်။ ။

သစ္စာ(MNA)

ဓာတ်ပုံ - ဖွဲ့မာန်

# ကျိုက်ထိုမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရေး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်

**ကျိုက်ထို နိုဝင်ဘာ ၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတတိုးပွားစေရေးအတွက် နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာလ ၈ ရက်က ကျိုက်ထိုမြို့ ကော့ထင်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း (စခန်းကြီး)၌ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်း (စခန်းကြီး) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသဇင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးပြုရေး၊ ကျောင်းစာကို ကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးနှင့်မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးမှုများကို ဟောပြောသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များစသည့် ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြင့်မားရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေးစသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။



ချမ်းမြေ့

# ကျောက်မဲမြို့၌ ပြန်လည်ပွင့်လန်းနေသော ပညာပန်းများ

TZT (MoE)

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းဖြစ်သည်။ ယနေ့ကလေးသူငယ်လူငယ်လူရွယ်များသည် အနာဂတ်တွင် မိသားစု၊ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ကို အကောင်းအဆိုးဖန်တီးနိုင်သူများဖြစ်ပြီး ပညာသင်ကြားဆည်းပူးရေးကို အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကာ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ယူနိုင်ရေး မိဘ၊ ဆရာ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများအားလုံးက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက "နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး" ဆိုသည့် ဦးတည်ချက်ကိုချမှတ်ပြီး ပညာရေးကဏ္ဍကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များတွင် အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တည်ငြိမ်အေးချမ်းမှုများပျက်စီးပြီး ကျောင်းများပိတ်ထားခဲ့ရသောကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြား၊ သင်ယူမှုအခွင့်အလမ်းများ စာသင်နှစ်တစ်နှစ်ခန့် ဆုံးရှုံးနစ်နာခဲ့ရသည်။

ယခုအခါ ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မြို့ကြီးများဖြစ်သော နောင်ချို၊ ကျောက်မဲ၊ သီပေါမြို့တို့ကို တပ်မတော်က အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နေပြီဖြစ်ကာ အခြေခံပညာကျောင်းများတွင် စာသင်နောက်ကျခဲ့ရသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ ကျောက်မဲမြို့နယ်အတွင်း အခြေခံပညာကျောင်းများတွင် စာသင်နောက်ကျခဲ့ရသည့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပြန်လည်ပညာသင်ကြားနိုင်ပြီဖြစ်ရာ ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ၏ ဝမ်းသာပီတိစကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-



ဒေါ်နန်းမူရင် (ကျောင်းအုပ်ဆရာမကြီး)



မောင်ကျော်ဇင်မင်းထက်(Grade-12)



မနန်းဥမ္မာဦး (Grade-12)



မောင်မင်းခန့်သော် (Grade-12)



ဦးကျော်စွာဝင်း (ကျောင်းသားမိဘ)

**ဒေါ်နန်းမူရင်(ကျောင်းအုပ်ဆရာမကြီး)**
**အမှတ်(၃)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း**
**ကျောက်မဲမြို့**

တိုက်ပွဲတွေ ဖြစ်ပွားတဲ့ကာလမှာ ရှမ်းအရှေ့ တာချီလိတ်ကို ခေတ္တသွားနေခဲ့ရပါတယ်။ အဲဒီကိုသွားတဲ့အခါမှာလည်း လမ်းခရီးမှာ အခက်အခဲအမျိုးမျိုး ကြုံတွေ့ခဲ့ရတယ်။ အခုကျောက်မဲမြို့ကို ပြန်လည်ရောက်ရှိလာတုန်းက ကျွန်မတို့ကျောင်း ပျက်စီးမှုကိုကြည့်ပြီး အလွန်စိတ်မကောင်းဖြစ်ရပါတယ်၊ ကလေးတွေ အရင်လို စာသင်နိုင်ဖို့ အတတ်နိုင်ဆုံး ကြိုးစားပေးမှာဖြစ်ပါတယ်။ အခု ကျွန်မတို့ ဆရာ၊ ဆရာမတွေ၊ ရပ်မိရပ်ဖတွေပူးပေါင်းပြီး ကျောင်းကြီးသာယာလှပရေး စွမ်းဆောင်ကြိုးစားနေပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ ကိုယ့်မြို့ ကိုယ့်ရွာကိုယ့်ကျောင်းကို ပြန်ရောက်လာတဲ့အတွက် အများကြီးဝမ်းသာအားရမိပါတယ်၊ ကျောက်မဲမြို့မှာ အရင်လိုအေးအေးချမ်းချမ်း သာသာယာယာနဲ့ ကျောင်းမှာ ကျောင်းသူ၊ ကျောင်းသားတွေ စည်းစည်းလုံးလုံးပျော်ပျော်ရွှင်ရွှင် ကျောင်းတက်နေရတာကို မြင်ရတဲ့အတွက် ဆရာမတစ်ဦးအနေနဲ့ အများကြီးစိတ်ချမ်းသာရပါတယ်။

**မောင်ကျော်ဇင်မင်းထက်(Grade -12)**
**အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်မဲမြို့**

ကျွန်တော်ကတော့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း Grade-12 STEAM-1 က ကျောင်းသားတစ်ဦးဖြစ်ပါတယ်။ ကျောင်းတက်နေစဉ် ရုတ်တရက်ဖြစ်ရတဲ့ တိုက်ပွဲကြောင့် ခေတ္တနေရပ်ရှောင်ခဲ့ရပါတယ်။ တခြားမြို့၊ တခြားရွာမှာ သွားနေခဲ့ရပါတယ်။ ကိုယ့်အရပ်ဒေသမဟုတ်တဲ့အတွက် အခက်အခဲများစွာရှိခဲ့ပါတယ်၊ ကျောင်းတွေဖွင့်တော့ ကျောင်းတက်ချင်မိပါတယ်၊ အခုကတော့ ကိုယ့်နေရပ်မှာ ကျောင်းပြန်တက်ရတော့ အင်မတန်ပျော်မိပါတယ်။ ကျောင်းနားပြီး စိတ်ကအပြင်ရောက်တာနဲ့စာရင် ကျောင်းပညာရေးမှာ စိတ်နှစ်ထားတာက ပိုပြီးကောင်းပါတယ်။

**မနန်းဥမ္မာဦး (Grade -12)**
**အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်မဲမြို့**

ကျွန်မ Grade-12 STEAM-1 ကျောင်းသူဖြစ်ပါတယ်။ တိုက်ပွဲဖြစ်တဲ့အချိန်မှာ ကျွန်မတို့ မန္တလေးဘက်မှာ သွားရှောင်နေရပါတယ်။ ကိုယ်နေဖူးတဲ့ဒေသ မဟုတ်တဲ့အတွက်ကြောင့် မပျော်ခဲ့ဘူး။ အခက်အခဲတွေရှိခဲ့ပါတယ်၊ အခုကတော့ ကျွန်မတို့ ကျောက်မဲမြို့မှာ ကျောင်းပြန်ဖွင့်နေပြီဖြစ်တဲ့အတွက် ကိုယ့်အိမ်၊ ကိုယ့်ဒေသမှာ နေခွင့်ရတယ်။ ကျောင်းလည်း ပြန်တက်ခွင့်ရတဲ့အတွက် တကယ်ကို ဝမ်းသာမိပါတယ်။

**မောင်မင်းခန့်သော် (Grade -12)**
**အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်မဲမြို့**

တိုက်ပွဲဖြစ်ပွားစဉ်ကာလအတွင်း ပြင်ဦးလွင်က ဘုန်းကြီးကျောင်းမှာ ခေတ္တရှောင်နေခဲ့ရပါတယ်။ ပညာရေးအတွက် အခက်အခဲတွေ အများကြီးရှိခဲ့ပါတယ်။ လျှပ်စစ်မီးအဆင်မပြေတာ၊ ခရီးသွားလာရေး အဆင်မပြေတာတွေ ရှိခဲ့ပါတယ်။ အခုကတော့ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ကျောင်းကို ပြန်လာရတဲ့အတွက် အင်မတန်ပျော်ရွှင်မိပါတယ်။ ကိုယ့်နေရပ်က ကျောင်းမှာပဲ စာပြန်သင်ယူနိုင်ပါပြီ။ ဆရာ၊ ဆရာမတွေက စေတနာထားပြီး သင်ကြားပေးကြတယ်၊ ဆရာ၊ ဆရာမတွေက အကောင်းဆုံးနဲ့ အစွမ်းဆောင်နိုင်ဆုံး ကြိုးစားပေးကြပါတယ်။ ဒါကြောင့် အခုကျောင်းမှာ စာပြန်လည်သင်ကြားရမှုက အဆင်ပြေပါတယ်။ ကျောင်းကို မရောက်လာသေးတဲ့ သူငယ်ချင်းတွေကို အရှုံးမပေးပါနဲ့။ ကြိုးစားကြပါလို့ ပြောချင်ပါတယ်၊ ကျောင်းပြန်လာတက်ဖို့လည်း တိုက်တွန်းချင်ပါတယ်။

**ဦးကျော်စွာဝင်း(ကျောင်းသားမိဘ)**
**ကျောက်မဲမြို့**

အခုလိုကျောင်းတွေ ပြန်လည်ဖွင့်လှစ်ပြီး ကိုယ့်မြို့ရွာမှာပဲ ကလေးတွေ အေးအေးချမ်းချမ်း စာပြန်သင်ခွင့်ရတာ မိဘတစ်ဦးအနေနဲ့ အတိုင်းမသိဝမ်းသာမိပါတယ်။ ကျောင်းတက်ရင်းနဲ့ တိုက်ပွဲကြောင့်ခေတ္တနေရပ်ရှောင်ပြီး တခြားနေရာဒေသမှာ သွားနေရတဲ့အခါ ကိုယ့်ရပ်ရွာမဟုတ်တဲ့အတွက် တကယ်တော့အဆင်မပြေတာတွေ အများကြီးရှိခဲ့ပါတယ်ခင်ဗျ။ ကျွန်တော့်သားသမီးတွေကို ကိုယ့်မြို့၊ ကိုယ့်အိမ်ကနေ အေးအေးချမ်းချမ်း အဆင်ပြေပြေနဲ့ ကျောင်းတက်စေချင်တာပါ။

ယခုအခါ ကျောက်မဲဒေသ၌ နယ်မြေအေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ ကျောင်းတံခါးများဖွင့်လှစ်ကာ စာသင်ကျောင်းများတွင်ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုအသံများ၊ စာကျက် စာအံသံများဖြင့် လွှမ်းခြုံနေပြီဖြစ်သည့်အတွက် ဒေသခံမိဘပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ ဝမ်းသာကြည်နူးမှုက အတိုင်းမသိပင်။ ဆက်လက်၍လည်း မိမိတို့အရပ် မိမိတို့ဒေသတွင် ကျောင်းနေအရွယ် ကျောင်းသား၊ ကျောင်းသူများ ကျောင်းသို့ရောက်ရှိရေး၊ အချိန်မတိုင်မီ ကျောင်းမထွက်ကြရေး၊ တန်းစဉ်မှန်မှန်ကူးပြောင်းရေး၊ အသက်မွေးဝမ်းကျောင်းနှင့်အဆင့်မြင့်ပညာများ သင်ယူပြီးမြောက်ရေးအတွက် မိဘအုပ်ထိန်းသူများ၊ ဆရာ၊ ဆရာမများ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများအားလုံးက ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ကြပြီး စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

## ကျောက်ဆည်မြို့နယ်၌ စံပြကွက်အဖြစ်စိုက်ပျိုးထားသည့် ဝါစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကင်းကျေးရွာ၌ စံပြကွက်အဖြစ်စိုက်ပျိုးထားသော မိုးချည်မျှင်ရှည်ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

စံပြမိုးချည်မျှင်ရှည်ဝါများကို ကင်းကျေးရွာမှ တောင်သူ ၁၅၅ ဦးက ဦးပိုင်အမှတ်(၁၆၂)ခုတွင် စိုက်ပျိုးထားကြောင်းနှင့် စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းစနစ်များအတိုင်း မြေအစိုဓာတ်ရရှိချိန်၌ တစ်ကေသတ်မှတ်အပင်ပြည့်မီစွာ အကွာအဝေးမှန်စွာ စတင်စိုက်ပျိုးပြီး အပင်သက်တမ်း ၂၀ရက်မှ ၂၅ ရက်သားတွင် စိုက်ကျင်းတစ်ကျင်းလျှင် သန်မာသည့် အပင်နှစ်ပင်ချန်၍ သားခွဲပေးခြင်း၊ ရက်ပေါင်း ၄၀ နီးပါး အပိမ့်စဝင်ချိန်နှင့် ပန်းပွင့်စပွင့်ချိန်၌ ယူရီးယားအိတ်ဝက်နှင့်ကွန်ပေါင်းအိတ်ဝက်ရောစပ်ပြီး အပင်ခြေများတွင်ပက်ဖျန်းကာ မြေအစိုဓာတ်ရရှိအောင် ရေသွင်းပေးခြင်း၊ ဝါပင်သက်တမ်း ၅၀ ရက်အထိ စုပ်ပိုးကာကွယ်ဆေးနှစ်ကြိမ်၊ ဝါဂွမ်းပိုးနီနှင့် ရွက်လိပ်ရွက်စားပိုးနှစ်ကြိမ်ဖျန်းခြင်း စသည့်နည်းစနစ်များအတိုင်း စိုက်ပျိုးထားကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)



# ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်   နိုဝင်ဘာ   ၉

**ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဒေါ်သန်းသန်းနုက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**



**ဒေါ်သန်းသန်းနု (ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ)**

**လေးစားရပါသော မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ရှင် –**

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို လာမယ့်ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ကျင်းပတော့မှာဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ကို ချစ်မြတ်နိုးကြသူတွေဟာ ပါတီစုံစနစ်မှာ နိုင်ငံရေးပါတီတွေတည်ထောင်ပြီး ရွေးကောက်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ကြတာကို အားပေးကြပါတယ်။ ဒ့ါအပြင် ဆန္ဒမဲပေးကြတဲ့ နိုင်ငံသားတွေကလည်း မိမိတို့နှစ်သက်လိုလားတဲ့ နိုင်ငံရေးပါတီတွေကို မိမိတို့အသည်းကြားက မဲဆန္ဒများကိုပေးတာ အစဉ်အလာတစ်ခုပါပဲ။

မဲတစ်ပြားမပေးလည်း ဘာမှမဖြစ်ဘူးလို့ဆိုကြပေမယ့် များပြားလာတဲ့အခါမှာ ဒီမိုကရေစီစနစ်ဟာ တင်းပြည့်ကျပ်ပြည့် မဖြစ်နိုင်တော့ပါ။ မဲဆန္ဒပေးနိုင်သူအားလုံးက မဲပေးနိုင်မှသာ တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီဖြစ်နိုင်ပါတယ်။

ဒီမိုကရက်တစ်ဆိုသည်မှာ ဒီမိုကရေစီယုံကြည်သူများလို့ အဓိပ္ပာယ်ရပါတယ်။ "ဒီမိုကရက်တစ်ပါတီ" ဟုဆိုခြင်းဖြင့် ဒီမိုကရေစီကို ယုံကြည်သူများ စုပေါင်းဖွဲ့စည်းထားတဲ့ ဒီမိုကရေစီစွမ်းအားကြီးလို့ အဓိပ္ပာယ်ရပါတယ်။

ဒီမိုကရက်တစ်ပါတီဟာ မြန်မာနိုင်ငံသူ/သားများကို ဒီမိုကရေစီအခွင့်အရေး အပြည့်အဝရရှိခံစားနိုင်ရန်နဲ့ ဒီမိုကရေစီထွန်းကားရေးအတွက် ဦးဆောင်ပေးလျက်ရှိပါတယ်။

ဒီမိုကရေစီဟုဆိုရာ၌ နိုင်ငံမှာ အချုပ်အခြာအာဏာသည် ပြည်သူလူထု၏တည်ဆဲအာဏာဟူသမျှ လူထုထံမှဆင်းသက်ရတဲ့စနစ်ကို ဆိုလိုပါတယ်။

ဒီမိုကရက်တစ်ပါတီက ယုံကြည်သော ဒီမိုကရေစီစနစ်တွင်လည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းဆိုတဲ့ လောကပါလတရားများ ထွန်းကားကျင့်သုံးနိုင်ရေး၊ နိုင်ငံရေးလွတ်လပ်မှု၊ စီးပွားရေးလွတ်လပ်မှု၊ တရားစီရင်ရေးလွတ်လပ်မှု၊ လွတ်လပ်စွာတွေးခေါ်ကြံဆနိုင်မှု၊ လွတ်လပ်စွာဟောပြောစည်းရုံးနိုင်မှု၊ လွတ်လပ်စွာလူမှုအဖွဲ့အစည်းများဖွဲ့စည်းနိုင်မှု စတဲ့ လွတ်လပ်မှုအခြေခံအခွင့်အရေးများကို ပြည်သူတို့ အပြည့်အဝခံစားနိုင်ကြရန်ဖြစ်ပါတယ်။

အမျိုးသားအချင်းချင်း ပြန်လည်ရင်ကြားစေ့ရေးဆိုတာဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကြပါတယ်။ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို အမှန်တကယ် ကျေးဇူးပြုနိုင်တဲ့အတွက် အဲ့ဒီမူကို "ဒီမိုကရက်တစ်ပါတီ" က အလေးအနက်ခံယူထားပြီး ဒီမိုကရေစီနဲ့ငြိမ်းချမ်းရေးအဖွဲ့ချုပ်နာယကကြီး ဦးနုပြောကြားခဲ့တဲ့ (လက်စားမချေ၊ သင်ပုန်းချေ) ချေ–နှစ်ချေမှုကို ကျင့်သုံးခြင်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

ယနေ့ကာလဟာ မြန်မာနိုင်ငံသားများအချင်းချင်း သဘောထားကွဲလွဲမှုများ ပြင်းထန်နေချိန်လည်းဖြစ်ပါတယ်။ အဲ့ဒီအတွက်ကြောင့် တစ်မျိုးသားလုံးမဖြစ်မနေဆောင်ရွက်ရမယ့်လုပ်ငန်းတာဝန်ကြီးများလည်း ရှိပါတယ်။ အဲ့ဒီလုပ်ငန်းများအောင်မြင်ထမြောက်စေဖို့ အေးချမ်းသာယာတဲ့အခြေအနေနဲ့ အမျိုးသားချင်းပြန်လည်ရင်ကြားစေ့နိုင်ရေး အခြေအနေဖန်တီးပေးဖို့ အထူးလိုအပ်နေချိန်ဖြစ်ပါတယ်။ အဲ့ဒီလိုအပ်ချက်အရ အတိတ်ရဲ့ အနိဋ္ဌာရုံတွေကို ပြန်မလှည့်ဘဲ အနာဂတ်ခေတ်သစ်ဆီသို့ ရှေးရှုခြင်းဖြင့် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေး လမ်းကြောင်းကိုသာ ဦးတည်ကြရပါလိမ့်မယ်။

တစ်မျိုးသားလုံး အေးအတူပူအမျှ အတူတကွ လက်တွဲဆောင်ရွက်နိုင်ကြရေးအတွက် "မိမိတို့သည် ... တစ်နိုင်ငံတည်းသားများ" ဖြစ်ကြသည်ဟူသော မိသားစုစိတ်ဓာတ်များထားရှိ၍ "ငါတို့အားလုံးသည် မြန်မာနိုင်ငံသားများဖြစ်ကြသည်" ဟူသော ခံယူချက်ရှိရန် လိုအပ်နေချိန်လည်း ဖြစ်ပါတယ်။

"ဒီမိုကရက်တစ်ပါတီသည်"ရေရှည်တည်တံ့ခိုင်မြဲခြင်းရှိသည့် ပညာရေးစနစ်ကိုဦးတည်ပြီး စီမံကိန်းများချမှတ်ဆောင်ရွက်ပါမယ်။ အနည်းဆုံး အခြေခံအလယ်တန်းပညာကို အခမဲ့မသင်မနေရဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်ပါမယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ပညာရေးစနစ်ကို ခေတ်နဲ့အမီ ရင်ပေါင်တန်းရပ်တည်နိုင်ရေးအတွက် နိုင်ငံခြားပညာသင်များ ပိုမိုစေလွှတ်ခြင်း၊ နိုင်ငံတကာမှကျွမ်းကျင်သည့် ပညာရှင်များကိုလည်း ဖိတ်ခေါ်လေ့ကျင့်စေခြင်းတို့ကို ပြုလုပ်ပါမယ်။

နိုင်ငံတကာပညာရေးစနစ်နဲ့ ရင်ပေါင်တန်းနိုင်အောင် တက္ကသိုလ်၊ ကောလိပ်နဲ့ စိုက်ပျိုးရေး၊ စက်မှုလက်မှုကျောင်းများကို ပြုပြင်မွမ်းမံခြင်းအားဖြင့် တိုးချဲ့ဆောင်ရွက်သွားပါမယ်။ ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးပြီး နိုင်ငံတကာလူသားအရင်းအမြစ်ဈေးကွက်မှာ မြန်မာလုပ်သားများ ဝင်ရောက်ထိုးဖောက်နိုင်စေရန်အတွက် နည်းပညာနဲ့ အတတ်ပညာများကို သင်ကြားပေးခြင်းအားဖြင့်လည်း အစဉ်သဖြင့် အားပေးသွားပါမယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ကျန်းမာရေးစနစ်ကို ခေတ်နဲ့လျော်ညီစွာ နိုင်ငံတကာအဆင့်ရောက်အောင် တည်ဆောက်ပါမယ်။ လူတိုင်းအခမဲ့ဆေးဝါးကုသခွင့်ကို ရှေးရှုဦးတည်ပြီး စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်သွားပါမယ်။ ပြည်သူ့ကျန်းမာရေးကို အနောက်တိုင်းဆေးပညာနည်း၊ တိုင်းရင်းဆေးပညာနည်းတွေနဲ့ ပေါင်းစပ်အကောင်အထည်ဖော်သွားပါမယ်။

အခြေခံပညာမူလတန်းနဲ့ အလယ်တန်းကျောင်းသင်ခန်းစာများမှာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ထည့်သွင်းပို့ချသွားပြီး ရုပ်သံ၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်နဲ့ လူမှုကွန်ရက် အင်တာနက်နည်းပညာများကိုအသုံးပြုပြီး လူထုကျန်းမာရေး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားပါမယ်။

ပြည်ထောင်စုမြန်မာနိုင်ငံသားများအားလုံးသည် လူမှုအသိုင်းအဝိုင်းမှာ ကာကွယ်စောင့်ရှောက်ခွင့်ကို တစ်ပြေးညီ ရရှိခံစားသင့်တယ်လို့ " ဒီမိုကရက်တစ်ပါတီ" က လက်ခံယုံကြည်ထားပါတယ်။ အထူးသဖြင့် ကလေးသူငယ်များနဲ့ သက်ကြီးရွယ်အိုများဟာ နိုင်ငံတော်ရဲ့အထူးကာကွယ်စောင့်ရှောက်ခွင့်ကို ရရှိခံစားထိုက်သူများဖြစ်ပါတယ်။ မသန်စွမ်းသူများ၊ ဒုက္ခိတများ၊ မမာမကျန်းဖြစ်နေသူများ၊ ရောဂါသည်လူနာများကို အနည်းဆုံး အခမဲ့ကုသကာကွယ်စောင့်ရှောက်မှုခံစားခွင့်များ ရရှိစေဖို့ စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခိုကိုးရာမဲ့၊ အိုးအိမ်မဲ့၊ ဒုက္ခသည်များကိုလည်း ယာယီအစားအသောက်နဲ့ နေထိုင်တည်းခိုရာအိမ်ရာများကို ဈေးနည်းသက်သာစွာဖြင့်နေထိုင်နိုင်ရေးအတွက် အမျိုးသားလူမှုစောင့်ရှောက်ရေးစီမံကိန်းများ ရေးဆွဲပြဋ္ဌာန်းခြင်း၊ စစ်မှုထမ်းဟောင်းများနဲ့ ပင်စင်စားသက်ကြီးရွယ်အိုများအတွက် လူမှုအာမခံချက်များရရှိစေဖို့နဲ့ သက်သောင့်သက်သာဖြင့် အနားယူနေထိုင်နိုင်စေဖို့ စီမံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ကိုယ်တိုင်လယ်ယာလုပ်သူများအပါအဝင် အခြားမြေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူများအတွက် လယ်ယာမြေလွှဲပြောင်းခွင့်၊ အမွေပေးခွင့်၊ ရောင်းချပေါင်နှံခွင့် စတဲ့အခွင့်အရေးကိုလည်း ရရှိစေရမှာဖြစ်ပါတယ်။

တောင်သူလယ်သမားများအနေနဲ့ ဒီမိုကရေစီကျင့်စဉ်အရ မိမိတို့အခွင့်အရေးကာကွယ်ပိုင်ခွင့်၊ မိမိတို့လူနေမှုဘဝတိုးတက်မြင့်မားရေး အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမားအစည်းအရုံးကို လွတ်လပ်စွာဖွဲ့စည်းနိုင်ခွင့် ရှိစေဖို့လည်း ဖော်ဆောင်ပေးသွားမှာဖြစ်ပါတယ်။




နိုင်ငံတော်တည်ထောင်ဖွဲ့စည်းသည်နှင့်တစ်ပြိုင်တည်း နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်ထူထောင်ဖွဲ့စည်းတည်ရှိရေးသည် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖြစ်ပေါ်တိုးတက်မှုသမိုင်းအစဉ်အလာအရ တပ်မတော်ကဏ္ဍသည် ထူးခြားစွာပါဝင်ခဲ့ပါတယ်။ အဲ့ဒီထူးခြားတဲ့သမိုင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းဖို့ အထူးလိုအပ်ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီးလည်းဖြစ်၊ တပ်မတော်ရဲ့ ဖခင်လည်းဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းထူထောင်ခဲ့သည့် တပ်မတော်ရဲ့ သမိုင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းရန်လိုအပ်ပါတယ်။ ပြည်သူတို့ရဲ့ သားကောင်းရတနာများဖြင့် ဖွဲ့စည်းထားသော တပ်မတော်သည် နိုင်ငံတော်နဲ့ပြည်သူတို့အတွက် အန္တရာယ်အသွယ်သွယ်တို့ကို ကာကွယ်သော ပြည်သူ့တပ်မတော်၊ မျိုးချစ်တပ်မတော်အဖြစ် အစဉ်အလာကောင်းများ ဆက်လက်ထိန်းသိမ်းထားသော တပ်မတော်ဖြစ်စေရမယ်။ နိုင်ငံတော်ရဲ့လိုအပ်ချက်၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေနဲ့အညီ ကျစ်လျစ်ခိုင်မာ၍ ခေတ်မီတိုးတက်သော စစ်စွမ်းရည်၊ တိုက်ခိုက်ရေးစွမ်းရည်မြင့်မားသော အစဉ်ခေတ်မီတိုးတက်သည့် တပ်မတော်ဖြစ်စေရမယ်။

**ယခင်** မြန်မာနိုင်ငံဝန်ကြီးချုပ်ဟောင်း ဦးနုသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ကို ချမှတ်ကျင့်သုံးရာ၌ ခေါင်းဆောင်တစ်ဦးအဖြစ်ပါဝင်ခဲ့ခြင်း၊ ဘက်မလိုက်နိုင်ငံများ အင်အားစုဖြစ်လာစေရန် ရှေ့တန်းခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်နိုင်ခဲ့ခြင်းတို့ကြောင့် ကမ္ဘာ့နိုင်ငံများအကြားတွင် လူသိများ၍ ချစ်ခင်လေးစားခြင်းခံရတဲ့သူဖြစ်ပါတယ်။

နိုင်ငံတိုင်းသည် မိမိနိုင်ငံအကျိုးရှိရေး ရည်မှန်းချက်များနဲ့ နိုင်ငံတကာနဲ့ မိတ်ဝတ်မပျက် ဆက်ဆံပေါင်းသင်းရစမြဲဖြစ်ပါတယ်။ ထိုအခြေခံဖြင့် နိုင်ငံခြားရေးမူဝါဒများ ချမှတ်လိုက်နာဆောင်ရွက်ကျစမြဲဖြစ်ပါတယ်။ မိမိတို့နိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ ဂုဏ်သိက္ခာမထိခိုက်စေဘဲ အောက်ပါအခြေခံမူများနဲ့အညီ နိုင်ငံခြားရေးမူဝါဒကို လိုက်နာကျင့်သုံးပါမယ်။

(က) ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂ၏ အခြေခံမူဝါဒများ နိုင်ငံတကာတွင် လိုက်နာကျင့်သုံးအပ်တဲ့ နိုင်ငံအချင်းချင်းဆက်ဆံရေးကျင့်ဝတ်များနဲ့အညီ ကမ္ဘာ့နိုင်ငံအသီးသီးတို့နဲ့ မိတ်ကောင်းဆွေကောင်းပီသစွာ ဆက်ဆံပေါင်းသင်းပါမယ်။

( ခ ) နိုင်ငံတစ်နိုင်ငံရဲ့နယ်မြေတည်တံ့မှုနဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အပြန်အလှန်လေးစားရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ လက်နက်ကိုင်ကျူးကျော်တိုက်ခိုက်မှုမပြုလုပ်ရေး၊ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှုမပြုရေး နိုင်ငံအချင်းချင်းတန်းတူရည်တူ ပေါင်းသင်းဆက်ဆံရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကျိုးတူဖြစ်ထွန်းစွာရရှိစေရေးနှင့်ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးဟူသော နိုင်ငံတကာဆက်ဆံရေးမူကြီး (၅)ချက်နဲ့အညီ လိုက်နာကျင့်သုံးရပါမယ်။

( ဂ ) နိုင်ငံတကာရေးတွင် မိမိနိုင်ငံတော်အကျိုးကျေးဇူးကို မဆန့်ကျင်စေဘဲ မှန်ကန်သည့်ဘက်မှ နိုးကြားတက်ကြွ လွတ်လပ်စွာရပ်တည်ရမှာဖြစ်ပါတယ်။

(ဃ) နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိစေမှုကို ဦးထိပ်ထားလျက် မိမိတို့၏မူဝါဒရည်ရွယ်ချက်များနဲ့တူညီတဲ့ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**စာမျက်နှာ ၁၃ သို့ ⊃**

➲ စာမျက်နှာ ၁၂ မှအဆက်

**ဒီမိုကရက်တစ်ပါတီ၏ မျှော်မှန်းချက်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် ကြိုးပမ်းကြရာ၌ မိမိတို့၏ပါတီသည်

- ပြည်ထောင်စုသားတိုင်း ဒီမိုကရေစီလူ့အခြေခံလွတ်လပ်မှုအခွင့်အရေးများကို စည်းကမ်းတကျ ခံစားခွင့်အညီအမျှရရှိစေလိုသည်။
- ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာသောအခြေအနေကို ဖန်တီးလိုသည်။
- အမျိုးသားညီညွတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကို လိုလားသည်။

ထိုအခြေခံ(၃)ရပ်ပေါ်မူတည်၍ တည်တံ့ခိုင်မြဲသောနိုင်ငံတော်ကို တွေ့မြင်လိုပါတယ်။ ထိုမှတစ်ဆင့် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မျိုးသားလုံးနဲ့အတူ ညီညာဖြဖြလက်တွဲဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ယင်းသို့သော မှန်မြတ်သည့်ရည်ရွယ်ချက်များဖြင့် ဒီမိုကရက်တစ်ပါတီကို တည်ထောင်ဖွဲ့စည်းပါတယ်။

ပြည်သူတို့မှ .....

ပြည်သူတို့၏ ..................... ပြည်သူတို့အတွက် .......................

ဒီမိုကရက်တစ်ပါတီ

ကျေးဇူးတင်ပါတယ်ရှင့်။

**တူညီဆန္ဒ**

တေးရေး - ထွဋ်ခေါင်တင်

တေးဆို - စန္ဒာ

၁။ ရောင်နီလင်းဖြာ နေခြည်သာယာလှတာ နံနက်ခင်းရဲ့ မင်္ဂလာပါ၊ ထွန်းလင်းတောက်ပ တို့ပြည် ရွာညီညွတ်ခြင်းနဲ့ လက်တွဲညီခါ မဲရုံကို သွားကြမယ်ကွာ။

၂။ ရွှေလီဝင်းဝင်းဝါ ချိန်ခါသမယမှာ အရုဏ်ဦးရဲ့တေးသံဖြာ၊ နိုးကြားထက်မြက် တို့ပြည်မြန်မာ၊ တူယှဉ်နွဲ့လို့ ပေါင်းစုညီခါ မဲရုံကို သွားကြမယ်ကွာ။

၃။ မဲပေးကြမှာ၊ မဲပေးကြမှာ၊ ပြည်သူ့အကျိုးပြု ပြည်သူ့ပါတီ၊ ဒီမိုကရက်တစ်ပါတီအား မဲပေးကြမယ်ကွာ။

၄။ အသည်းကြားက မဲတစ်ပြားဟာ၊ တန်ဖိုးကြီးစွာ မဲပေးကြတော့မှာ၊ ပြည်သူအတွက်အားထားရာ ဒီမိုကရက်တစ်ပါတီပါ၊ တူညီဆန္ဒမဲပေးကြမှာ ဝမ်းမြောက်ကြည်သာ ပြည်သူ့အတွက် နှီးဆော်လိုက်ပြီကွာ။

# မီတာလောင်ကျွမ်းမှု လျှော့ချရေး ဆွေးနွေးပွဲကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မီတာလောင်ကျွမ်းမှုလျှော့ချရေးဆွေးနွေးပွဲကို နိုဝင်ဘာလ ၇ ရက်က မိတ္ထီလာမြို့နယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ ဦးတင်အောင်က မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်နှင့် မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများမှ မြို့နယ်လျှပ်စစ်မန်နေဂျာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးတာဝန်ခံများ၊ အငယ်တန်းအင်ဂျင်နီယာများ၊ ကြီးကြပ်ရေးမှူး(မီတာ)များ၊ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မီတာလောင်ကျွမ်းမှုလျှော့ချနိုင်ရန် လိုက်နာဆောင်ရွက်သင့်သည့် အချက်များကို လက်တွေ့သင်ကြားဆွေးနွေးသည်။

အခမ်းအနားသို့ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြောင်း သိရသည်။ (ဖဝ၂)

**MWD Education, Knowledge & SportsChannel**

၁၀-၁၁-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၀ | Grade – 6 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၅၅ | Grade – 6 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၅၅ - ၁၈:၀၅ | Grade – 6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |
| ၄။ | ၁၈:၀၅ - ၁၈:၃၅ | Grade – 3 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၈:၃၅ - ၁၉:၅၅ | Grade – 3 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

# ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့်ပြပွဲများကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် ပြပွဲများကို နိုဝင်ဘာလ ၈ ရက်က ကျင်းပသည်။



ဟောပြောပွဲတွင် ဇမ္ဗူသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နီလာစိုးက ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် ဘက်စုံထူးချွန်သော လူရည်ချွန်၊ လူရည်မွန်များဖြစ်လာစေရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်ကအားထားရသည့် လူကောင်းလူတော်များ ဖြစ်လာစေရန်၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များ၊ အမျိုးသားနေ့အထိမ်းအမှတ် နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားဖတ်ရှုလေ့လာကြကြောင်း သိရသည်။ (၄၁၃)

**MWD Variety Channel**

၁၀-၁၁-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၀ | စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ |
| ၂။ | ၁၁:၄၅ | သောတဆင်စရာ တေးမြန်မာ |
| ၃။ | ၁၂:၅၀ | Konwledge Note |
| ၄။ | ၁၄:၃၅ | သတိမမူ ဂူမမြင် |
| ၅။ | ၁၆:၂၀ | Countries of the World |
| ၆။ | ၁၇:၃၅ | ပရိသတ်အတွက် ကဗျာလက်ဆောင် |

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကိုဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၉

**ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)ဥက္ကဋ္ဌ သိုင်းရိုးပုံချီ စိုင်းအိုက်ပေါင်းက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**



**သိုင်းရိုးပုံချီ စိုင်းအိုက်ပေါင်း (ဥက္ကဋ္ဌ၊ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ))**

**မိုင်ဆုန်ခ– မင်္ဂလာပါ။**

ပြည်ထောင်စုသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)ရဲ့ ဥက္ကဋ္ဌ သိုင်းရိုးပုံချီ စိုင်းအိုက်ပေါင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) ဟာ (၂၃-၆-၂၀၂၃) ရက်နေ့မှာ ပါတီမှတ်ပုံတင်အမှတ် (၂၈/၂၀၂၃) နဲ့ ပါတီတည်ထောင်ခွင့်ရရှိခဲ့ပါတယ်။ ဒီပါတီသစ်ကို တည်ထောင်ရခြင်းရဲ့ရည်ရွယ်ချက်ကို ဦးစွာပထမတင်ပြလိုပါတယ်။

(၂၀၁၀)ပြည့်နှစ်မှာ ရှမ်းအမျိုးသားရေးအတွက် ဦးတည်ပြီး တည်ထောင်ခဲ့တဲ့ ကျားဖြူပါတီဟောင်းရဲ့အမည်က ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဖြစ်ပြီး (၂၀၁၀)ပြည့်နှစ်အထွေထွေရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ် (၅၈)ဦး အနိုင်ရရှိခဲ့ပါတယ်။ ပြည်နယ်ဝန်ကြီး (၅)ဦးနဲ့ ပြည်ထောင်စုဒုဝန်ကြီး(၁)ဦး ခန့်အပ်ခြင်းခံခဲ့ရပါတယ်။ ဒါပေမဲ့ နိုင်ငံကို တိုးတက်ပြောင်းလဲနိုင်တဲ့အထိ မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ နိုင်ငံကို တိုးတက်ပြောင်းလဲနိုင်ဖို့အတွက်ဆိုရင် ခိုင်မာတောင့်တင်းတဲ့ ပါတီတစ်ရပ်ကို မဖြစ်မနေထူထောင်နိုင်ရမှာဖြစ်ပါတယ်။ သို့မှသာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တိုင်းရင်းသား (၁၃၅) မျိုးအပြင် နိုင်ငံသားတိုင်းကို ကိုယ်စားပြုတဲ့ ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)ကို တည်ထောင်ရခြင်းဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား။**

လက်ရှိနိုင်ငံတော်ရဲ့ ပကတိအခြေအနေဟာ တိုင်းရင်းသားလက်နက်ကိုင်မျိုးစုံနဲ့ တော်လှန်ရေးအမည်ခံထားတဲ့ အဖွဲ့အစည်းတွေရဲ့ တော်လှန်ပုန်ကန်မှုတွေရှိနေတာကြောင့် ကျွန်တော်တို့ပါတီက **ပထမဦးစွာ ငြိမ်းချမ်းရေးကို**ရရှိအောင် ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

နိုင်ငံတွင်း လက်နက်ကိုင်ပဋိပက္ခအပြင် သဘာဝဘေးနှင့် စီးပွားရေးကပ်ဘေးဒုက္ခကို ခါးသီးစွာရင်ဆိုင်နေကြရတဲ့ကြားက ပြည်ပနိုင်ငံတွေရဲ့ စီးပွားရေးပိတ်ဆို့မှု (Sanction) ဒဏ်ရာဒဏ်ချက်တွေကိုပါ ကြုံတွေ့ခံစားနေရပါတယ်။ ဒီလိုအခက်အခဲမျိုးစုံကနေ ကျော်လွှားနိုင်ဖို့ဆိုရင် နယ်မြေတည်ငြိမ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ဦးစားပေးဆောင်ရွက်ရမယ့်အပြင် နိုင်ငံတကာပိတ်ဆို့မှု(Sanction)တွေကို ရုပ်သိမ်းနိုင်အောင်လည်း ကျွန်တော်တို့ပါတီက ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့မှသာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပြန်လည်ဝင်ရောက်လာမှာဖြစ်ပြီး နိုင်ငံတော်ရဲ့ လူမှုရေး၊ စီးပွားရေး စတဲ့ဘက်စုံကဏ္ဍတွေ ပြန်လည်ဦးမော့လာနိုင်မှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား။**

လူငယ်တွေဟာ မိမိတို့ပညာရေးအတွက်၊ မိသားစုအတွက် ပြည်ပနိုင်ငံများသို့သွားပြီး အလုပ်လုပ်ကြဖို့ မျှော်လင့်ချက်တွေရှိနေကြပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပြန်လည်ဝင်ရောက်လာတဲ့အခါ နိုင်ငံတော်ရဲ့ လူမှုစီးပွားရေး ပြန်လည်ဦးမော့လာမှာဖြစ်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဒီအခါမှာ လူငယ်တွေရဲ့ ဘဝတက်လမ်း၊ အလုပ်အကိုင်တွေနဲ့ ယုံကြည်မှုတွေကို အာမခံချက်ပေးနိုင်ပြီဖြစ်လို့ လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးခြင်း၊ ယိုစီးခြင်းတွေရှိတော့မှာမဟုတ်ပါဘူး။ လူငယ်တွေဟာ အလုပ်အကိုင်ရရှိရေးအတွက် ပြည်ပကိုတရားမဝင်တဲ့လမ်းကနေ ထွက်ခွာနေရတာကြောင့် ကုန်ကူးစရိတ်တွေများပြားပြီး အန္တရာယ်ပေါင်းစုံနဲ့လည်း ကြုံတွေ့နေကြရပါတယ်။ ဒီလိုနစ်နာမှုတွေမဖြစ်စေဖို့အတွက် ပြည်ပအလုပ်အကိုင်ရှာဖွေရေး Agency တွေဖွဲ့စည်းပြီး တရားဝင် နိုင်ငံခြားပို့ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်လည်း တရားဝင်အခွန်ငွေတွေရ၊ လုပ်ငန်းခွင်အနိုင်ကျင့်ခြင်းကလည်းလွတ်ကင်းပြီး လူငယ်တွေစိုးရိမ်ကြောင့်ကြမှုကင်းစွာနဲ့ စီးပွားရှာဖွေနိုင်မှာဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား။**

စားဝတ်နေရေးအခက်အခဲနဲ့ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေကို စနစ်တကျလျှော့ချနိုင်မှသာ ပြည်သူတွေရဲ့စားဝတ်နေရေး အဆင်ပြေမှာဖြစ်ပါတယ်။ လစာနည်းတဲ့ စက်မှုဇုန်နဲ့ကုမ္ပဏီကဝန်ထမ်းတွေ၊ အစိုးရဝန်ထမ်းတွေ၊ အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းလာတဲ့ လူငယ်တွေ၊ မိသားစုဝင်တွေရဲ့ နေရေးထိုင်ရေးအတွက် တန်ဖိုးနည်းအဆောင်လိုမျိုး၊ အငှားအိမ်ရာစနစ်တွေဖော်ဆောင်နိုင်ဖို့နဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ထူထောင်နိုင်ဖို့ အထူးအတိုးနှုန်းချေးငွေတွေအပြင် ကုန်ကြမ်းပစ္စည်းတွေကိုလည်း သက်သာတဲ့ဈေးနှုန်းနဲ့ ပံ့ပိုးပေးဖို့ ကျွန်တော်တို့ပါတီက ရည်မှန်းထားပါတယ်။

အခြေခံစားသောက်ကုန်တွေဖြစ်တဲ့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် အစရှိတာတွေကို ဈေးနှုန်းအချိုသာဆုံးနဲ့ အလွယ်တကူရရှိရန် ဆောင်ရွက်ပေးသွားမှသာ ပြည်သူတွေစားသောက်ရေးအဆင်ပြေမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

တိုင်းပြည်စီးပွားရေးနဲ့ ပြည်သူတွေရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေဖို့အပြင် အလုပ်အကိုင်အခွင့်အလမ်းတွေကိုပါ ဖော်ဆောင်နိုင်ဖို့အတွက် နယ်စပ်ကုန်သွယ်ရေးကလည်း အလွန်အရေးကြီးတဲ့အချက်တစ်ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ ငြိမ်းချမ်းတည်ငြိမ်တဲ့ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ထိုင်းနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအသစ်တစ်ခုကို ကြိုးစားဖော်ဆောင်သွားနိုင်ဖို့ ရည်မှန်းထားပါတယ်။ ဒီလို ကုန်သွယ်ရေးလမ်းကြောင်းကို ဖော်ဆောင်နိုင်ခဲ့မယ်ဆိုရင် ရှမ်းပြည်နယ်အတွက်သာမကဘဲ တစ်နိုင်ငံလုံးအတွက်ပါ ကုန်ဈေးနှုန်းတွေ တည်ငြိမ်လာမှာဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေလည်း မြောက်မြားစွာပေါ်ထွန်းလာမှာဖြစ်လို့ တိုင်းပြည်စီးပွားရေးကို များစွာအထောက်အကူပြုလာနိုင်မှာဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား။**

စိုက်ပျိုးရေးကဏ္ဍမှာ မိမိဒေသအတွက်လိုအပ်နေတဲ့ စက်ယန္တရားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရင် အချိန်နဲ့ဝင်ငွေ တိုးလာမှာဖြစ်ပါတယ်။ ဒါကြောင့် လူအင်အားသုံးပြီးလုပ်ကိုင်တဲ့ လက်မှုလယ်ယာကနေ ခေတ်မီနည်းစနစ်နဲ့ လူအင်အားသိပ်မလိုအပ်တဲ့ စက်မှုလယ်ယာစနစ်ကို ပြောင်းလဲနိုင်ရပါမယ်။ ဒါဟာလည်း ကျွန်တော်တို့ပါတီက ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား။**

အချုပ်အားဖြင့်ဆိုရင် ကျားဖြူပါတီဟာ နိုင်ငံသားများရဲ့ ရပိုင်ခွင့်ဆောင်ရွက်ပိုင်ခွင့်နဲ့အညီ ကိုယ်စားပြုပိုင်ခွင့် ရွေးချယ်ပိုင်ခွင့်ကို လေးစားတန်ဖိုးထားပြီး ပြည်သူတို့ရဲ့ ရင်ထဲကပါတီ၊ ပြည်သူ့ထံမှ ပြည်သူ့ထံသို့ ကြိုးပမ်းဆောင်ရွက်မယ့်ပါတီဖြစ်ပါကြောင်း။ ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး ဗဟိုနဲ့အောက်ခြေအဆင့်ဆင့်ကြား ကောင်းမွန်သောစီမံအုပ်ချုပ်မှုယန္တရားကို ဖော်ဆောင်သွားမှာဖြစ်ပါတယ်။



အဲဒါကြောင့်မို့လို့ ...

သမိုင်းတစ်ခေတ် အသစ်ရေးထိုးကြမယ့် ဒီလိုအချိန်အခါမျိုးမှာ ကျားဖြူပါတီနဲ့အတူလက်တွဲပြီး တည်တံ့တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို အတူတကွဝိုင်းဝန်းတည်ဆောက်ကြပါစို့ ...

အနာဂတ်ကောင်းဖို့ ပြည်ထောင်စုကြီးကို ပြန်လည်ဖန်တီးကြပါစို့......

**Create Our Great Future again** လို့ တိုက်တွန်းရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**နိုင်ငံတည်ထောင်ချိန်**

**သံစဉ် လှိုင်ဇော်ဝင်း**

**တေးရေး လရောင်+လှိုင်ဇော်ဝင်း**

**တေးဆို လရောင်+ညီညီ+ မ**

Intro ------ 14 Bar

V1/ နိုင်ငံထူထောင်ချိန်မှာ .......................စုပေါင်းကြစို့လေ
**(ကျား)....ဆို**
ပြည်သူတွေနိုးကြလို့ ........................ရင်ချင်းဆက်ကာရယ်
အသီးပွင့် ပန်းတွေ .........................ယိမ်းကတော့မယ်
ကျားဖြူပါတီ ဦးဆောင်ကာရယ် .......... ရှေ့သို့ချီမယ်
မျှော်မှန်းချက်တွေ အောင်မြင်ဖို့ ............ကြိုးစားနေပါတယ်
တို့တွေမျှော်လင့် ............................တွေးလို့ရင်ခုန်မယ်

V2/ ရင်မှာ ယုံကြည်စွာရယ် .......... ..........တည်ဆောက်ကြစို့ကွယ် **(မ)... ဆို**
ပျော်ရွှင်စွာ နွေးထွေးလို့ ..................ညှိနှိုင်းကြကာရယ်
အသီးအပွင့် ပန်းတွေ .....................စိမ်းလန်းတော့မယ်
ကျားဖြူပါတီ ဝင်ရောက်ကာရယ် ............... တိုင်းကျိုးကာကွယ်
မြန်မြန်ဆန်ဆန် အောင်မြင်ဖို့ .................. ဝိုင်းလို့ကူညီကွယ်
တို့တစ်တွေအောင်ရက်................... တွေးလို့ပျော်နေမယ်
(ဟေး) **Solo ................အဝင်**

V3/ ရောင်နီအာရုံမှာ ..............................ဒို့အားသစ်တို့ဝေ
**(ကျား+မ)**
စိုပြည်စွာ ဖူးပွင့်လို့ ..........................အိုလှပပါတယ်
အသီးပွင့် ပန်းတွေ .......................... ရိတ်သိမ်းကြရမယ်
ကျားဖြူပါတီ ဦးဆောင်တာကို..............သွားစို့အတူကွယ်
ရည်မှန်းချက်တွေ အောင်မြင်ဖို့..............ပေါင်းစုညီကာရယ်
တို့တစ်တွေ လက်တွဲ.............................စည်းလုံးစွာနေမယ်
တို့တစ်တွေ မျှော်လင့်...........................တွေးလို့ရင်ခုန်တယ်
တို့တစ်တွေ အောင်ရက် .....................စောင့်လို့မျှော်နေမယ် (ဟေး)

သံပြိုင်သီဆို ကျား + မ ဟေး......Fade..... out 3 ခေါက်

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်။

**၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်**
**(၁၄-၁၁-၂၀၂၅)**

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေး တာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။
- အသိပညာအတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။
- အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေး။
- အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

# ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ ကျင်းပသည့် (၇၅)ကြိမ်မြောက် စိန်ရတုဗုဒ္ဓဝင်နှင့် (၃၈)ဖြာ မင်္ဂလာတရားတော်စာမေးပွဲ အောင်မြင်စွာဖြေဆိုခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၉**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဗဟိုမှကြီးမှူး၍ ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ ကျင်းပသည့် (၇၅)ကြိမ်မြောက် စိန်ရတုဗုဒ္ဓဝင်နှင့် (၃၈)ဖြာမင်္ဂလာတရားတော်စာမေးပွဲ ဖြေဆိုပွဲ၌ အောင်မြင်စွာဖြေဆိုခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကန်အောက်ရပ်ကွက်၊ သာသနာ့လင်္ကာရကမ္ဘာ့ဇ၊ သာသနာ့ဗိမာန် (၅)ထပ်ဆောင်၌ ပြုလုပ်ရာ တောင်ကြီးမြို့၊ စွန်းလွန်းဂူကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသအမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အေးစေတီပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တလက္ခဏာသာမိထံမှ (၅)ပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ပြည်နယ်သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တတေဇဝန္တထံမှ သြဝါဒခံယူကာ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်၊ ယင်းနောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဗဟိုသို့ သွားရောက်ဆုယူကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက လှူဒါန်းကြသည့် အလှူငွေများကို တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး စာဖြေဌာနအလိုက် အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းတို့တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများနှင့် အထူးအောင်မြင်သူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# စစ်တွေမြို့၌ ရန်အောင်ဇေယျသုခမင်္ဂလာစေတီတော်နှင့် မဟာဗောဓိပင်ဂြိုဟ်ရှစ်ခွင် ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင် အလှူတော်မင်္ဂလာပြုလုပ်



စစ်တွေမြို့၌ ရန်အောင်ဇေယျသုခမင်္ဂလာစေတီတော်နှင့် မဟာဗောဓိပင်ဂြိုဟ်ရှစ်ခွင် ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင် အလှူတော်မင်္ဂလာပြုလုပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၉**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ/စစ်သည်၊ မိသားစုဝင်တို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ထားကိုးကွယ်သော ရန်အောင်ဇေယျသုခမင်္ဂလာစေတီတော်နှင့် မဟာဗောဓိပင် ဂြိုဟ်ရှစ်ခွင် ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ စစ်တွေမြို့၊ နန္ဒာရာမပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒာသီရိ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ သံဃာတော်များက ရန်အောင်ဇေယျသုခမင်္ဂလာစေတီတော်နှင့် မဟာဗောဓိပင် ဂြိုဟ်ရှစ်ခွင် ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင် ပူဇော်ကြသည်။ ထို့နောက် တပ်နယ်ဓမ္မာရုံ၌ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နန္ဒာရာမပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ စစ်တွေမြို့၊ ရွှေစေတီကျောင်းတိုက်၊ ပဓာနနာယကဆရာတော်အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအရိယဝံသထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## ■ ကျောဖုံးမှအဆက်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) မှ သင်တန်းသား၊ သင်တန်းသူများက သောင်းသောင်းဖြဖြ လာရောက်ကြိုဆိုကြသည်။

ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး 48–51 kg (Female) ၄၈–၅၁ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် မနှင်းသက်ဝေက ရွှေတံဆိပ်တစ်ခု၊ Dual Knife From (Female) အမျိုးသမီး ဓားမြှောင်နှစ်လက်အပြပြိုင်ပွဲနှင့် Ying Yang Sword From (Female) အမျိုးသမီး ဓားတစ်လက်အပြပြိုင်ပွဲတို့တွင် မမေဟန်နီအောင်လွင်က ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ် တစ်ခု၊ Dragon –Tige From (Male) အမျိုးသားလက်သိုင်းအပြပြိုင်ပွဲတွင် မောင်တင်ထူးဇော်က ငွေတံဆိပ်တစ်ခု၊ Pair Knife From(Male) အမျိုးသားနှစ်ယောက်တွဲ ဓားမြှောင်အတိုက်အပြပြိုင်ပွဲတွင်မောင်ဟိန်းထက်အောင်နှင့် မောင်ကျော်သူစိုးအောင်တို့အတွဲက ငွေတံဆိပ် တစ်ခု၊ Four– Element Staff From (Male) အမျိုးသား တုတ်ရှည်အပြပြိုင်ပွဲတွင် မောင်တင်ထူးဇော်က ငွေတံဆိပ်တစ်ခု၊ Pair Sword from (Male) အမျိုးသားနှစ်ယောက်တွဲ ဓားရှည်နှစ်လက်အတိုက်အပြပြိုင်ပွဲနှင့် Pair Machette From (Males) အမျိုးသားနှစ်ယောက်တွဲ ဓားရှည်တစ်လက် အတိုက်အပြပြိုင်ပွဲတို့တွင် မောင်ဟိန်းထက်အောင်နှင့် မောင်တင်ထူးဇော်တို့အတွဲက ငွေတံဆိပ် နှစ်ခုရရှိခဲ့သည်။

ထို့ပြင် Mix Basic Self Defense Technique (3 Females 3 Males) အမျိုးသမီး သုံးဦးနှင့် အမျိုးသား သုံးဦး လက်နက်မဲ့အသင်းလိုက်အပြပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်၊ မောင်ကျော်သူစိုးအောင်၊ မောင်တင်ထူးဇော်၊ မချစ်နိုဒီဆောင်း၊ မမေဟန်နီအောင်လွင်နှင့် မနှင်းသက်ဝေတို့အတွဲက ကြေးတံဆိပ်တစ်ခု၊ Ying Yang Sword From (Male) အမျိုးသားဓားတစ်လက် အပြပြိုင်ပွဲတွင်မောင်ကျော်သူစိုးက ကြေးတံဆိပ် တစ်ခု၊ (1 females Defense against males with weapon) အမျိုးသမီး တစ်ဦးနှင့် အမျိုးသား သုံးဦး လက်နက်ပါ အပြပြိုင်ပွဲတွင် မမေဟန်နီအောင်လွင်၊ မောင်ဟိန်းထက်အောင်၊ မောင်ကျော်သူစိုးအောင် နှင့် မောင်တင်ထူးဇော်တို့အတွဲက ကြေးတံဆိပ် တစ်ခု၊ Cross – From (Male) အမျိုးသား တစ်ဦးချင်း လက်သိုင်းအပြပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်က ကြေးတံဆိပ် တစ်ခု၊ (Female Self Defense From) အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဓားမြှောင်ပါ ခုခံကာကွယ်နည်းအပြပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင် နှင့် မချစ်နိုဒီဆောင်းတို့အတွဲက ကြေးတံဆိပ် တစ်ခုကိုလည်းကောင်း၊ Pair Sword From (Female) အမျိုးသမီးနှစ်ယောက်တွဲ ဓားရှည် နှစ်လက်အတိုက်အပြပြိုင်ပွဲတွင် မချစ်နိုဒီဆောင်းနှင့် မမေဟန်နီအောင်လွင်တို့အတွဲက ကြေးတံဆိပ်တစ်ခု ရရှိခဲ့ပြီး နိုဝင်ဘာလ ၇ ရက် ပြိုင်ပွဲများပြီးဆုံးချိန်၌ မြန်မာအသင်းအနေဖြင့် အားကစားနည်းအမျိုးအစား (Event) ၁၄ ခုတို့တွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ် ခုနစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၄ ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

## (၉-၁၁-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တွေ့ဆုံ၍ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်နေမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ယမန်နေ့နံနက်ပိုင်းက ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရောဝတီတိုင်းဒေသကြီးသည် လယ်ယာထွက်ပို့ကုန်သီးနှံများ အများဆုံးစိုက်ပျိုးထုတ်လုပ်သည့်တိုင်းဒေသကြီးဖြစ်ကြောင်း၊ အဓိကလယ်ယာထွက်ကုန်များဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်းနှင့် ရေထွက်ကုန်များကို ပြည်ပသို့နှစ်စဉ်တင်ပို့၍ နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာထွက်ကုန်သီးနှံများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ်ပြောင်းလဲထုတ်လုပ်ပြီး ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေးနှင့် မြန်မာ့ပေါ်ဆန်းကို ကမ္ဘာ့ဈေးကွက်သို့ အဆင့်မီတင်ပို့နိုင်ရေး ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ပြင် ဒေသတွင်း MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် စက်ပစ္စည်းနှင့် လိုအပ်သည့်ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်း၊ MSMEs လုပ်ငန်းများမှ ထွက်ရှိသောပစ္စည်းများမှာ များစွာတိုးတက်ကောင်းမွန်လာပြီဖြစ်၍ ဈေးကွက်အတွင်း ရောင်းအားတိုးမြင့်လာသည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

ထို့နောက် ရောဝတီတိုင်းဒေသကြီး ပဲနှမ်းအသင်းဥက္ကဋ္ဌ၊ ဟင်္သာတမြို့နယ် ဆန်စက်ပိုင်ရှင်များ အသင်းဥက္ကဋ္ဌနှင့် ဟင်္သာတမြို့ ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌတို့က သီးနှံများကြိတ်ခွဲထုတ်လုပ်တင်ပို့နိုင်မှု၊ ပြည်တွင်းသို့ဖြန့်ဖြူးပေးနိုင်မှုတို့ကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ရောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ Global Earth Agro & Aqua Industry Public Co., Ltd. ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးရာ Global Earth Agro & Aqua Industry Public Co., Ltd. ဥက္ကဋ္ဌ ဦးငွေးမြင့်က လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ရှင်းလင်းပြသပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြဝတီ

# တောင်သူများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ တွေ့ဆုံ ဆောင်းနေကြာမျိုးစေ့နှင့် အနိမ့်တင်ဆိုလာများ ထောက်ပံ့ပေးအပ်



နေပြည်တော် နိုဝင်ဘာ ၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းဝင်း သန့်ရှင်းသာယာလှပစေရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပြည်သူလူထုများမှ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများပေးအပ်ကာ ဆန်နှင့်စားသုံးဆီများ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ရေအေးကျေးရွာ (KC)၌ တောင်သူတွေ့ဆုံပွဲနှင့် သီးထပ်စိုက်ပျိုးနိုင်ရေး အနိမ့်တင်ဆိုလာပန့်များ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်၍ နေပြည်တော်အတွင်း သီးထပ်စိုက်ပျိုးနိုင်ရေး၊ မိုး၊ ဆောင်း၊ နွေ ရာသီပြည့်စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြေအောက်ရေ စက်ရေတွင်းများတူးဖော်ခြင်း၊ ဆိုလာစနစ်ပြောင်းလဲတပ်ဆင်ခြင်း၊ ယာယီချောင်းပိတ်ဆည်များ တည်ဆောက်ခြင်း၊ ဆိုလာနှင့်လျှပ်စစ်ရေတင်စနစ်များ တည်ဆောက်ခြင်း၊ ကျေးလက်ထိန်းဆည်များပြုပြင်ခြင်း၊ သဘာဝဘေးအန္တရာယ်မှကာကွယ်နိုင်ရန် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများကို အနိမ့်တင်ဆိုလာပန့်များနှင့် နေပြည်တော်ကောင်စီဝင်က ရေဆင်းမျိုးနေကြာ-၁ နေကြာမျိုးစေ့များပေးအပ်ကာ တောင်သူများ၏ တင်ပြဆွေးနွေးချက်များအပေါ် ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်တို့အတွင်း မန္တလေးမြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်လမ်းပိုင်းများ နိုင်လွန်ကတ္တရာခင်းကျင်းနေမှု၊ လမ်းဘေးပလက်ဖောင်းများနှင့်ကပ်တုံးများပြန်လည်ပြုပြင်နေမှုအခြေအနေများ၊ လမ်းများသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် လမ်းဘေးမြေယာရှုခင်းများ သန့်ရှင်းသာယာရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ




နေပြည်တော် နိုဝင်ဘာ ၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အခမ်းအနားအစီအစဉ်နှစ်ရပ်ဖြင့်ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ဘွဲ့ရမောင်မယ်များအတွက် ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၂၄-၂၅ ပညာသင်နှစ် အထူးပြုဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိကြသော ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက ဘွဲ့ရမောင်မယ်များကို ဘွဲ့လက်မှတ်များပေးအပ်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

ယနေ့ကျင်းပသော သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာမဟာဘွဲ့ နှစ်ဦး၊ စာရင်းကိုင်ပညာနှင့် ဘဏ္ဍာရေးပညာ ဘွဲ့လွန်ဒီပလိုမာ တစ်ဦးနှင့် (စာရင်းကိုင်ပညာနှင့်ဘဏ္ဍာရေးပညာ) စီးပွားရေးသိပ္ပံဘွဲ့ ၈၂ ဦး၊ (ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ) စီးပွားရေးသိပ္ပံဘွဲ့ ၆၇ ဦး၊ (အသုံးချစာရင်းအင်းပညာ) စီးပွားရေးသိပ္ပံဘွဲ့ ၅၀ ဦး၊ (ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ) စီးပွားရေးသိပ္ပံဘွဲ့ ၄၅ ဦး၊ (လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ) စီးပွားရေးသိပ္ပံဘွဲ့ ၃၇ ဦး စုစုပေါင်း တက်ရောက်ဘွဲ့ယူသူ ၂၄၄ ဦးနှင့် အဝေးရောက်ဘွဲ့ယူသူ ၄၀) တို့ကို ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၃၀°C |
| ရန်ကုန် | ၂၄°C | / | ၂၈°C |
| မန္တလေး | ၂၄°C | / | ၃၃°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# Naypyitaw State Academy တည်ထောင်ခြင်း (၃) နှစ်ပြည့် အခမ်းအနားကျင်းပ




နေပြည်တော် နိုဝင်ဘာ ၉

Naypyitaw State Academy တည်ထောင်ခြင်း (၃)နှစ်ပြည့်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါတက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချော စိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ Naypyitaw State Academy ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက Naypyitaw State Academy ကို "ပညာရှင်များမွေးထုတ်ရာ ဦးဆောင်တက္ကသိုလ်" ဖြစ်လာရန် မျှော်မှန်းချက်ဖြင့် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၉ ရက်က တည်ထောင်ဖွင့်လှစ်ခဲ့ရာ ယနေ့ ဆိုလျှင် (၃)နှစ်ပြည့်မြောက်ပြီဖြစ်ပြီး စဉ်းစား တွေးခေါ်ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူ လေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေ သနနှင့် တီထွင်ဆန်းသစ်မှုကိုအားပေး သည့် အဆင့်မြင့်ပညာရပ်များကိုသင်ယူရာ ထိပ်တန်းတက္ကသိုလ်ဖြစ်လာစေရန် ဦးတည် ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ Naypyitaw State Academy ကို စတင်ဖွင့်လှစ် သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဝိဇ္ဇာ ပညာ မဟာဌာန၊ သိပ္ပံပညာ မဟာဌာန၊ စီးပွားရေးပညာ မဟာဌာန၊ ဥပဒေပညာ မဟာဌာနစသည်ဖြင့် မဟာဌာနကြီးလေးခု၊ အထူးပြုဘာသာရပ် ၁၂ ခုတွင် ကျောင်းသား၊ ကျောင်းသူ ၁၂၆ ဦးကို လက်ခံသင်ကြား ခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဆေးပညာ မဟာဌာန၊ ၂၀၂၄-၂၀၂၅ ပညာ သင်နှစ်တွင် လူမှုရေးပညာ မဟာဌာနနှင့် အားကစားပညာ မဟာဌာနတို့ကို တိုးချဲ့ ဖွင့်လှစ်ခဲ့ပြီး မဟာဌာနကြီး ခုနစ်ခု၊ အထူးပြု ဘာသာရပ် ၂၀ တွင် ပထမနှစ်မှ မဟာတန်း အထိ တန်းစုံဖွင့်လှစ်သင်ကြားနိုင်ခဲ့ကြောင်း။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် Nuclear Physics၊ ကုန်ထုတ်ဓာတုဗေဒ၊ စာကြည့်တိုက်နှင့် သုတပညာ၊ သံတမန်ရေးရာ အထူးပြု ဘာသာရပ် လေးခုကို ထပ်မံဖွင့်လှစ်လိုက် သည့်အတွက် အထူးပြုဘာသာရပ် ၂၄ ခု ကို ဖွင့်လှစ်သင်ကြားပို့ချနေကြောင်း၊ အရည်အသွေးရှိသော သင်ကြားသင်ယူမှုကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သင်ကြားရေး အထောက်အကူပြုပစ္စည်းများ၊ ခေတ်မီ လက်တွေ့ခန်းသုံးပစ္စည်းများ၊ ကိုယ်ကာယ ကြံ့ခိုင်မှုပစ္စည်းများ၊ ရည်ညွှန်းစာအုပ်များ၊ Internet Access နှင့် e-library တို့ကို ဖြည့်ဆည်းပေးထားကြောင်း ပြောကြား သည်။

ဆက်လက်၍ Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင် က သုံးနှစ်တာအတွင်းဆောင်ရွက်ခဲ့မှုအခြေ အနေများနှင့် စာတမ်းဖတ်ပွဲကျင်းပရခြင်း ၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်(၃)နှစ်ပြည့်အတွက် အမှတ်တရ ဂုဏ်ပြုပန်းစည်းပေးအပ်ရာ ပါမောက္ခချုပ်က လက်ခံရယူကာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ခင်းကျင်းပြသထားသည့် သုတေ သနပြခန်းများကို လိုက်လံကြည့်ရှုအားပေး ကြသည်။

ယင်းနောက် သုတေသနစာတမ်းဖတ်ပွဲ ကို ဆက်လက်ကျင်းပကြပြီး သုတေသန စာတမ်းပေါင်း ၂၀ ကို ဖတ်ကြားကာ စာတမ်း ရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ် ၍ Naypyitaw State Academy ဒုတိယ ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်က ဂုဏ်ပြုအမှာစကားပြောကြားကာ အခမ်း အနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Naypyitaw State Academy အတွင်း ဆောက်လုပ်နေဆဲဖြစ်သည့် ဘွဲ့နှင်း သဘင်ခန်းမ၏အခြေအနေကို လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြဝတီ

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ဘားအံ နိုဝင်ဘာ ၉

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ဒုံးအကပြိုင်ပွဲကို ကရင်ရိုးရာ ယဉ်ကျေးမှု ဒုံးအဖွဲ့ပေါင်း ၂၀ ဖြင့် ဘားအံမြို့ သီရိကွင်း ဒုံးစင်မြင့်၌ ညစဉ်ကပြဖျော်ဖြေ ယှဉ်ပြိုင်လျက်ရှိရာ ယမန်နေ့ညပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ဒုံးအဖွဲ့များ၏မြူးကြွ သွက်လက်မြိုင်ဆိုင်စွာ ကပြဖျော်ဖြေ ယှဉ်ပြိုင်နေမှုများကို ဒေသခံပြည်သူများ နှင့်အတူ ကြည့်ရှုအားပေးခဲ့ကြသည်။



ဒုံးအကပြိုင်ပွဲ၏ စတုတ္ထမြောက်ည ယှဉ်ပြိုင်မှုအဖြစ် ထိုင်းရောက်ကရင်ပရဟိတ ကုံလွှဲ ယဉ်ကျေးမှုဒုံးအဖွဲ့၊ ပိုင်ကျုံတိုက်နယ် ကိုယ်စားပြု စုပေါင်းဒုံးအဖွဲ့၊ ကော့ကရိတ် ဘုန်းတော်ကြီးသင်ပညာရေး ဒုံးအဖွဲ့(၁)၊ နယ်စပ်ပွင့်ဝေ DKBA ဒုံးအဖွဲ့၊ မိဇံတိုက်နယ် စုပေါင်းဒုံးအဖွဲ့၊ လှိုင်းဘွဲ့မြို့နယ်ကိုယ်စားပြု ဒုံးအဖွဲ့၊ အိန္ဒြူတိုက်နယ်ကိုယ်စားပြု လွန်းညဒုံးအဖွဲ့၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ် BGF ဒုံးအဖွဲ့၊ ဘားအံမြို့တော် စုပေါင်းဒုံးအဖွဲ့၊ ထုံးအိုင်တိုက်နယ် စုပေါင်း ဒုံးအဖွဲ့တို့က ဖားစည်၊ ကျွဲချို၊ အိုးစည်၊ ဘင်၊ နှဲ၊ မောင်း၊ စည်း၊ ဝါး၊ လင်းကွင်းတို့ကို တီးမှုတ်ကြပြီး ကရင်တိုင်းရင်းသားတို့၏ လူနေမှုဘဝများ၊ ရိုးရာယဉ်ကျေးမှုဓလေ့ ထုံးတမ်းများ၊ မျက်မှောက်ခေတ်ကာလ အတွင်း ကြုံတွေ့နေရသည့်အခြေအနေ များကို ရေးစပ်သီကုံးထားသည့် ကရင် တေးသီချင်းများကို သံပြိုင်သီဆို၍ မြူးကြွ သွက်လက်မြိုင်ဆိုင်စွာ ကပြယှဉ်ပြိုင်နေမှု များကို ပြည်နယ်ဝန်ကြီးချုပ်၊ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေး အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီ များ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုများပေးအပ် ချီးမြှင့်ကြသည်။

အလားတူ နှစ်(၇၀)ပြည့် ကရင်ပြည်နယ် နေ့အထိမ်းအမှတ် ဌာနဆိုင်ရာများ၏ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာပြခန်းများ၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းများ၏ ပြခန်း များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ၏ ဒေသထွက် ကုန်အရောင်းပြခန်းများ၊ စင်တင်တေးဂီတ ဖျော်ဖြေပွဲများ၊ ရိုးရာလက်ဖွဲ့စိန်ခေါ်ပွဲ များ၊ အားကစားပြိုင်ပွဲများ၌ ဒေသခံ တိုင်းရင်းသားပြည်သူများ အေးချမ်း ပျော်ရွှင်စွာပါဝင်ဆင်နွှဲလျက်ရှိရာ ပြည်နယ် ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက လိုက်လံ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရ သည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# ပြည်ပမှ စားအုန်းဆီတင်သွင်းဖြန့်ဖြူးသည့်လုပ်ငန်းရှင်များနှင့် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၉

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူး ခြင်းလုပ်ငန်းကော်မတီအတွင်းရေးမှူး စားသုံး သူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်း ရှင်များအသင်းမှ တာဝန်ရှိသူများသည် ပြည်ပ မှစားအုန်းဆီတင်သွင်း ဖြန့်ဖြူးလျက်ရှိသော ကုမ္ပဏီများမှ တာဝန်ရှိသူများကို ယနေ့ မွန်းလွဲပိုင်းတွင် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်း အဝေးခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ လုပ်ငန်းကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ်က စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီသည် လမ်းညွှန်မှုနှင့်အညီ စားသုံး သူ ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီ ဝယ်ယူသုံးစွဲနိုင်ကြစေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိကြောင်း၊ စားအုန်းဆီတစ်ပိဿာ အခြေခံလက်ကား ရည်ညွှန်းဈေးကို အပတ်စဉ်ထုတ်ပြန်ပေး လျက်ရှိပြီး သက်ဆိုင်ရာဒေသသို့ သတ်မှတ် ကာလအတွင်း သတ်မှတ်ပမာဏအတိုင်း စားအုန်းဆီဖြန့်ဖြူးရောက်ရှိစေရေး၊ ဖြန့်ဖြူး ရောင်းချကြရာတွင် အရည်အသွေး၊ အရေအတွက်၊ အလေးချိန်ပြည့်မီစေရေး၊ ဈေးနှုန်းမှန်ကန်မှုရှိစေရေး စနစ်တကျ ထိန်းကျောင်း ဆောင်ရွက်လျက်ရှိကြောင်း၊ စားအုန်းဆီတင်သွင်းဖြန့်ဖြူးသည့် လုပ်ငန်း ရှင်များအနေဖြင့် ပြည်သူများသို့ စားအုန်း ဆီဖြန့်ဖြူးရာတွင် သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဈေးနှုန်း မြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ် ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာ သောနည်းလမ်းများဖြင့် သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ စစ်ဆေး တွေ့ရှိရပါက တာဝန်ရှိသူအဆင့်ဆင့်အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြား သည်။



အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စားအုန်းဆီ တင်သွင်းဖြန့်ဖြူးလျက်ရှိသည့် လုပ်ငန်းရှင် များ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Plan underway to grow more than 1,000 acres of chilli in Yinmabin District



YINMABIN November 9

Preparations are being made to cultivate 1,585 acres of chilli plantations in Yinmabin District of Sagaing Region this year, according to the Regional Agriculture Department.

During the 2025–2026 winter crop season, chilli cultivation in Yinmabin District has been planned for a total of 1,585 acres — with 1,131 acres in Yinmabin Township, 229 acres in Kani Township, and 225 acres in Pale Township.

"This year, Yinmabin District has planned to grow over 1,000 acres of chilli during the winter crop season. Efforts will be made to achieve the planned acreage. The chilli crops are growing well so far, and we will continue to encourage farmers to engage in commercial-scale chilli cultivation," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Agriculture Department.

For chilli growers, the respective district and township agriculture department staff are providing technical assistance to help increase yields, improve access to markets, prevent and control pest infestations, and enhance soil fertility.

The production cost for chilli cultivation, from planting to harvesting, is estimated at around Ks-1.5 million per acre for owned farmland and about Ks-2.5 million per acre for leased farmland. Chilli can be harvested every 15 days and continues producing for up to six months. At the beginning of the harvest period, yields are about 100 viss per acre, and in the following weeks, the yield ranges between 400 and 500 viss per acre, according to reports.

**SK**

# Authorities earmark cultivation of more than 18,000 acres of winter sunflower in Budalin this year

BUDALIN November 9

Local authorities of Budalin Township of Sagaing Region set a plan to grow more than 18,000 acres of winter sunflower in the township this year, according to the Township Agriculture Department.

During the 2025–2026 winter crop season, 18,120 acres of sunflower are planned for cultivation in Budalin Township, with planting scheduled to take place from October to December this year.

To expand sunflower cultivation in Budalin Township, the Agriculture Department is conducting intensive awareness and training programs to enhance the capacity of both staff and sunflower farmers.

This year, sunflower farmers in Budalin Township will be provided with seed support, while Urea and compound fertilizers will be sold at affordable prices. Newly harvested sunflower varieties will also be distributed through farmer-to-farmer seed exchange systems.

**SMK**

# Dabayin Township plans to grow more than 3,000 acres of green gram in coming winter

DABAYIN November 9

Local authorities have earmarked cultivation of more than 3,000 acres of green gram in coming cold season in Dabayin Township of Sagaing Region, according to YeU District Agriculture Department.

For the 2025-2026 winter crop season, Dabayin Township has planned to cultivate 3,939 acres of green gram. The cultivation is scheduled to take place from October to December this year, according to reports.

"This year, for the winter crop season, we've planned to grow over 3,000 acres of green gram in Dabayin Township. We will make efforts to fully meet the target acreage. The cultivation of green gram has been improving year by year. There will also be educational activities to encourage expansion of cultivation and to promote the use of quality and pure seeds for better yields," said Head of YeU District Department of Agriculture U Zaw Myint Tun.

This year, the relevant Township Department of Agriculture will provide green gram growers in Dabayin with technical assistance on using quality and locally suitable seed varieties, ensuring purity of seed, applying proper cultivation methods, preventing pest infestations, using fertilizers systematically, and improving yields.

During the monsoon crop season this year, the Department of Agriculture has also been working together with farmers on various kinds of pulses cultivation by providing high-quality and pure seeds, necessary inputs, and post-harvest technologies to help achieve better yield and quality.

**SK**

# Dedaye Township sends assorted dried fish to Yangon market

DEDAYE November 9

Local merchants from Dedaye Township of Ayeyawady Region sold 73,000 viss of assorted dried fish to Yangon market said Daw Win Htay, the owner of dried fish trading depot in Dedaye Township.

Dedaye Township managed to sell up to 73,000 viss of assorted dried fish to the Yangon market.

The exported dried fish mainly included dried mackerel, dried stingray, dried sea climbing perch, dried sea flatfish, and dried needlefish, among other varieties.

"A variety of marine dried fish from our area are systematically processed and mainly sent for sale to the Yangon market. Over the past month, we sold more than 70,000 viss of dried fish.



Demand from the Yangon market for local products has been strong, leading to higher sales. The price of dried fish remains normal," said Daw Win Htay.

The selling prices per viss of the exported dried fish varieties were dried needlefish fetching Ks-29,500 per viss, dried mackerel Ks-55,000 per viss, dried sea flatfish Ks-58,000 per viss, dried stingray Ks-55,000 per viss and dried climbing perch Ks-29,500 per viss.

**SMK**

# Myaung Township to cultivate more than 7,000 acres of maize and sweet corns in coming winter



MYAUNG November 9

According to the statistics of Sagaing District Agriculture Department, local farmers will grow more than 7,000 acres of maize and sweet corns in Myaung Township of Sagaing Region in coming cold season.

For the 2025-2026 winter crop season, Myaung Township has planned to cultivate a total of 7,950 acres — 7,224 acres of maize and 726 acres of sweet corn. The cultivation period will run from October to December this year, according to reports.

"This year, for the upcoming winter crop season, we have planned to grow over 7,000 acres of maize and sweet corn in Myaung Township. We will make efforts to fully meet the target acreage. Currently, maize cultivation has already exceeded the planned acreage. To ensure successful maize production, we will continue providing awareness programmes and technical support, including measures to prevent pest and disease infestations," said Head of Sagaing District Department of Agriculture Daw Myat Moe Win.

This year, the Township Department of Agriculture will conduct training sessions, field demonstrations, and awareness campaigns for maize and sweet corn growers in Myaung Township. The programmes will include early pest prevention, integrated pest management practices, and guidance on the proper use of pesticides and natural repellents such as neem, ginger, and chilli mixtures.

In Myaung Township, the average yield per acre of maize is over 50 baskets, with a cultivation cost of about Ks-500,000 per acre. For sweet corn, the yield is around 15,000 ears per acre, with production costs exceeding Ks-500,000 per acre.

**SK**

# Preparations made to grow more than 2,000 acres of winter sesame in Tamu District

TAMU November 9

According to the Tamu District Agriculture Department, local farmers will cultivate more than 2,000 acres of winter seaame in Tamu District of Sagaing Region.

For the 2025-2026 winter crop season, Tamu District has planned to cultivate a total of 2,411 acres of winter sesame — with 1,681 acres in Myothit Township, 350 acres in Tamu Township, and 380 acres in Khampak Township, according to reports.

"For this winter crop season in Tamu District, we have planned to grow over 2,000 acres of winter sesame. We will make efforts to meet the target acreage. Sesame cultivation has been improving year by year, and it is mostly grown during the winter season. As an oil crop, sesame is performing successfully," said Head of Tamu District Department of Agriculture U Hla Myint.

This year, the respective Township Departments of Agriculture will provide awareness and technical assistance to sesame growers in Tamu District to promote expansion of cultivation, proper cultivation methods, adoption of Good Agricultural Practices (GAP), and the use of quality, pure, and high-yielding varieties.

Crops cultivated under the GAP system are of higher quality than those grown using other methods, fetch better prices, and can be marketed not only domestically but also internationally. Consequently, farmers practicing GAP-based cultivation are expected to enjoy greater profitability and improved socio-economic livelihoods.

**SK**

# Kawlin District to place more than 9,000 acres of croplands under groundnut plants in coming winter

KAWLIN November 9

Statistics of Kawlin District Agriculture Department mentioned that local farmers will plant more than 9,000 acres of groundnut in coming cold season in Kawlin District of Sagaing Region.

For the 2025-2026 winter crop season, Kawlin District has planned to cultivate a total of 9,088 acres of groundnut — with 6,100 acres in Kawlin Township, 2,355 acres in Wuntho Township, and 633 acres in Pinlebu Township. The cultivation period is set from October to December this year, according to reports.

"This year, for the upcoming winter crop season, we have planned to grow over 9,000 acres of groundnut in Kawlin District. We will make efforts to fully meet the target acreage. Groundnut cultivation has been progressing successfully and continues to improve year by year. As an oil crop, groundnut is in a favorable and successful position," said U Win Thein, Head of District Department of Agriculture.

In Kawlin District, about one and a half baskets of seeds are used per acre of groundnut cultivation, with the cost per acre exceeding Ks-200,000, including expenses for seeds, labour, fertilizers, and pesticides. On average, over 50 baskets of groundnut are harvested per acre.

This year, departmental staff from the respective Township Departments of Agriculture will conduct field inspections and maintain field monitoring records to ensure successful groundnut cultivation in Kawlin District, prevent pest and disease outbreaks, and keep the fields weed-free.

**SMK**

# Plan underway to place more than 4,000 acres of croplands under onions



SAGAING November 9

Arrangements are being made to cultivate more than 4,000 acres of onions as winter crops in Sagaing District of Sagaing Region this year.

In this regard, local farmers will plant 1,802 acres of onion in Sagaing Township, 1,110 acres in Myinmu Township and 1,8543 acres in Myaung Township, totalling 4,765 acres.

During this year's winter crop season in Sagaing District, more than 4,000 acres of onion are planned for cultivation. Efforts will be made to fully meet the target acreage. Onion cultivation will proceed as usual, and arrangements are being made to help ensure good market prices, said Daw Myat Moe Win, Head of the Sagaing District Agriculture Department.

In Sagaing District, the respective Township Agriculture Departments are supporting onion farmers by linking them to markets for better prices, providing techniques for longer storage, encouraging cultivation under GAP practices, and promoting improved quality.

It is learned that onion farmers in the district typically invest around Ks-1.8 million per acre, with yields averaging 5,000 viss per acre.

Within Sagaing Region, onions are widely cultivated, with the largest onion-growing townships being Monywa, Yinmabin, ChaungU, Shwebo, and Myinmu.

**SMK**

# Putin has not ordered nuclear test preparations, decision must be carefully weighed - Kremlin

MOSCOW November 9

Russian President Vladimir Putin has not given any instructions to begin preparations for nuclear tests; first, it must be determined whether Russia needs to do so, Kremlin spokesman Dmitry Peskov said.

"The president has not issued any orders to begin preparations. First, we need to understand whether we actually need to do this. It must be a very serious, well-founded, and carefully considered decision. That is what our specialists are currently working on," Peskov told Russian media.

On Wednesday, Russian President Vladimir Putin held a meeting of the Security Council. During the session, Defence Minister Andrei Belousovstated that he considered it appropriate to begin preparations for resuming nuclear tests at the Novaya Zemlya test site. Putin instructed officials to gather information, conduct an analysis within the Security Council framework, and submit proposals on the possible commencement of work to prepare for nuclear weapons testing.

Russia has no intention of violating its obligations under the ban on nuclear testing, Peskov said.

"Putin has repeatedly stated that Russia is committed to its obligations under the nuclear test ban, and we have no plans to breach them," he noted.

If another country violates its obligations under the nuclear test ban, Russia will have to do the same to maintain parity.

Russia and China are not conducting nuclear weapons tests, Peskov said.

Russia will seek to understand exactly what Trump meant when he spoke about nuclear testing, Peskov added.

"What exactly the US President meant—well, we will try to find out," the Kremlin spokesman stated.

**Sputnik**

# Number of canceled, delayed flights in US amid shutdown tops 5,000 - Reports



MOSCOW November 9

The number of flights canceled or delayed in the US on Saturday amid the ongoing government shutdown exceeded 5,000, according to data from online service FlightAware.

Earlier, the service reported 3,207 flights canceled or delayed in the US on Saturday.

According to the service, the total number of delays of domestic and international flights in the US on Saturday is 4,356. In addition, another 1,038 flights were canceled. Thus, passengers on 5,394 flights faced difficulties.

As previously confirmed by US Assistant Secretary of Homeland Security Tricia McLaughlin in an interview with Fox News, due to the shutdown, the number of flight delays and cancellations will only increase.

Earlier, NBC News reported, citing a number of American carriers, that about 700 flights were canceled on Friday.

US authorities announced a forthcoming decision to reduce the number of flights by 10 percent amid the ongoing government shutdown. Later, US President Donald Trump commented on these measures as "a necessity to ensure 100 percent security."

A new fiscal year began in the United States on October 1, but Congress failed to agree on a budget, and the government is now unable to function. Such a government shutdown in the United States implies the cessation of work of some government agencies funded directly by Congress due to the lack of an agreed budget for the next fiscal year, and this is not an uncommon situation. US President Donald Trump previously emphasized that he could use the period of government shutdown for mass layoffs and cuts in payments. According to the president, the problem in agreeing on the budget was created by the position of the Democrats, and the White House is using the current situation to get rid of programs that Republicans don't like.

White House National Economic Council Director Kevin Hassett warned on October 5 that a continued US government shutdown could lead to cuts and losses to GDP of US$-15 billion per week.

**Sputnik**

# 162 hospitalized in Vietnam's southern hub after eating sandwiches

HANOI November 9

A total of 162 people in Vietnam's southern hub Ho Chi Minh City were hospitalized following a case of mass food poisoning linked to two Vietnamese sandwich shops under the same brand, the Vietnam News Agency reported Saturday.

Most victims experienced nausea, vomiting, abdominal pain, diarrhea, fever, and fatigue of varying degrees.

Notably, one patient was in critical condition and receiving intensive care, while a pregnant woman was at risk of premature labor. A blood sample from one patient tested positive for Salmonella.

According to the report, 105 patients have been discharged, while 57 remain under observation and inpatient treatment.

Local authorities have temporarily suspended the two shops and are continuing their investigation into the cause of the outbreak. **Xinhua**

# Super Typhoon Fung-wong claims at least 2 lives ahead of landfall

MANILA November 9

Super Typhoon Fung-wong has claimed the lives of at least two people before making landfall in the Philippines late Sunday or early Monday, authorities said.

Assistant Secretary Bernardo Rafaelito Alejandro, deputy administrator of the Office of Civil Defence (OCD), told a news conference Sunday afternoon that officials are verifying a report of a death in Catanduanes province in the Bicol region.

In Samar province in the central Philippines, firefighters recovered the body of a woman on Sunday from the debris of her house destroyed by Fung-wong's fierce winds, said Juniel Tagarino, head of the city's disaster risk reduction office.

Fung-wong is the 21st tropical cyclone and the most powerful to hit the Philippines this year, surpassing the country's annual average of 20 storms.

The OCD said at least 1.1 million people across 12 regions have been evacuated to safety as the storm approaches.

The state weather bureau warned that the Category 5 typhoon could bring destructive winds, torrential rain, flooding, and landslides, and may disrupt power and essential services.



As of Sunday afternoon, the typhoon was located about 110 km north of Camarines Norte province, packing maximum sustained winds of 185 km per hour and gusts of up to 230 km per hour. It was moving west-northwest at 30 km per hour. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Urgent warning to seafood lovers as scientists discover dangerous microplastics in LOBSTERS

It's bad news for seafood lovers, as dangerous microplastics have been found in the meat of the American lobster for the first time.

Scientists at Dalhousie University analysed the flesh of 16 male and female lobsters found in major fishing regions in Canada's east coast.

They found the tiny toxic particles in every one of the creatures, which are a popular food exported around the world.



Five years ago, scientists found microplastics in the larvae of American lobsters, but this is the first study to find them in the flesh of adults.

The experts say there's an 'urgent need' for continued research and monitoring of lobsters and their microplastic consumption at the site.

'The presence of microplastics in lobster muscle tissue has potential implications for the overall health of lobsters, seafood consumers and various stakeholders,' they say.

'[We need] to fully comprehend the transport and fate of microplastics within marine organisms, the environment and on human health.'

Microplastics – plastic fragments less than 5 mm in diameter, invisible to the naked eye – have been linked with toxic impacts on the body, such as cancer.

In the lab, the researchers examined edible muscle tissue from the tails of 16 American lobsters (Homarus americanus).

The creatures, representing both sexes and a mix of sizes, were caught in four major commercial fishing zones off of Nova Scotia, the eastern Canadian province.

Around 60 percent of Nova Scotia's lobster is exported to buyers in the US, although other important markets include Asia and Europe.

The team used a special dye that makes microplastics glow under a microscope, allowing them to see tiny specks of plastic light up like 'small stars'.


They also used a technique called 'raman spectroscopy' that acts like a chemical fingerprint for each particle to identify each type of plastic embedded in flesh.

Worryingly, all the lobsters examined contained 'internalized microplastics' in their tail muscle tissues, 'possibly originating from the digestive tract'.

On average, the team found six to seven microplastic particles in a single gram of meat (one gram is equivalent to about three pea-sized blobs).

They found the average size of plastic particles was 3.65 micrometres or 0.003 of a millimetre – about 30 times thinner than the width of a human hair.

Interestingly, there were significantly higher microplastic concentrations in lobsters from the south-west zone ('site 1'), although it's unclear why.




In this area, lobsters tended to have shorter tails, but did not have a significantly smaller total weight relative to other lobsters.

Smaller tails may be to due to microplastic ingestion causing reduced feeding and metabolic rates.

The scientists then identified the various plastic specks as polyester clothing fibres, industrial adhesives and marine-grade plastics.

The most abundant polymer identified was polyethylene vinyl acetate, found in everything from footwear to surfboards and shower curtains.

Also abundant were polyester (used to manufacture clothing, home furnishings, carpeting) and polysulfone (used for electrical equipment, in vehicle construction and medical technology).

Already, ingested microplastics have been shown to reduce feeding efficiency and increase mortality rates in various crustaceans, but microplastics will inevitably end up in the human body as we are at the top of the food chain.

The human health risks of ingesting microplastics and other human-made particles are understudied, but have been linked to cancer, DNA damage and cellular damage.

'Microplastics have been detected in human body tissues, including blood, placenta and brains,' the team conclude.

'Their presence in humans has raised concerns regarding potential health effects, such as cardiovascular disease, diabetes, infertility, premature births, and various types of cancers.'

The study, published in the journal Regional Studies in Marine Science, is just the latest to find microplastics in the food we eat.

Earlier this year another team of scientists reported the discovery of microplastics in six popular seafood options – salmon, lingcod, black rockfish, pink shrimp, Pacific herring and Pacific lamprey.

Scientists warned at the time that the foreign fragments travel 'from the ocean to our kitchen table' before being consumed by humans in restaurants and homes.

Microplastics are ubiquitous, having already been found in bottled water, salt, milk, sugar, beer, honey, beef, chicken, veggie burgers and tofu.

**Microplastics in lobsters**

- Polyethylene vinyl acetate - used footwear, packaging, and medical applications
- Polyester - known for its use in the textiles industry
- Polysulfone - involved in making electrical equipment, in vehicle construction and medical technology

**Microplastic pollution harms lobster larvae, 2020 study finds**

Microplastic fiber pollution in the ocean impacts larval lobsters at each stage of their development, a 2020 study found.

The tiny fibres affect the animals' feeding and respiration, and they could even prevent some larvae from reaching adulthood, said the authors at the Bigelow Laboratory for Ocean Sciences in Maine.

The youngest lobsters didn't consume microplastics but they were plagued by fibres accumulating under the shells that protect their gills.

In experiments where the larvae were exposed to high levels of fibers, the youngest larvae were the least likely to survive.

More mobile and agile, the older lobster larvae did not accumulate fibers under their shells but they did ingest the particles and keep them in their digestive systems.

This could be problematic for lobster larvae coming of age in the ocean.

**Mail Online**

# တိုယိုတာရဲ့ Solid State ဘက်ထရီအသစ် နှစ် ၄၀ ကြာအထိသက်တမ်းရှိမည်



တိုယိုတာကုမ္ပဏီဆိုတာ မော်တော်ကားနည်းပညာနဲ့ပတ်သက်လာရင် သူတို့ရဲ့ကောင်းသတင်းကို ထိန်းသိမ်းထားနိုင်တဲ့ကုမ္ပဏီတစ်ခုဖြစ်သလို အခုဆိုရင်လည်း လျှပ်စစ်ကားတွေမှာ အသုံးပြုနိုင်မယ့် သူတို့ရဲ့ဘက်ထရီအမျိုးအစားအသစ်ကို မိတ်ဆက်လိုက်ပါပြီ၊ ဒီဘက်ထရီအမျိုးအစားအသစ်ကတော့ Solid State ဘက်ထရီပါပဲ။ ဒါပေမဲ့ ထူးခြားချက်တစ်ခုက သူတို့ရဲ့ဘက်ထရီဟာ နှစ်ပေါင်း ၄၀ ကြာမြင့်တဲ့အထိကိုအသုံးခံမှာဖြစ်တယ်လို့ တိုယိုတာကုမ္ပဏီဘက်က ကတိပြုထားပါတယ်။

ဒ့ါအပြင် ဒီဘက်ထရီကိုအသုံးပြုပြီး သွားနိုင်မယ့် ခရီးအကွာအဝေးကလည်း အားတစ်ခါသွင်းရုံနဲ့ ကီလိုမီတာ ၁၀၀၀ အထိသွားနိုင်မယ်လို့ ဆိုထားပါတယ်။ မိုင်အားဖြင့်ဆိုရင် ၆၂၁ မိုင်ကျော်ရှိပါတယ်။ ဒ့ါအပြင် နောက်ထပ်အာမခံထားတဲ့တစ်ချက်က ဒီဘက်ထရီတွေရဲ့အရွယ်အစားက သေးငယ်မယ်။ အလေးချိန်က ပေ့ါပါးမယ်။ ထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်ကလည်း နည်းပါးမယ်ဆိုတဲ့အချက်ဖြစ်ပါတယ်၊ နောက်တစ်ချက်က ဒီဘက်ထရီတွေမှာ သမားရိုးကျလျှပ်လိုက်ရည်များကို အသုံးပြုထားတာမဟုတ်တဲ့အတွက် ဘေးကင်းစိတ်ချရမှုအတွက်လည်း အာမခံနိုင်တာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# တရုတ်ကတီထွင်လိုက်တဲ့ အနာဂတ်အာကာသလက်နက်များအတွက် ဂြိုဟ်တုဓာတ်အားပေးစနစ်




တရုတ်နိုင်ငံမှသုတေသနပညာရှင်များက တစ်ချိန်တုန်းက သဘောတရားတစ်ခုအနေနဲ့သာရှိခဲ့ဖူးတဲ့ အာကာသလက်နက်ကိုဖန်တီးနိုင်မယ့်နည်းလမ်း ရှာတွေ့သွားပါပြီ။ အဲဒီလက်နက်က အမှုန်ရောင်ခြည်တန်းလက်နက်ဖြစ်ပါတယ်။ ဒီလက်နက်က ရန်သူ့ဂြိုဟ်တုများနဲ့ဒုံးကျည်များကို ထိရောက်စွာ ချေမှုန်းနိုင်စွမ်းရှိတယ်လို့ ဆိုထားပါတယ်။ ဒီလိုလက်နက်ကိုအသုံးပြုနိုင်ဖို့အတွက် စွမ်းအင်ပမာဏအမြောက်အမြားလိုအပ်ပါတယ်။ အခု တရုတ်နိုင်ငံမှသုတေသနပညာရှင်များက လိုအပ်နေတဲ့စွမ်းအင်ပမာဏကို ပေးစွမ်းနိုင်စေမယ့် ဂြိုဟ်တုဓာတ်အားပေးစနစ်ကို တီထွင်လိုက်နိုင်ပြီပဲဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့အကြီးဆုံးသောဂြိုဟ်တုထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ DFH Satellite ကုမ္ပဏီက သုတေသနပညာရှင်များက ဒီဓာတ်အားပေးစနစ်ကိုဖန်တီးတီထွင်လိုက်တာဖြစ်ပါတယ်။ မြေပြင်မှာစမ်းသပ်မှုအရဆိုရင် ဒီစနစ်က လျှပ်စစ်ဓာတ်အား ၂ ဒသမ ၆ မဂ္ဂါဝပ်ထွက်ရှိပြီး အချိန်ကိုက်ဖြစ်မှုကလည်း သုည ဒသမ ၆၃ မိုက်ခရိုစက္ကန့်အထိ တိကျမှုရှိတာကိုတွေ့ရပါတယ်။ ဒီစနစ်ကိုသာ အမှန်တကယ်သုံးနိုင်ပါက ကာကွယ်ရေးထက်ပိုတဲ့ နယ်ပယ်တွေမှာပါ တွဲဖက်အသုံးပြုလာနိုင်မှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# ရန်သူ့စနစ်များအားလုံးကိုပျက်စီးသွားစေမယ့် အစွမ်းထက်လှတဲ့ အီလက်ထရွန်နစ်စစ်ဆင်ရေးနည်းပညာ



အမေရိကန်နိုင်ငံရဲ့ ဗာဂျီးနီးယားပြည်နယ်အခြေစိုက် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ Northrop Grumman က အီလက်ထရွန်နစ်စစ်ဆင်ရေးအတွက် အင်မတန်မှအရေးပါလှတဲ့ စနစ်တစ်ခုကို ဖန်တီးထုတ်လုပ်လိုက်ပါတယ်။ Tactical Edge Electromagnetic Solutions (TEEMS)လို့ခေါ်တဲ့ ဒီစနစ်ကို အမျိုးမျိုးသောစနစ်တွေထဲမှာ ထည့်သွင်းတပ်ဆင်အသုံးပြုလိုက်မယ်ဆိုရင် ရန်သူရဲ့အီလက်ထရွန်နစ်စနစ်များအားလုံးကို အရှိန်ပြင်းပြင်းနဲ့ တိကျမှုရှိစွာ ဖျက်ဆီးနိုင်စေမှာဖြစ်တယ်လို့ဆိုပါတယ်။

ဒီစနစ်ကို အသေးစားစက်ရုပ်များမှအစ ပြုပြီး မောင်းသူမဲ့ရေယာဉ်များနဲ့ ဒရုန်းများမှာ ပေါင်းစပ်တပ်ဆင်အသုံးပြုနိုင်မှာဖြစ်တဲ့အတွက် အရွယ်အစားသေးငယ်သော်လည်း သူ့ကြောင့်ဖြစ်ပေါ်လာနိုင်တဲ့အကျိုးဆက်ကတော့ မျှော်မှန်းမရလောက်အောင်ကိုကြီးမားနေတာတွေ့ရမှာပါ။

TEEMS စနစ်ရဲ့ အရွယ်အစားကို ကြည့်မယ်ဆိုရင် လိပ်စာကတ်တစ်ကတ်စာမျှသာရှိပါတယ်။ ဒါပေမဲ့ သူ့ရဲ့စွမ်းဆောင်ရည်ကတော့ အင်မတန်မှအစွမ်းထက်မှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# နေရောင်ခြည်ကိုရောင်ပြန်ဟပ်ပြီး အအေးဓာတ်ပေးနိုင်မယ့် အလွှာတစ်ထပ်

ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ သုတေသနပညာရှင်များက Dewpoint Innovations ကုမ္ပဏီနဲ့ ပူးပေါင်းပြီး သုတ်ဆေးလိုမျိုး အလွှာတစ်ထပ်ကို ဆန်းသစ်ဖန်တီးလိုက်နိုင်ပါတယ်။ အဲဒီအလွှာတစ်ထပ်က အဆောက်အအုံများကို သွယ်ဝိုက်သောနည်းနဲ့ အေးမြစေမှာဖြစ်ပါတယ်။

ဒီလိုအေးမြစေဖို့အတွက် အဲဒီအလွှာတစ်ထပ်က ဘယ်လိုမျိုးလုပ်ဆောင်လဲဆိုရင် သူက ပူပြင်းတဲ့နေရောင်ခြည် ၉၇ ရာခိုင်နှုန်းကို ရောင်ပြန်ဟပ်စေပါတယ်။ ဒ့ါအပြင် လေထုထဲမှာပါဝင်တဲ့ရေငွေ့တွေကိုလည်း စုပ်ယူပါတယ်။ ဒီလိုနည်းလမ်းနဲ့ အဆောက်အအုံတွေကိုအေးမြစေတာဖြစ်ပါတယ်။

ဒ့ါအပြင် ပညာရှင်များတီထွင်ထားတဲ့နည်းပညာက အဆောက်အအုံတွေကို အေးမြစေရုံသာမကဘဲ တစ်ချိန်တည်းမှာ ရေလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးရာရောက်စေမှာဖြစ်ပါတယ်။ ပေါ်လီမာသုတ်ဆေးလိုမျိုးဖြစ်တဲ့ အလွှာတစ်ထပ်ကြောင့် သူ့အောက်မှာရှိနေတဲ့အရာဝတ္ထုအနေနဲ့ နေရောင်ခြည်အောက်မှာ တိုက်ရိုက်ရှိနေရင်တောင် သူ့ရဲ့အပူချိန်က ပတ်ဝန်းကျင်လေထုထက် အပူချိန် ၆ ဒီဂရီစင်တီဂရိတ်လောက်ပိုနည်းပြီး အေးမြနေစေမှာဖြစ်ပါတယ်။

စမ်းသပ်မှုတွေအရ အဲဒီအလွှာတစ်ထပ်အုပ်ထားတဲ့ မျက်နှာပြင် ၁၂ စတုရန်းမီတာအနေနဲ့ လူတစ်ယောက် နေ့စဉ်သောက်သုံးဖို့လိုအပ်တဲ့ ရေပမာဏကို ဖန်တီးပေးနိုင်စွမ်းရှိတယ်လို့လည်းသုတေသီများကပြောထားပါတယ်။

**Ref: IE**

**ကိုထက်**



# နေကဲ့သို့သော သက်တမ်းရင့်ကြယ်ကြီးများက အနီးရှိဂြိုဟ်တုများကိုဝါးမျို



နေကဲ့သို့သော သက်တမ်းရင့်ကြယ်ကြီးများမှာ ဟိုက်ဒရိုဂျင်ကုန်ခန်းလာတဲ့အခါ သူတို့အနေနဲ့ စတင်ကြီးထွားပြီး အေးလာပါတယ်။ အဲဒီနောက် အနီရောင်ကြယ်ကြီးများအဖြစ် ပြောင်းလဲသွားကြပါတယ်။ နေအတွက်ဆိုရင်တော့ ဒီလိုဖြစ်စဉ်ဖြစ်လာနိုင်မှာက လာမယ့်နှစ်ပေါင်း ၅ ဘီလီယံခန့်မှသာဖြစ်နိုင်မယ်လို့ နက္ခတ္တဗေဒပညာရှင်များကခန့်မှန်းထားပါတယ်။ ဒီလိုဖြစ်လာပြီဆိုရင် အဲဒီကြယ်ကြီးတွေက အနီးမှာရှိတဲ့ဂြိုဟ်တွေကို ဝါးမျိုလေ့ရှိတယ်လို့ဆိုနိုင်ပါတယ်။

ဝါးဝစ်တက္ကသိုလ်မှ သုတေသနပညာရှင်များက နှစ်ပေါင်း ၅ သိန်းလောက် သက်တမ်းရှိပြီဖြစ်တဲ့ အနီးရှိကြယ်စနစ်တွေကိုလေ့လာပြီးနောက် သက်တမ်းရင့်ကြယ်ကြီးများက အနီးရှိဂြိုဟ်များကို ဝါးမျိုလေ့ရှိတယ်ဆိုတာကို ဖော်ထုတ်လိုက်နိုင်သလို တစ်ချိန်တည်းမှာပဲ ဝါးမျိုခံရမှုကနေလွတ်မြောက်အောင် ဘယ်လိုမျိုးကြိုးစားရုန်းကန်ခဲ့တယ်ဆိုတဲ့ အကြောင်းကိုပါ နားလည်သဘောပေါက်သွားတယ်လို့ ဆိုထားပါတယ်။

ကြယ်ကြီးတွေအနေနဲ့ အနီးရှိဂြိုဟ်တွေကိုဝါးမျိုရတယ်ဆိုတာကလည်း ဆွဲငင်အားသဘောတရားကြောင့်သာဖြစ်တယ်လို့ သုတေသနပညာရှင်များကပြောထားပါတယ်။

**Ref: IE**

**ကိုထက်**

## အီဝါတေးစီရင်စု၌ ငလျင်တစ်ခုလှုပ်ခတ် ဆူနာမီလှိုင်းဖြစ်ပေါ်မှု သတိပေးချက် ထုတ်ပြန်ထားရ

**တိုကျို၊ သဘာဝဘေး**

ဂျပန်နိုင်ငံ အီဝါတေးစီရင်စု၌ နိုဝင်ဘာလ ၉ ရက်တွင် အင်အား ၆ ဒသမ ၇ မဂ္ဂနီကျူရှိ ငလျင်တစ်ခုလှုပ်ခတ်ရာ ဆူနာမီလှိုင်းဖြစ်ပေါ်မှုနှင့်ပတ်သက်၍ သတိပေးချက်တစ်ခုကို ထုတ်ပြန်ထားရကြောင်း မိုးလေဝသဌာနကပြောသည်။

အဆိုပါငလျင်သည် နိုင်ငံအရှေ့ပိုင်းရှိ ကမ်းရိုးတန်းဒေသတွင်လှုပ်ခတ်ခြင်းဖြစ်ကြောင်း၊ မူလက ငလျင်၏ပြင်းအားသည် ၆ ဒသမ ၅ မဂ္ဂနီကျူရှိသည်ဟုသတ်မှတ်ထားရာမှ နောက်ပိုင်းတွင် ၆ ဒသမ ၇ မဂ္ဂနီကျူရှိသည်ဟု ပြင်ဆင်သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဆူနာမီလှိုင်းရိုက်ခတ်နိုင်သည့် သတိပေးချက်လည်းထုတ်ပြန်ထားကြောင်း ဂျပန်နိုင်ငံမိုးလေဝသဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ငလျင်သည်အီဝါတေးစီရင်စု၏ကမ်းလွန်တွင် မြေအောက်အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ညနေ ၅ နာရီ ၃ မိနစ်တွင် လှုပ်ခတ်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်ဟုသိရသည်။

**Ref: Xinhua**

## အလွန်အင်အားပြင်းမုန်တိုင်း ဖန်ဝေါင်း ဖိလစ်ပိုင်သို့ဝင်ရောက် လူတစ်သန်းကျော်ကို ဘေးကင်းရာရွှေ့ပြောင်း



**မနီလာ၊ သဘာဝဘေး**

အလွန်အင်အားပြင်းမုန်တိုင်းတစ်လုံးဖြစ်သည့် ဖန်ဝေါင်းသည် နိုဝင်ဘာလ ၉ ရက်ညပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံသို့စတင်ဝင်ရောက်လာပြီဖြစ်ကြောင်းနှင့် လက်ရှိတွင် အနည်းဆုံးလူနှစ်ဦးသေဆုံးကြောင်း တာဝန်ရှိသူများကပြောသည်။

ထို့ပြင် မုန်တိုင်းဝင်ရောက်တိုက်ခတ်မှု မပြုမီမှာပင် လူပေါင်းတစ်သန်းကျော်မှာ ဘေးကင်းရာသို့ရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း၊ သေဆုံးသူနှစ်ဦးမှာ မုန်တိုင်းမဝင်မီကတည်းကပင် မုန်တိုင်းကြောင့်ဖြစ်သော လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ်များပျက်စီးပြီး သေဆုံးရခြင်းဖြစ်ကြောင်း အရပ်ဘက်ကာကွယ်ရေးရုံးက ထုတ်ပြန်ထားသည်။

ယခုတိုက်ခတ်လာသည့်မုန်တိုင်းသည် ပြင်းအားအဆင့် ၅ ရှိတိုင်ဖွန်းမုန်တိုင်းဖြစ်ကြောင်း၊ ယင်းမုန်တိုင်းကြောင့် လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာခြင်း၊ ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွားနိုင်ကြောင်း မိုးလေဝသဌာနကသတိပေးထားသည်။

လက်ရှိတွင် မုန်တိုင်း၏အရှိန်ကြောင့် လေတိုက်နှုန်းသည် တစ်နာရီလျှင် ၁၈၅ ကီလိုမီတာနှုန်း၊ လေပြင်းတိုက်ခတ်မှုက ကီလိုမီတာ ၂၃၀ နှုန်းရှိသည်။ ဖန်ဝေါင်းမုန်တိုင်းသည် သဘာဝဘေးဒဏ်သင့်နေသည့် ဖိလစ်ပိုင်နိုင်ငံသို့ ယခုနှစ်အတွင်း ဝင်ရောက်သော ၂၁ လုံးမြောက်မုန်တိုင်းဖြစ်သည်။ ယခင်မုန်တိုင်းဖြစ်သည့် ခန့်မေဂီကြောင့် လူပေါင်း ၂၀၀ ကျော်သေဆုံးထားကြောင်းသိရသည်။

**Ref: Xinhua**

## စစ်ဖြစ်ချိန်တွင် NATO တပ်ဖွဲ့က စစ်သည်အင်အား ၈ သိန်းအထိ အသုံးပြုမည်ဟုဆို

**ဘာရပ်ဆဲ၊ စစ်ရေး**

NATO တပ်ဖွဲ့အနေဖြင့် ရုရှားနိုင်ငံနှင့် စစ်ဖြစ်လာပါက စစ်သည်အင်အား ၈ သိန်းအထိ ဖြန့်ကြက်အသုံးပြုမည်ဖြစ်ကြောင်း ဂျာမနီပူးတွဲစစ်ဆင်ရေးကွပ်ကဲရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အလက်ဇန်းဒါးဆိုးဖရန့်ကပြောသည်ဟု RT သတင်းဌာနက နိုဝင်ဘာလ ၈ ရက်တွင်ဖော်ပြထားသည်။

ထိုကဲ့သို့အခြေအနေဖြစ်လာလျှင်လုပ်ဆောင်မည့်အခြေအနေနှင့်ပတ်သက်၍ ထုတ်ဖော်ပြောခြင်းသည် ပြီးခဲ့သည့်နှစ်တွင် ဂျာမနီအစိုးရကထုတ်ပြန်သော စစ်ဆင်ရေးစီမံချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အဆိုပါစီမံချက်အရ NATO တပ်ဖွဲ့အနေဖြင့် ရုရှားနှင့်စစ်ဖြစ်လျှင် ဂျာမနီက သိန်းပေါင်းများစွာသောတပ်ဖွဲ့ဝင်များကို ထောက်ပံ့မှုများပေးမည့်သူအဖြစ် ပါဝင်သွားမည်ဖြစ်ကြောင်းနှင့် ထိုမျှပမာဏရှိသည့်စစ်သည်များကို ဖြန့်ကြက်မှုသည် ပဋိပက္ခစတင်ပြီး ရက်ပေါင်း ၁၈၀ အတွင်း ဖြစ်မည်ဖြစ်ကြောင်း စီမံချက်တွင်ဖော်ပြထားသည်။

**Ref: RT**

## New START ကို သက်တမ်းတိုးရန် အမေရိကန်က စဉ်းစားနေကြောင်း ရုရှားထံအသိပေး


**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်နိုင်ငံက ရုရှားသမ္မတဗလာဒီမာပူတင်၏စိတ်ကူးဖြစ်သော မဟာဗျူဟာမြောက်လက်နက်လျှော့ချရေးသဘောတူစာချုပ်အသစ် (New START) ကို သက်တမ်းတိုးရေးနှင့်ပတ်သက်၍ စဉ်းစားနေကြောင်း ရုရှားနိုင်ငံသို့ အမေရိကန်အစိုးရက အသိပေးထားသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က နိုဝင်ဘာလ ၉ ရက်တွင်ပြောသည်။

လက်ရှိတွင် ထိုစာချုပ်ကိုသက်တမ်းတိုးရေးနှင့်ပတ်သက်၍ အမေရိကန်ဘက်က စဉ်းစားနေသည်ဟူသောတုံ့ပြန်မှုမှလွဲ၍ အခြားမရှိကြောင်း၊ ထိုစာချုပ်ကိုသက်တမ်းတိုးမည့်အခြေအနေမှာလည်း ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအထိသာဖြစ်သည့်အတွက် ထွေထွေထူးထူးဆွေးနွေးညှိနှိုင်းရမည့်အကြောင်းအရာမရှိကြောင်းဆာဂျီလက်ရော့ကပြောသည်။

**Ref: Sputnik**

## မလေးရှား-ထိုင်း နယ်စပ်၌ လှေတစ်စင်းနစ်မြုပ် လူရာပေါင်းများစွာပျောက်ဆုံးနေ



**ကွာလာလမ်ပူ၊ မတော်တဆမှု**

မလေးရှားနိုင်ငံနှင့်ထိုင်းနိုင်ငံနယ်စပ်ရှိ ရေပြင်၌ လှေတစ်စင်းနစ်မြုပ်မှုဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး ၁၀ ဦးကိုကယ်ဆယ်ထားနိုင်ကြောင်းနှင့် ရာပေါင်းများစွာမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း မလေးရှားရေကြောင်းအာဏာပိုင်အဖွဲ့က နိုဝင်ဘာလ ၉ ရက်တွင်ထုတ်ပြန်ထားသည်။

လှေနစ်မြုပ်မှုသည် ပြီးခဲ့သည့်သုံးရက်တွင်ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ကနဦးတွင် လှေကြီးတစ်စင်းပေါ်၌ လူပေါင်း ၃၀၀ ခန့်လိုက်ပါလာကြောင်း၊ သို့သော် လူကုန်ကူးသူများသည် မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ်သို့အရောက်တွင် လှေကြီးပေါ်မှ လူများကိုလှေငယ်သုံးစင်းပေါ်သို့ရွှေ့ပြောင်းတင်ဆောင်ကြောင်း၊ ထိုလှေငယ်သုံးစင်းအနက်တစ်စင်းမှာနစ်မြုပ်သွားခြင်းဖြစ်ကြောင်း၊ ကျန်နှစ်စင်း၏အခြေအနေကိုမူ မသိရသေးကြောင်း မလေးရှားရေကြောင်းအာဏာပိုင်အဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လူကုန်ကူးသူများအနေဖြင့် အထောက်အထားမဲ့ရွှေ့ပြောင်းနေထိုင်သူများစွာကို အခြားနိုင်ငံများသို့အခကြေးငွေယူ၍ပေးပို့လျက်ရှိပြီး လှေငယ်နှင့်မဆန့်သည့် လူများစွာကိုတင်ဆောင်လေ့ရှိသောကြောင့် ယခုကဲ့သို့ မတော်တဆမှုများစွာ ဖြစ်ပွားလေ့ရှိကြောင်း တာဝန်ရှိသူများကပြောထားသည်ဟုသိရသည်။

**Ref: BP**

## ဟိုချီမင်းမြို့၌ အသားညှပ်ပေါင်မုန့်များစားပြီး အစာအဆိပ်သင့်သူ ၁၆၂ ဦး ဆေးရုံတင်ရ

**ဟန္နိုင်း၊ ကျန်းမာရေး**

ဗီယက်နမ်နိုင်ငံတောင်ပိုင်းရှိ ဟိုချီမင်းမြို့၌ အသားညှပ်ပေါင်မုန့်များကိုစားပြီးနောက် လူအများအပြားအစာအဆိပ်သင့်မှုဖြစ်ပွားရာ လူ ၁၆၂ ဦးကို ဆေးရုံတင်ထားရကြောင်း ဒေသတွင်းသတင်းဌာနများက ဖော်ပြထားသည်။

အဆိုပါအစာအဆိပ်သင့်သူများသည် အမည်တစ်ခုတည်းအောက်တွင် ဖွင့်လှစ်ထားသည့် အသားညှပ်ပေါင်မုန့်ဆိုင်နှစ်ဆိုင်မှ အသားညှပ်ပေါင်မုန့်များကိုစားသုံးပြီးနောက် အများစုမှာမအီမသာဖြစ်ခြင်း၊ အန်ခြင်း၊ ဝမ်းဗိုက်အောင့်ခြင်း၊ ဝမ်းလျှောခြင်း၊ ဖျားခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ ခံစားရခြင်းဖြစ်သည်။

အစာအဆိပ်သင့်သူများအနက် တစ်ဦးမှာမူ အရေးပေါ်အခြေအနေဖြစ်နေကြောင်းနှင့် အထူးကြပ်မတ်ကုသမှုခံယူရလျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် ကိုယ်ဝန်ဆောင်တစ်ဦးမှာ လမစေ့မီကလေးမွေးဖွားမည့်အခြေအနေနှင့်ရင်ဆိုင်နေရကြောင်း၊ လူနာတစ်ဦး၏သွေးကိုစစ်ဆေးမှုအဖြေအရ သွေးထဲတွင်အစာအဆိပ်သင့်စေသော ပိုးပါဝင်သည်ကိုတွေ့ရကြောင်း တာဝန်ရှိသူများကပြောသည်။

ယခုအခါ တာဝန်ရှိသူများက အဆိုပါအသားညှပ်ပေါင်မုန့်ဆိုင်နှစ်ဆိုင်စလုံးကို ခေတ္တပိတ်ထားရန်ညွှန်ကြားထားပြီး စုံစမ်းစစ်ဆေးမှုများကိုလုပ်ဆောင်နေကြောင်း သိရသည်။

**Ref: Xinhua**



# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




လိုင်စင်မဲ့မော်တော်ယာဉ် (Toyota Mark II 2003 Model)

စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



လိုင်စင်မဲ့မော်တော်ဆိုင်ကယ်

မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



Motorcycle/Tricycle Spare Part



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် နိုဝင်ဘာ ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၈ ရက်**တွင် ဇမ္ဗူသီရိမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်**တို့တွင် စစ်ကိုင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၉)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၆ ရက်**တွင် ပဲခူးမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၃၅၂)တန်၊ အခြားသစ် (၃ ဒသမ ၄၇၈)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၆၅၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၆ ရက်**တွင် မင်းဘူးမြို့နယ်၊ ငဖဲမြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၇)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၇ ရက်**တွင် ရတနာပုံတံတား စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၈၂၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၉၈၂၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၅ ရက်**တွင် မော်လမြိုင်မြို့၊ မုရောင်းကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာရှိ ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၇၂၀၀၀၀)ကို အမြန်စီမံခန့်ခွဲရန်လိုအပ်သော ကုန်ပစ္စည်းများက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၈ ရက်**တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၃)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၁၀၀၀၁၆)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**နိုဝင်ဘာလ ၅ ရက်မှ ၈ ရက်**အထိ ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၂၁၉၁၅၆)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုများဆိုင်ရာလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဂိုဒေါင်ပိုင်ရှင်အား ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **နိုဝင်ဘာလ ၆ ရက်**တွင် မော်လမြိုင်မြို့နယ်နှင့်ဘီးလင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၂၇၂၀၀၀၀)**ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (continued above)



Ceramic Tile

အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁၁-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၁၀ | ၂၇၂၀ | ၂၆၉၀ | ၂၆၂၀ | ၂၇၃၀ | ၂၇၄၅ | ၂၇၆၀ | ၂၆၈၀ | ၄၅၀၅ | ၂၉၇၀ | ၂၆၉၅ | ၂၈၂၅ | ၂၇၆၅ | ၂၇၃၀ | ၂၇၅၅ | ၃၀၁၀ |
| 95 Ron | ၂၆၈၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၅၅ | ၄၅၆၀ | ၃၀၅၀ | ၂၇၇၅ | ၃၀၁၀ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (500 ppm) | ၂၅၁၀ | ၂၆၂၀ | ၂၅၉၀ | ၂၅၂၅ | ၂၆၃၀ | ၂၆၄၅ | ၂၆၆၀ | ၂၅၈၀ | - | ၂၈၇၅ | ၂၅၉၅ | ၃၂၆၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၅၅ | ၂၉၃၀ |
| HSD (50 ppm) | ၃၀၄၅ | ၃၁၆၀ | ၃၁၂၅ | ၃၀၆၀ | ၃၁၆၅ | ၃၁၈၀ | ၃၂၀၀ | ၃၁၁၅ | ၄၈၃၀ | ၃၄၃၀ | ၃၁၃၅ | ၃၃၁၅ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၀ | ၃၄၅၀ |
| HSD (10 ppm) | ၃၀၄၅ | ၃၁၆၀ | ၃၁၂၅ | ၃၀၆၀ | ၃၁၆၅ | ၃၁၈၀ | ၃၂၀၀ | ၃၁၁၅ | - | ၃၄၃၀ | ၃၁၃၅ | ၃၃၁၅ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၀ | ၃၄၅၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၅၀ | ၂၅၃၃ |
| 95 Ron | ၂၅၂၆ | ၂၆၁၁ |
| HSD (500 ppm) | ၂၃၅၄ | ၂၄၁၁ |
| HSD (50 ppm) | ၂၀၇၅ | ၂၉၆၂ |
| HSD (10 ppm) | ၂၀၇၅ | ၂၉၆၂ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

# စီးပွားရေးဈေးကွက်ဝင် ပဲပုပ်သီးနှံတိုးချဲ့စိုက်ပျိုးရေး

ခွာညို(စိုက်ပျိုးရေး)

မြန်မာနိုင်ငံတွင် လူဦးရေတိုးတက်လာသည်နှင့် အမျှ ဆီစားသုံးမှုများပြားလာပြီး ပြည်တွင်းစားသုံးမှု လုံလောက်မှုရှိစေရန် ပြည်ပမှ စားအုန်းဆီ မက်ထရစ်တန် ရှစ်သိန်းခန့်ကို နှစ်စဉ်တင်သွင်းနေရသည်။ ပြည်တွင်းတွင် စားသုံးဆီအတွက် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံတို့ကို အဓိကထား၍ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော်လည်း မြေပဲနှင့်နှမ်းတို့မှာ ပြည်တွင်းစားသုံးရန်သာမက ပြည်ပသို့ အစေ့အဆန် တိုက်ရိုက်တင်ပို့မှု များပြားလာခြင်းကြောင့် ပဲပုပ်သီးနှံကို ပြည်တွင်းစားသုံးဆီဖူလုံစေရန်နှင့် ပဲပုပ်ဆီကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ်အသုံးပြုနိုင်ရန် တိုးချဲ့စိုက်ပျိုးသင့်သည်။

**မူရင်းဒေသ**

ပဲပုပ်၏မူရင်းပေါက်ရောက်ရာဒေသသည် အရှေ့တောင်အာရှဖြစ်ပြီး တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများဖြစ်သည်ဟုဆိုကြသည်။ ပဲပုပ်မျိုးများစွာရှိပြီး တရုတ်နှင့်ဂျပန်နိုင်ငံတို့တွင် မျိုးရိုင်းများကို စိုက်ပျိုးကြသည်။ ပဲပုပ်ဆီသည် ကမ္ဘာ့ထိပ်တန်းနေရာတွင်ရှိသည့် ဟင်းသီးဟင်းရွက်ဆီတစ်မျိုးဖြစ်သည်။ ပဲပုပ်သည် အာဟာရပြည့်ဝစွာ ပါဝင်သောသီးနှံဖြစ်၍ ပရိုတင်းဓာတ် ၄၀ ရာခိုင်နှုန်းနှင့် အဆီဓာတ် ၂၀ ရာခိုင်နှုန်းပါဝင်သည်။ ပဲပုပ်သည် ရှေးအကျဆုံးစားသုံးသီးနှံဖြစ်ပြီး ယနေ့ခေတ်တွင် အသုံးဝင်ဆုံးသောသီးနှံအဖြစ် အောင်မြင်မှုရလျက်ရှိသည်။

**ရာသီဥတုလိုအပ်ချက်**

ပဲပုပ်သည် ပူနွေးစွတ်စိုသော ရာသီဥတုရှိသည့်နေရာဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းသည်။ အပူချိန် ၂၆ ဒီဂရီစင်တီဂရိတ်နှင့် ၃၂ ဒီဂရီစင်တီဂရိတ်သည် အပင်ဖြစ်ထွန်းမှု အကောင်းဆုံးဖြစ်ပြီး အပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်အောက်နှင့် ၄၀ ဒီဂရီစင်တီဂရိတ်အထက်ရှိသော အခြေအနေသည် ပဲပုပ်ဖြစ်ထွန်းမှုကို အဟန့်အတားဖြစ်စေနိုင်သည်။ မိုးရေချိန်အားဖြင့် ၂၄ လက်မနှင့် ၆၀ လက်မအတွင်း ကောင်းစွာဖြစ်ထွန်းသည်။

**မြေအမျိုးအစား**

ပဲပုပ်သည် သဲသမမြေမှ မြေစေးမြေအထိ မြေအမျိုးအစားမရွေးဖြစ်ထွန်းနိုင်သည်။ ရေစီးရေလာကောင်း၍ ညီညာသော မျက်နှာပြင်ရှိရန် လိုအပ်သည်။ မြေချဉ်ငန်ဓာတ် pH (7.0) ပတ်ဝန်းကျင်ရှိသည့် မြေမျိုးဖြစ်ပြီး မြေဆွေးဓာတ်ကာဗွန်ကြွယ်ဝသည့် မြေမျိုးသည် ပဲပုပ်စိုက်ပျိုးရန် အကောင်းဆုံးဖြစ်သည်။ မြေချဉ်ငန်ဓာတ် pH(5.5) ထက်လျော့နည်းပါက အပင်ဖြစ်ထွန်းမှုအားနည်းသည်။ မြေချဉ်လျှင် ထုံးထည့်သွင်းရန်လိုအပ်သည်။ ဆားငန်ပေါက်သည့်မြေတွင် အပင်ပေါက်မှုဟန့်တားသည်။

**စိုက်ပျိုးရာဒေသ**

ပဲပုပ်ကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးလျက်ရှိသည်။ အဓိကစိုက်ပျိုးသည့်ဒေသမှာ ရှမ်းပြည်နယ်ဖြစ်၍ တစ်နိုင်ငံလုံးစိုက်ဧက၏ ၅၀ ရာခိုင်နှုန်းစိုက်ပျိုးသည်။ ရှမ်းပြည်နယ်တွင် သီးသန့်စိုက်ပျိုးသကဲ့သို့ အစေ့ထုတ်ပြောင်း၊ နေကြာတို့နှင့် သီးညှပ်လည်းစိုက်ပျိုးသည်။ အောက်မြန်မာနိုင်ငံတွင် မြစ်ရေကျချိန် ကိုင်းကျွန်းမြေများ၌ စိုက်ပျိုးကြသည်။

**စိုက်ပျိုးချိန်**

ပဲပုပ်ကို မိုးရာသီနှင့်ဆောင်းရာသီတို့တွင် စိုက်ပျိုးနိုင်ပြီး ပဲပုပ်မျိုးအများစုမှာ ပန်းပွင့်ချိန်တွင် နေ့တာတိုရန် လိုအပ်သဖြင့် တောင်ပေါ်ဒေသများတွင် မေလမှ ဇွန်လအတွင်းစိုက်ပျိုးကြပြီး မြန်မာပြည်အလယ်ပိုင်း မိုးခေါင်လေ့ရှိသည့်ဒေသများတွင် ဩဂုတ်လဆန်းမှ စက်တင်ဘာလဆန်းအတွင်း စိုက်ပျိုးနိုင်သည်။ မိုးရွာသွန်းမှု ညီညွတ်သောဒေသများတွင် ဇွန်လအတွင်း စိုက်ပျိုးနိုင်သည်။ အောက်မြန်မာပြည်ကိုင်းကျွန်းဒေသများတွင်အောက်တိုဘာလအတွင်း စိုက်ပျိုးနိုင်ပြီး စပါးသီးထပ်စိုက်ပျိုးသောဒေသများတွင် နိုဝင်ဘာလအတွင်း မျိုးစေ့နှုန်းထားအား ပိုမိုအသုံးပြု၍ စိုက်ပျိုးရန်လိုအပ်သည်။ အကယ်၍ ရေသွင်းနိုင်ပါက ဒီဇင်ဘာလကုန်မှ ဇန်နဝါရီလ ၁၅ ရက်အတွင်းစိုက်ပျိုးနိုင်သည်။

**အထွက်နှုန်းတိုးစေရန် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများ**



**မျိုးရွေးချယ်ခြင်း**

ပဲပုပ်သီးနှံစိုက်ပျိုးလျှင် မျိုးကောင်းမျိုးသန့်များနှင့် ဒေသအထွက်ကောင်းမျိုးများကို ရွေးချယ်စိုက်ပျိုးကြရမည်။ အဓိကအသုံးပြုသင့်သော မျိုးများမှာ ရေဆင်း(၆)၊ ရေဆင်း (၁၁)၊ ရေဆင်း(၁၂)၊ ရေဆင်း (၁၄)၊ ရေဆင်း(၁၅)မျိုးတို့ဖြစ်သည်။ ထို့ပြင် မျိုးစေ့များတွင် အပင်ပေါက်ရာခိုင်နှုန်း ၈၀ အထက်ရှိရမည်။ ရေဆင်း (၆)၊ ရေဆင်း (၁၅)၊ ရေဆင်း (၁၁) တို့ကို မိုးရာသီနှင့်စပါးသီးထပ်တွင်လည်းကောင်း၊ ရေဆင်း (၁၄)၊ ရေဆင်း (၁၂)၊ ရေဆင်း (၃) တို့ကို မိုးရာသီတွင်လည်းကောင်း ဒေသမရွေးစိုက်ပျိုးနိုင်သည်။

**မျိုးစေ့နှုန်းထား**

တစ်ဧက မျိုးစေ့နှုန်းထားအနေဖြင့် မိုးရာသီတွင် စိုက်ပျိုးပါက စိုက်ခင်းများအတွက် တစ်ဧက ၁၄ ပြည်ခန့်၊ ကြဲပက်စိုက်ခင်းများအတွက် တစ်ဧက ၁၈ ပြည်မှ ၂၀ ပြည်ခန့် သုံးစွဲပေးသင့်သည်။ သို့မှသာ တစ်ဧကအတွက် သတ်မှတ်ထားသော အပင်ဦးရေကို ရရှိနိုင်မည်ဖြစ်သည်။ စိုက်ပျိုးထားသော မျိုးစေ့များအားလုံး အပင်ပေါက်ကောင်းစေရန်နှင့် အပင်ပေါက်စုံစေရန်အတွက် စိုက်ပျိုးရာမှာ မြေတွင်းအစိုဓာတ်ကိုမိအောင်စိုက်ရန် စိုက်ပျိုးချိန်မှန်ကန်ရေးသည် အလွန်အရေးကြီးသည်။

**မြေပြုပြင်ခြင်း**

မြေပြုပြင်ချိန်တွင် တစ်ဧကလျှင် နွားချေး သို့မဟုတ် မြေဆွေး ၁ တန်မှ ၃ တန်ခန့်၊ ယူရီးယား ၂၈ ပေါင်၊ တီစူပါ ၁၁၂ ပေါင်နှင့် ပိုတက် ၅၆ ပေါင်ခန့် ထည့်ပေးသင့်သည်။ ထို့ပြင် ဇင့်ဓာတ်ပါသော ဇီဖာမြေဩဇာကို တစ်ဧကလျှင် ၃ ပေါင်ခန့်ဖြင့် မြေပြင်ချိန်တွင် ထည့်ပေးသင့်သည်။ သီးနှံစိုက်ချိန်တွင် ကန့်ဓာတ်အနည်းဆုံး ၅ ရာခိုင်နှုန်းပါဝင်သော ဂျစ်ပဆန်မြေဩဇာ ပေါင် ၁၀၀ ကို ထည့်ပေးသင့်သည်။

**စိုက်ပျိုးနည်းစနစ်**

ပဲပုပ်သီးနှံကို မိုးကြိုနှင့် မိုးနှောင်းရာသီတွင် တစ်ဧကရိတ်သိမ်းပင်ရေ ၂၆၀၀၀၀ ရရှိရန် တန်းကြား ၁ ပေ၊ ပင်ကြား ၄ လက်မရအောင်စိုက်ပျိုးပါ။ မိုးရာသီတွင် ရိတ်သိမ်းပင်ရေ ၁၇၆၀၀၀ ရရှိရန် တန်းကြား ၁ ဒသမ ၅ ပေ၊ ပင်ကြား ၄ လက်မရအောင် စိုက်ပျိုးပါ။ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် မျိုးစေ့အား ၁ လက်မမှ ၁ ဒသမ ၅ လက်မအနက်အတွင်းရအောင် စိုက်ပျိုးပါ။ ပဲမြစ်ဖုဇီဝမြေဩဇာကို တစ်ဧကလျှင် တစ်ထုပ်နှုန်းဖြင့် မျိုးစေ့ကို လူးနယ်စိုက်ပျိုးပါ။

မြန်မာနိုင်ငံအထက်ပိုင်း တောင်ပေါ်ဒေသများတွင် သီးထပ်၊ သီးသန့်နှင့် သီးညှပ်စိုက်ပျိုးကြကာ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်မြန်မာပြည်ဒေသများ၌ မြစ်ရေကျသည့်အချိန် ကိုင်းကျွန်းမြေများတွင် သီးသန့်(သို့) သီးညှပ်၊ စပါးရိတ်သိမ်းအပြီး လယ်မြေများတွင် သီးထပ်၊ ယာမြေများတွင် သီးသန့်အဖြစ် စိုက်ပျိုးကြသည်။

**ပြုစုစောင့်ရှောက်ခြင်း**

သီးနှံများစိုက်ပျိုးပြီးလျှင် ပစ်ထား၍မရဘဲ ရိတ်သိမ်းချိန်အထိ ဂရုတစိုက်ပြုစုစောင့်ရှောက်ရန် အလွန်အရေးကြီးသည်။ ပဲပုပ်ကိုစိုက်ပြီး ၁၄ ရက်သားမှ ပန်းပွင့်ချိန်အထိ ခုနစ်ရက်မှ ၁၀ ရက်ခြား တစ်ကြိမ် ဇီဝစူပါရွက်ဖျန်းမြေဩဇာကို အရွက်၏အပေါ်နှင့် အောက်မျက်နှာပြင်နှစ်ဖက်လုံးကို ဖျန်းပေးရမည်။ ပန်းစတင်ပြချိန်မှ သီးလုံးဝင်ချိန်အထိ အနည်းဆုံးနှစ်ကြိမ် ယူရီးယားဟင်းစားဇွန်းလေးဇွန်း၊ လက်ခြားမှုန့် တစ်ဇွန်းတို့အား ရေ ၁ ဂါလန်တွင်ဖျော်၍ တစ်ဧကလျှင် ၂၀ ဂါလန်မှ ၂၅ ဂါလန်ခန့်ဖျန်းပေးရမည်။ အပင်နှစ်ပတ်သားမှ ပန်းပွင့်ချိန်အထိ ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ရမည်။ ပန်းပွင့်ချိန်တွင် မြေအစိုဓာတ် လုံလောက်စွာရှိအောင် ဆောင်ရွက်ပေးရမည်။

ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကြိုတင်ကာကွယ်ရမည်။ ပဲပုပ်တွင် ငမြှောင်တောင်၊ ခူမွေးရှည်၊ သီးစုပ်ကြမ်းပိုး၊ သီးလုံးဖောက်ပိုး၊ ရွက်စားပိုးနှင့် ပင်စည်ထိုးယင်များ ကျရောက်တတ်သည်။ ပိုးများကို နှိမ်နင်းရာတွင် ပိုးအမျိုးအစားအလိုက် ပင်လုံးပြန့်ပိုးသတ်ဆေး၊ ထိသေစားသေပိုးသတ်ဆေးတစ်မျိုးမျိုးကိုအသုံးပြုနိုင်သည်။ ဓာတုဆေးကိုမသုံးလိုပါက တမာပိုးသတ်ဆေးကဲ့သို့သော ဘာသာဝပိုးသတ်ဆေးများကိုအသုံးပြုနိုင်သည်။ ပိုးမွှားကာကွယ်မှု ပိုမိုထိရောက်စေရန် ပိုးမွှားများ ခိုအောင်းနေနိုင်သော စိုက်ခင်းပတ်ဝန်းကျင်ရှိ ပေါင်းမြက်များ၊ ချုံများကိုပါ ဆေးဖျန်းပေးခြင်း သို့မဟုတ် ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးသင့်သည်။ ရောဂါများအနေဖြင့် ဖားဥမှိုရောဂါ၊ သံချေးတက်မှိုရောဂါ၊ ဒေါင်းနီးရွက်ခြောက်ရောဂါ၊ ဗက်တီးရီးယားရွက်ပြောက်ရောဂါ၊ မျိုးစေ့ခရမ်းရောင်စွန်းရောဂါနှင့် ပဲပုပ်ပင်ခြေပုပ်ရောဂါများလည်း ဖြစ်တတ်သည်။ ပဲပုပ်တွင် ကျရောက်သော ရောဂါများကို ကာကွယ်ရန် မှိုသတ်ဆေးတစ်မျိုးမျိုးနှင့် စိုရွှဲနေအောင် ပက်ဖျန်းပေးရမည်။

**ရိတ်သိမ်းခြင်း**

ပဲပုပ်သီးတောင့်များ အစိမ်းရောင်မှ အညိုရောင် သို့မဟုတ် အနက်ရောင်သို့ ၇၅ ရာခိုင်နှုန်းအထိ အရောင်ပြောင်းချိန်တွင် ရိတ်သိမ်းပါ။ ပဲပုပ်၏ တစ်ဧကအထွက်နှုန်းမှာ မျိုး၊ စိုက်ပျိုးနည်းစနစ်နှင့် ရာသီဥတုအပေါ်မူတည်၍ ပြောင်းလဲနိုင်သည်။ တစ်ဧကပျမ်းမျှအထွက်နှုန်း ၂၀ မှ ၃၀ အတွင်း ထွက်ရှိ၍ အထွက်ကောင်းမျိုးများသည် တစ်ဧကအထွက် တင်း ၄၀ မှ ၅၀ အတွင်း ထွက်ရှိနိုင်သည်။

ပဲပုပ်တစ်တင်းလျှင် ဆီ ၃ ဒသမ ၅ ပိဿာ၊ ဆီကြိတ်ဖတ် ၁၅ ဒသမ ၈ ပိဿာနှင့် အလေအလွင့်သုည ဒသမ ၇ ပိဿာခန့်ထွက်ရှိသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ထွက်ရှိသော ပဲပုပ်များအား စားသုံးဆီအဖြစ်ကြိတ်ပါက နှစ်စဉ်ဆီထွက်တန်ချိန် သုံးသောင်းကျော်ထွက်ရှိနိုင်သည်။

ပဲပုပ်စိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် အထက်တွင် ဖော်ပြခဲ့သော စိုက်ပျိုးနည်းစနစ်များကို လိုက်နာဆောင်ရွက်သင့်သည်။

**နိုင်ငံခြားတင်ပို့မှု**

၂၀၂၃-၂၀၂၄ ခုနှစ်စာရင်းအရ မြန်မာနိုင်ငံတွင် ပဲပုပ်သီးနှံကို ၃၄၄၂၈၁ ဧကစိုက်ပျိုး၍ အထွက်နှုန်း ၁၈ ဒသမ ၇၀ တင်းဖြင့် စုစုပေါင်းအထွက် ၆၄၃၆၇၃၃ တင်းထွက်ရှိခဲ့သည်။ နိုင်ငံခြားတင်ပို့ကုန်အနေဖြင့် ၂၂၈၇၃၀ မက်ထရစ်တန်ချိန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာသန်း သုည ဒသမ ၂၀၀ ဝင်ငွေရရှိခဲ့သည်။

**ဈေးကွက်အခြေအနေ**

ကမ္ဘာ့နိုင်ငံများတွင် ဘရာဇီးနှင့် အမေရိကန်နိုင်ငံတို့သည် ပဲပုပ်သီးနှံအများဆုံး စိုက်ပျိုးထုတ်လုပ်ကြပြီး ကမ္ဘာ့ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးထုတ်လုပ်ကြသည်။ မြန်မာနိုင်ငံ၏ ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုသည် ကမ္ဘာ့အဆင့်(၁၉)တွင် ရပ်တည်လျက်ရှိသည်။ ပဲပုပ်သီးနှံမှ ထုတ်လုပ်သော ပဲပုပ်ဆီသည် ကမ္ဘာ့ဈေးကွက်အတွင်း ထင်ရှားလာခဲ့ပြီး အမေရိကန်နိုင်ငံ၏ ဆီထွက်သီးနှံထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းကျော်သည် ပဲပုပ်မှရရှိသည်ကို တွေ့ရှိရသည်။ ပဲပုပ်ကို ကမ္ဘာတစ်ဝန်းရှိ စိုက်ပျိုးနိုင်သောမြေ၏ ၆ ရာခိုင်နှုန်းခန့်တွင် စိုက်ပျိုးနေပြီး နှစ်စဉ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ နောင်တွင် အခြားဆီထွက်သီးနှံများထက် သာလွန်သွားနိုင်ကြောင်း လေ့လာသိရှိရသည်။

ပဲပုပ်ကို ကြိတ်ခွဲခြင်းဖြင့် စားသုံးဆီကြမ်းနှင့် ပရိုတင်းဓာတ်များစွာပါဝင်သော ပဲမှုန့်များ၊ ပဲဖတ်များ ရရှိသည်။ ပဲပုပ်ဆီကြိတ်ဖတ်များကို တိရစ္ဆာန်အစာအဖြစ် အများဆုံးအသုံးပြုကြပြီး ပဲပုပ်မှုန့်များကိုမူ လူသားတို့စားသုံးနိုင်ရန် အစားအစာများအဖြစ်ထုတ်လုပ်နိုင်သည်။ ပဲပုပ်သီးနှံကြိတ်ခွဲရာမှ ထွက်ရှိလာသော ထွက်ကုန်များ၏ ၈၀ ရာခိုင်နှုန်းကို မွေးမြူရေးအစာအဖြစ်

စာမျက်နှာ ၂၆ သို့ ●

● စာမျက်နှာ ၂၅ မှအဆက်

အသုံးပြုကြသည်။ အများစုကို ကြက်နှင့်ဝက်သား ပေါက်များ မွေးမြူခြင်းများတွင်သာမက အမဲသား၊ နို့စားနွားများနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ တွင်အများအပြားအသုံးပြုလာကြသည်။ မကြာသေးမီ ကာလ ဆယ်စုနှစ်များအတွင်း ပရိုတင်းဓာတ်ကြွယ်ဝပြီး အစာကြေလွယ်သော ပဲပုပ်ဆီကြိတ်ဖတ်သည် တိရစ္ဆာန်အစာအဖြစ် အလွန်အရေးပါလာခဲ့ပြီး ပဲပုပ်မှ ရရှိသော ဆီကြမ်းဈေးထက်ပင် ပိုမိုကောင်းမွန်လာခဲ့ သည်ကို တွေ့ရှိခဲ့ရသည်။ မွေးမြူရေးပညာရှင်များ သည်လည်း နို့စားနွားများကို ပဲပုပ်အခွံကျွေးခြင်းဖြင့် ရရှိလာသော အကျိုးကျေးဇူးများကို လေ့လာကြပြီး နောက်တွင် ပဲပုပ်အခွံများမှရရှိသော အမျှင်ဓာတ် သည် နွားများ၏ နို့ထွက်နှုန်းကိုကောင်းမွန်စေသည် ဟုဆိုသဖြင့် ပဲပုပ်ခွံများကို တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုလာကြသည်။ ပဲပုပ်သီးနှံထွက်ကုန်မှ တန်ဖိုးမြှင့်ထုတ်ကုန် ကုန်ချောအဖြစ် ထုတ်လုပ်နိုင် သောပစ္စည်းများမှာ ပဲဟင်း၊ ပဲငံပြာရည်၊ ပဲပုပ်ဆီ၊ ဘီစကွတ်၊ ပဲပြား၊ ပဲပင်ပေါက်၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ ပဲနို့၊ ပဲပုပ်မှုန့်၊ စည်သွတ်ဘူးများဖြစ်သည်။ ထို့ပြင် ပဲပုပ်ဆီကြမ်းကို ဇီဝဒီဇယ်ထုတ်လုပ်ရာတွင်လည်း အသုံးပြုနိုင်သဖြင့် ပဲပုပ်ဆီကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်းသည် ဇီဝဒီဇယ်ထုတ်လုပ်မှု စွမ်းရည်မြင့်တက်လာခြင်းနှင့် ပဲပုပ်သီးနှံတိုးချဲ့ ထုတ်လုပ်လာခြင်းတို့သည် ဆက်စပ်လျက်ရှိ သည်။

အခြားပြည်ပပို့ကုန်ပဲမျိုးများသည် ဈေးကွက် မတည်ငြိမ်မှုကြုံတွေ့ရလျှင် စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းသွားလေ့ရှိသဖြင့် ပဲပုပ်သီးနှံကို အဆင်သင့် အစားထိုးစိုက်ပျိုးနိုင်သော သီးနှံအဖြစ် စိုက်ပျိုး သင့်သည်။ ပဲပုပ်သည် ပြည်တွင်းတွင် ပုံစံအမျိုးမျိုး ဖြင့် ထုတ်လုပ်စားသုံးကြသဖြင့် ပဲပုပ်ဆီကြိတ်ရန် ဝယ်ယူမည့်သူများနှင့် စားသောက်ကုန်ထုတ်လုပ် သည့်သူများအကြားတွင် ယှဉ်ပြိုင်ရမှုများရှိနေ သည်ကိုသိရှိရသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းပဲမျိုးစုံ သီးနှံဈေးကွက် သဘောသဘာဝအရ ဆီထွက်ပဲပုပ်ဟု သီးသန့် ဝယ်ယူကြခြင်းမရှိဘဲ ဆီအထွက်နည်းသည့် အခြား ပဲပုပ်များနည်းတူ အရောင်းအဝယ်ပြုလုပ်နေကြသည် ဟုသိရှိရသည်။ မြန်မာပြည်တွင်ဖြစ်ထွန်းနေသော ဆီထွက်ကောင်းသည့် ရေဆင်းမျိုးများကို လုပ်ငန်းရှင် နှင့် စိုက်ပျိုးသူများအကြား ကန်ထရိုက်လယ်ယာစနစ် တည်ထောင်၍ လုပ်ကိုင်နိုင်လျှင် အကျိုးရှိမည် ဖြစ်သည်။

ထို့ကြောင့် ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်စေရန်နှင့် ပြည်တွင်းစားသုံးဆီဖူလုံပြီး ပဲပုပ်သီးနှံဆီကြိတ်ဖတ်များအား တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ကာ ဈေးကွက်ခိုင်မာသောပဲပုပ်အား စိုက်ပျိုးလာခြင်းဖြင့် သီးနှံစိုက်စွမ်းအားတိုးတက်လာ စေပြီး တောင်သူဝင်ငွေတိုးလာစေရန် ပဲပုပ်သီးနှံ ကိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ရေးသားလိုက်ရ ပါသည်။ ။

# မဲဆန္ဒရှင်ပြည်သူများ၏ မဲစာရင်းပြည့်စုံမှန်ကန်စေရေး မဲဆန္ဒရှင်စာရင်းများကျန်ရှိမှုမဖြစ်ပေါ်စေရေး ပြန်လည်စစ်ဆေး



**ကော့ကရိတ် နိုဝင်ဘာ ၉**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများ မဲပေးနိုင်ရေး၊ မဲစာရင်းပြည့်စုံ မှန်ကန်စေရေးအတွက် ပြန်လည်စိစစ် စစ်ဆေးဆောင်ရွက်ခြင်းကို နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် ပန်းခြံလမ်းရှိ မိုးလုံလေလုံအားကစားရုံ၌ ယာယီဖွင့်လှစ် ထားသည့်မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ဆောင်ရွက်သည်။

ထိုသို့ မဲဆန္ဒရှင်စာရင်းများ ပြန်လည် စိစစ်ရာတွင် ကော့ကရိတ်မြို့ပေါ်ရှိ အမှတ်(၁)၊(၂)၊(၃)၊(၄) ရပ်ကွက်များ၏ မဲစာရင်းများမှန်ကန်စေရေးအတွက် ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် အဖွဲ့ဝင် များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာန၊ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့က မဲစာရင်းပြည့်စုံမှန်ကန်စေရေး၊ မဲဆန္ဒရှင် စာရင်းများ ကျန်ရှိမှုမဖြစ်ပေါ်စေရေး အတွက် စိစစ်ဆောင်ရွက်ကြသည်။

အလားတူ ကော့ကရိတ်မြို့နယ် ကျုံဒိုး မြို့၌လည်း မဲစာရင်းများစိစစ်ခြင်းကို ကျုံဒိုးမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ဆောင်ရွက်ပြီး ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာများ၏ မဲဆန္ဒရှင် စာရင်းများ ပြန်လည်စိစစ်စစ်ဆေးခြင်း ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။ (၄၀၆)



# စက်ချုပ်၊ စားသောက်ကုန်၊ လှူသုံးကုန် သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ

**ပဲခူး နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရန်ငြိမ်း အေးခန်းမ၌ နိုဝင်ဘာလ ၈ ရက် နံနက်ပိုင်း တွင် စက်ချုပ်၊ စားသောက်ကုန်၊ လှူသုံးကုန် သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်း များပေးအပ်ပွဲကျင်းပသည်။


ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြို့ပြနှင့်ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းပေါ်ပေါက်စေရေးနှင့် အသေးစား MSMEs လုပ်ငန်းများ တိုးတက်လာစေရေး သက်မွေးနည်းပညာ သင်တန်းများကို အရှိန်အဟုန်မြှင့် ဒေသအစုံတွင် ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ် ပေးခဲ့သည့် စက်ချုပ်နည်းပညာသင်တန်း၊ စားသောက်ကုန်ပြုလုပ်ခြင်း နည်းပညာ သင်တန်းနှင့် လှူသုံးကုန်ပြုလုပ်ခြင်း နည်းပညာသင်တန်းများ ဖွင့်လှစ်ပေး နိုင်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်မိသားစုများ အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေ တိုးတက်ရရှိခြင်း၊ အလုပ်အကိုင်အခွင့် အလမ်းများရရှိခြင်းအပြင် ကိုယ်ပိုင် လုပ်ငန်းငယ်များထူထောင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သင်တန်းအလိုက် ထူးချွန်သင်တန်းသူများအား လုပ်ငန်းသုံး ပစ္စည်းများပေးအပ်သည်။ ဆက်လက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်း လက်မှတ်များပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီး ချုပ်က စားသုံးကုန်ထုတ်လုပ်ခြင်း နည်းပညာ သင်တန်းမှသင်ကြားပေးထားသည့် စားသုံး ကုန်များ၊ လှူသုံးကုန်နည်းပညာသင်တန်းမှ သင်ကြားပေးထားသည့် လှူသုံးကုန် ပစ္စည်းများ၊ စက်ချုပ်နည်းပညာသင်တန်းမှ သင်ကြားပေးထားသည့် အဝတ်အထည် အမျိုးမျိုးနှင့် လုပ်ငန်းသုံးပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးပြီး သင်တန်း နည်းပြများအတွက် ပံ့ပိုးငွေများပေးအပ် သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ ရွှေမော် ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော် ပေါ်၌ နေပူခံကျောက်ပြားခင်းခြင်းနှင့် အာရုံခံတန်ဆောင်းများ ပြန်လည်ပြုပြင် မွမ်းမံနေမှုများအား လှည့်လည်ကြည့်ရှု စစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းအချိန်မီ ပြီးစီးရေး တာဝန်ရှိသူများအား မှာကြား ကြောင်း သိရသည်။ **ဥသျှာတိုင်းသား**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



# စစ်ကိုင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် လိုက်လံကြည့်ရှုစစ်ဆေး



မုံရွာ နိုဝင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် မြန်မာ-တရုတ် ကုမ္ပဏီများအသင်းတို့ ပူးပေါင်းလှူဒါန်း၍ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ ကူညီဆောင်ရွက်သည့် စစ်ကိုင်းမြို့ ရွှေမင်းဝံဈေး မြန်မာ-တရုတ်ချစ်ကြည်ရေးဈေးရုံ အလျားပေ ၁၀၀၊ အနံပေ ၁၀၀၊ Steel Structure ၁ ထပ် ဈေးရုံသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ မြို့မဈေးကြီး ၂ ထပ်ဈေးရုံ ၁ ရုံ၊ ၁ ထပ်ဈေးရုံ ၃ ရုံ အဆင့်မြှင့်တင်ပြန်လည်ပြုပြင်တည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက် လမ်းအမှတ် (၁၁) လမ်းအရှည်ပေ ၂၅၀၀၊ အကျယ် ၁၈ ပေ လမ်းအကျယ်ချဲ့၍ ကတ္တရာလမ်းခင်းကျင်းနေမှုနှင့် ပိုးတန်းရပ်ကွက် ရွှေညောင်ပင်လမ်း လမ်းအရှည်ပေ ၁၀၅၀၊ အကျယ် ၁၆ ပေ လမ်းအကျယ်ချဲ့၍ ကတ္တရာလမ်းခင်းကျင်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ခုတင် ၃၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ ဆေးသိုလှောင်ရုံ RC ၁ ထပ် အဆောက်အအုံသစ်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးကောင်းမွန်စွာဖြင့် တည်ဆောက်ပြီးစီးရေးနှင့် အချိန်မီပြီးစီးရေးတို့ကို မှာကြားသည်။

ယင်းနောက် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ မြို့မရဲစခန်းရှိမွှာရုံပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

# မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာ Puma Power International Port Terminal ဆိပ်ကမ်းကို မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

မော်လမြိုင် နိုဝင်ဘာ ၉

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာ Puma Power International Port Terminal ဆိပ်ကမ်းကို ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကြည့်ရှုစစ်ဆေးစဉ်ရှင်းလင်းဆောင်၍ ဆိပ်ကမ်းတာဝန်ခံက မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် Myanmar Energy King (MEK) Co.,Ltd နှင့် Yar Zar Min Industry Co.,Ltd တို့မှ ပြည်နယ်အတွင်း လစဉ်အသုံးပြုရန်လိုအပ်သောစက်သုံးဆီများကို ပြည်ပ(ပင်လယ်ရေကြောင်း)မှ တင်သွင်းဖြန့်ဖြူးရောင်းချနိုင်ရန် Puma Power International Port Terminal ရှိ ဆီလှောင်ကန်များတွင် စက်သုံးဆီများသိုလှောင်ထားရှိမှု၊ ပြည်နယ်ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြည်နယ်အတွင်းရှိ စက်သုံးဆီဆိုင်များသို့ စက်သုံးဆီရောင်းချမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများက ပြည်နယ်အတွင်း ဆီပြတ်လပ်မှုမရှိစေရေးနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်မှ စက်သုံးဆီပြတ်လပ်မှုမရှိစေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆီအပြည့်အဝရရှိရေး ဆောင်ရွက်လျက်ရှိပြီး ဆီပြတ်လပ်မှုမရှိစေရေးနှင့်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ စက်သုံးဆီစဉ်ဆက်မပြတ်ရောက်ရှိရေး၊ စက်သုံးဆီများကို ပြည်သူအများ လုံလောက်စွာအသုံးပြုနိုင်ရေးနှင့် တရားမဝင်စက်သုံးဆီများရောင်းချမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားပြီး Yar Zar Min Industry Co.,Ltd ၏ Puma Power International Port Terminal ဆိပ်ကမ်းရှိ စက်သုံးဆီ တန် ၈၀၀၀ ဆံ့ LYNX SATU (လင့်ဆာတူ)သင်္ဘောပေါ်မှ ဆီလှောင်ကန်များသို့ ဆီဖြည့်သွင်းနေမှု၊ သိုလှောင်ကန်များရှိ စက်သုံးဆီများကို သက်ဆိုင်ရာဆီဖြည့်ပွိုင့်များမှတစ်ဆင့် ဆီဘောက်ဆာယာဉ်များပေါ်သို့ ဆီဖြည့်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ပြည်သူများ စက်သုံးဆီများကို အလွယ်တကူဝယ်ယူနိုင်ရေး၊ သတ်မှတ်ဈေးနှုန်းအတိုင်းရောင်းချရေး မှာကြားသည်။

ပြည်နယ်(ပြန်/ဆက်)




**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**မန္တလေးပြည်သူ့ဆေးရုံကြီး**
**“(ဒုတိယအကြိမ်)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း”**

၁။ မန္တလေးပြည်သူ့ဆေးရုံကြီး၌ တက်ရောက်နေသော လူနာများအား ကုသမှုပေးရာတွင် အသုံးပြုရန်အတွက် လိုအပ်သည့် (FDA) အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်-**
➤ ၁၁-၁၁-၂၀၂၅(အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်-**
➤ ၁၀-၁၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)၊ ညနေ(၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန္တလေးပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးပြည်သူ့ဆေးရုံကြီး**

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့နေ မေသင်းခိုင်(ဘ)ဦးဇော်ဝင်း ၇/ပခန(နိုင်)၃၃၅၀၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၁၆၈၅၁

**ပျောက်ဆုံးကြောင်း**
အောင်လံမြို့နေ မမြင့်မြင့်ထွန်း(ဘ)ဦးတင်စိုး ၈/အလန(နိုင်)၁၇၆၀၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၁၅၆၁၂၆

**ပျောက်ဆုံးကြောင်း**
အေးကို(ဘ)ဦးသိုက်မောင် ၅/ကနန(နိုင်)၀၃၅၀၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မင်းသွေးခ(ဘ)ဦးမောင်မောင်သန်း ၁၄/ရကန(နိုင်)၁၇၃၈၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 319208)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
စန်းစန်းမူ(ဘ)ဦးတင်ရွှေ ၈/ဆပဝ(နိုင်)၁၂၃၁၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 311879)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
အောင်ရဲဇော်(ဘ)ဦးမင်းအောင် ၅/မမတ(နိုင်)၁၀၅၆၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 579220)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
အိအိမိုး(ဘ)ဦးဝင်းနိုင် ၅/ဒပယ(နိုင်)၁၂၇၀၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခင်မောင်ဦး(ဘ)ဦးဖြူဝင်း ၉/ရမသ(နိုင်)၂၃၇၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇော်ဘောက်(ဘ)ဦးဇော်ရိန် ၁၃/လရန(နိုင်)၀၁၉၇၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၄၆၆၄၈

**ပျောက်ဆုံးကြောင်း**
ဖူးပြည့်ပြည့်ပိုင်(ဘ)ဦးငွေအောင် ၁၄/ဖပန(နိုင်)၂၅၁၂၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 212985)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
ဦးဆန်းဝင်း(ဘ)ဦးသံလုံး ၁၂/အစန(နိုင်)၀၁၀၀၀၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ယူနီယံဘာလင်အသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်း၏ ၁၆ ပွဲဆက် အနိုင်ရရှိသည့်စံချိန်ရပ်တန့်ခဲ့ရ



ဘာလင် နိုဝင်ဘာ ၉

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်အဖြစ် ကစားခဲ့သည့် ယူနီယံဘာလင်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် ယခုဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်း၏ ပြိုင်ပွဲစုံ ၁၆ ပွဲဆက် အနိုင်ရရှိသည့် စံချိန်ရပ်တန့်ခဲ့ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုဘောလုံးရာသီ နည်းပြကွန်ပနီလက်အောက်တွင် ပုံစံကောင်းများရရှိနေကာ ယူနီယံဘာလင်အသင်းနှင့်ပွဲစဉ်မတိုင်မီ ပြိုင်ပွဲစုံ ၁၆ ပွဲဆက် အနိုင်ရရှိထားပြီး ဥရောပထိပ်တန်းလိဂ်များတွင် ပြိုင်ပွဲစုံ ရာနှုန်းပြည့်အနိုင်ရရှိထားသည့် အသင်းအဖြစ်ရပ်တည်နေသော်လည်း ယူနီယံဘာလင်အသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်း၏ နိုင်ပွဲဆက်စံချိန် ရပ်တန့်ခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်သော်လည်း ဒိုခီက ပွဲချိန် ၂၇ မိနစ်နှင့် ၈၃ မိနစ်တို့တွင် ယူနီယံဘာလင်အသင်းအတွက် သွင်းဂိုးများသွင်းယူပေးနိုင်ခဲ့ပြီး ဘိုင်ယန်မြူနစ်အသင်းအတွက် ပွဲချိန် ၃၈ မိနစ်တွင် လူးဝစ်ဒီယက်ဇ်နှင့် ပွဲချိန် ၉၃ မိနစ်တွင် ဟယ်ရီကိန်းတို့က ချေပဂိုးများ သွင်းယူပေးနိုင်ခဲ့သည့်အတွက် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရှုံးနိမ့်မည့်အရေးမှ လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

အလားတူ ယူနီယံဘာလင်အသင်းသည် ဦးဆောင်ဂိုးစတင်သွင်းယူနိုင်ခဲ့သည့်အတွက် ယခုဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းဘက်သို့ ဦးဆောင်ဂိုးစတင်သွင်းယူနိုင်သည့် ပထမဆုံးအသင်းဖြစ်လာသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယူနီယံဘာလင်အသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့သည့်အတွက် နိုင်ပွဲဆက်မှုရပ်တန့်ခဲ့ရသော်လည်း ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ရှုံးပွဲမရှိသေးသည့်တစ်သင်းတည်းသောအသင်းအဖြစ် ဆက်လက်ရပ်တည်နေသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယူနီယံဘာလင်အသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ရမှတ် ၂၈ မှတ်ဖြင့် အဆင့်(၂)နေရာမှ လိုက်ပဇစ်အသင်းကို ရမှတ်ခြောက်မှတ်အထိဖြတ်တောက်ထားပြီး အမှတ်ပေးဇယားထိပ်ဆုံး၌ ဆက်လက်ရပ်တည်နေကြောင်း သိရသည်။ *Ref;Fotmob*

## အာဆင်နယ်အသင်း၏ ရှစ်ပွဲဆက် ဂိုးမပေးရသည့် မှတ်တမ်းကောင်းရပ်တန့်

လန်ဒန် နိုဝင်ဘာ ၉

အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ်ကစားသည့် ဆန်းဒါးလန်းအသင်းနှင့်ပွဲစဉ်တွင် ဂိုးပေးခဲ့ရပြီးနောက် အသင်းသမိုင်းတစ်လျှောက် ရှစ်ပွဲဆက် ဂိုးမပေးရသည့်မှတ်တမ်းကောင်းတစ်ရပ် ရပ်တန့်ခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ယခုဘောလုံးရာသီ နည်းပြအာတီတာလက်အောက်တွင် အကောင်းဆုံးပုံစံရရှိနေပြီး ဆန်းဒါးလန်းအသင်းနှင့်ကစားသည့် ပွဲစဉ်မတိုင်မီအထိ ပြိုင်ပွဲစုံရှစ်ပွဲဆက်ဂိုးမပေးရအောင် စွမ်းဆောင်နိုင်သည့် မှတ်တမ်းကောင်းတစ်ရပ်ရရှိထားခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် စက်တင်ဘာလ ၂၈ ရက်က ကစားသည့် နယူးကာဆယ်အသင်းနှင့် ပွဲစဉ်တွင် ဂိုးပေးခဲ့ရပြီးနောက်ပိုင်း အိုလံပီယာကို့စ်၊ ဝက်စ်ဟမ်း၊ ဖူလ်ဟမ်၊ အက်သလက်တီကို၊ ခရစ္စတယ်ပဲလေ့စ်၊ ဘရိုက်တန်၊ ဘန်လေနှင့် စလါဗီယာပရပ်အသင်းတို့နှင့်ပွဲစဉ်များတွင် ပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အသင်းသမိုင်းတစ်လျှောက် ပြိုင်ပွဲစုံရှစ်ပွဲဆက်ဂိုးမပေးရသည့် မှတ်တမ်းကောင်းတစ်ရပ်ကိုပိုင်ဆိုင်ခဲ့သော်လည်း ဆန်းဒါးလန်းအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ရပ်တန့်ခဲ့ရကြောင်း သိရသည်။

*Ref;Fotmob*

## မန်ယူအသင်းမှ အဓိက ကစားသမားနှစ်ဦးဖြစ်သည့် မက်ဂွိုင်ယာနှင့် ဆက်ကိုတို့ ဒဏ်ရာကြောင့် လာမည့်ပွဲစဉ်များကို လွဲချော်ဖွယ်ရှိနေ

မန်ချက်စတာ နိုဝင်ဘာ ၉

မန်ယူအသင်းမှအဓိက ကစားသမားနှစ်ဦးဖြစ်သည့် ခံစစ်ကစားသမား မက်ဂွိုင်ယာနှင့် တိုက်စစ်ကစားသမား ဆက်ကိုတို့သည် စပါးအသင်းနှင့်ကစားသည့်ပွဲစဉ်တွင် ဒဏ်ရာအသီးသီးရရှိခဲ့သည့်အတွက် လာမည့်ပွဲစဉ်များကို လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။

မန်ယူအသင်းသည် စပါးအသင်းနှင့်ပွဲစဉ်တွင် အဓိကခံစစ်ကစားသမား ဒီလစ်၏ နောက်ဆုံးမိနစ်သွင်းဂိုးကြောင့် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့်အတွက် ရှုံးနိမ့်မည့်အရေးမှ ရှောင်ရှားနိုင်ခဲ့ပြီး နည်းပြအမိုရင်လက်ထက် ငါးပွဲဆက်မရှုံးနိမ့်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

မက်ဂွိုင်ယာနှင့် ဆက်ကိုတို့သည် နည်းပြအမိုရင်လက်အောက်တွင် အဓိက ကစားသမားများအဖြစ် ခြေစွမ်းပြလျက်ရှိပြီး စပါးအသင်းနှင့်ပွဲစဉ်၌ မက်ဂွိုင်ယာသည် ပွဲချိန် ၇၂ မိနစ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ပြီး ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် လူစားလဲထွက်ခွာခဲ့ရသည်။

အလားတူ ဆက်ကိုသည်လည်း ပွဲချိန် ၅၈ မိနစ်တွင် မက်ဇာအူရီ၏နေရာ၌ လူစားလဲပါဝင်ကစားခဲ့ကာ ပွဲပြီးဆုံးခါနီး မိနစ် ၈၀ အကျော်တွင် ဒူးဒဏ်ရာရရှိခဲ့ပြီး ဆက်လက်ကစားနိုင်ခြင်းမရှိသော်လည်း မန်ယူအသင်းအနေဖြင့် လူစားလဲခွင့် ငါးကြိမ်ပြည့်သွားသည့်အတွက် ဆက်ကိုအားလူစားမလဲနိုင်ခဲ့ခြင်းဖြစ်သည်။

ဆက်ကိုအနေဖြင့် ပွဲစဉ်ကို ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် ထွက်ခွာခဲ့ရသောကြောင့် မန်ယူအသင်းသည် လက်ကျန်ပွဲကစားချိန်များတွင် ကစားသမားတစ်ဦးလျော့ဖြင့် ဆက်လက်ကစားခဲ့ရသည်။

စပါးအသင်းနှင့်ပွဲစဉ်အပြီးတွင် မန်ယူအသင်းနည်းပြအမိုရင်က မက်ဂွိုင်ယာနှင့်ဆက်ကိုတို့ ဒဏ်ရာရရှိခဲ့ခြင်းကိုအတည်ပြုခဲ့ပြီး မက်ဂွိုင်ယာအနေဖြင့် ဒဏ်ရာပြင်းထန်ခြင်းမရှိသော်လည်း ဆက်ကိုအနေဖြင့် ဒဏ်ရာပြင်းထန်ခဲ့သည်ဟုပြောကြားခဲ့ကြောင်း သိရသည်။ *Ref;Fabrizio Romano*

## အာဂျင်တီးနားအသင်းနှင့် စပိန်အသင်းတို့ကစားမည့် Finalissima ဖိုလ်လုပွဲကို ၂၀၂၆ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျင်းပမည်

မက်ဒရစ် နိုဝင်ဘာ ၉

အာဂျင်တီးနားအသင်းနှင့် စပိန်အသင်းတို့ကစားမည့် Finalissima ဖိုလ်လုပွဲကို ၂၀၂၆ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Finalissima ဖိုလ်လုပွဲသည် တောင်အမေရိကဘောလုံးအဖွဲ့ချုပ်မှကြီးမှူးကျင်းပသော အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ကိုပါအမေရိကဖလားချန်ပီယံအသင်းနှင့် ဥရောပဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ယူရိုချန်ပီယံအသင်းတို့ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

တောင်အမေရိကဘောလုံးအဖွဲ့ချုပ်နှင့် ဥရောပဘောလုံးအဖွဲ့ချုပ်တို့မှကြီးမှူးပြီး ကိုပါအမေရိကဖလားချန်ပီယံအသင်းနှင့် ယူရိုချန်ပီယံအသင်းတို့ကစားခဲ့သည့် Finalissima ဖိုလ်လုပွဲကို ၂၀၂၂ ခုနှစ်က စတင်ကျင်းပခြင်းဖြစ်ပြီး အမျိုးသား Finalissima ဖိုလ်လုပွဲအပြင် အမျိုးသမီး Finalissima ဖိုလ်လုပွဲကိုပါ ထည့်သွင်းကျင်းပနေခြင်းဖြစ်သည်။

ပြီးခဲ့သည့် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် စပိန်အသင်းက ချန်ပီယံဆုဆွတ်ခူးထားခြင်းဖြစ်ပြီး ၂၀၂၄ ကိုပါအမေရိကဖလားကိုလည်း အာဂျင်တီးနားအသင်းက ဆွတ်ခူးထားနိုင်သည့်အတွက် ၎င်းတို့နှစ်သင်းအနေဖြင့် Finalissima ဖိုလ်လုပွဲကိုကစားရမည်ဖြစ်ကာ Finalissima ဖိုလ်လုပွဲ၌ အာဂျင်တီးနားအသင်းက ချန်ပီယံဆုနှစ်ကြိမ်အထိဆွတ်ခူးထားပြီး အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိသည့်အပြင် လက်ရှိချန်ပီယံအသင်းအဖြစ်ပါ ရပ်တည်နေသည်။

အာဂျင်တီးနားအသင်းနှင့် စပိန်အသင်းတို့ကစားမည့် Finalissima ဖိုလ်လုပွဲကို ၂၀၂၆ ခုနှစ် မတ်လ ၂၇ ရက်တွင် ကာတာနိုင်ငံ ဒိုဟာမြို့ရှိ Lusail Stadium ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

*Ref;Techno Sports*



# ကျောက်ဆည်မြို့နယ်၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးသည့်ကြက်ဟင်းခါးများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးသည့် စားဖိုဆောင်သီးနှံများဖြစ်သော ဘူး၊ ဖရုံ၊ သခွား၊ ကြက်သွန်နှင့် ကြက်ဟင်းခါးများ စိုက်ပျိုးရာတွင် ကြက်ဟင်းခါးများအောင်မြင်ဖြစ်ထွန်းသဖြင့် စိုက်ပျိုးရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကြက်ဟင်းခါးစိုက်ပျိုးပါက သဘာဝမြေဩဇာဖြစ်သည့် နွားချေးများဖြင့်မြေပြုပြင်ပြီး ရှစ်ပေခန့်အကွာ တိုင်များစိုက်၍ တိုင်အခြေတွင် မျိုးစေ့များ တိုက်ရိုက်စိုက်ပျိုးပြီး ငါးပေအမြင့်ရှိစင်များပြုလုပ်ကာ စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးပြီး ၁၅ ရက်ခန့်အကြာတွင် အပင်ပတ်လည်၌ အာမိုမြေဩဇာဟင်းစားဇွန်း တစ်ဇွန်းခန့်ဖြူးပေးကာ ရေတင်ပေးပြီး ပင်စည်များအား တိုင်နှင့်ကပ်၍ ကြိုးချည်ပေးရကြောင်း၊ စိုက်ပျိုးပြီး ရက်ပေါင်း ၃၀ ခန့်တွင် အပွင့်များစတင်ပွင့်လာပြီး ၄၅ ရက်ခန့်တွင် အသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် ဘို့တစ်ထောင်ကြက်ဟင်းခါးမျိုးစိုက်ပျိုးထားပါက လေးရက်လျှင် တစ်ကြိမ် ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ ခူးဆွတ်ရောင်းချရသည့်သက်တမ်းမှာ အပင်ပြုစုမှုပေါ်မူတည်ပြီး ခြောက်လခန့် ခူးဆွတ်ရောင်းချရကြောင်း ကြက်ဟင်းခါးစိုက်ပျိုးရောင်းချသည့် ရန်ပုံနှစ်ကျေးရွာမှ တောင်သူဦးမြင့်မောင်ကပြောသည်။

ထို့ပြင် စိုက်ပျိုးရာတွင်အသုံးပြုသည့် တိုင်နှင့်ဝါးများသည် အခင်းဖျက်သိမ်းပါက သိမ်းဆည်းထားပြီး လေးကြိမ်အထိ ပြန်လည်အသုံးပြုနိုင်ကာ ကုန်ကျစရိတ်နည်းပါးပြီး မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ခြင်း၊ အကျိုးအမြတ်များခြင်းတို့ကြောင့် တိုးချဲ့စိုက်ပျိုးသင့်သည့်သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)



# အင်းစိန်မြို့နယ်၌ စာဖတ်ရှိန်မြင့်မားရေး ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်များငှားရမ်းပေးလျက်ရှိ



ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများတိုးပွားရရှိပြီး စာဖတ်ရှိန်ပိုမိုမြင့်မားလာစေရေး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ပြည်သူများနှင့် စာသင်ကျောင်းများအရောက် စာအုပ်များသွားရောက်ငှားရမ်းပေးခြင်းကို နိုဝင်ဘာလ ၈ ရက်က အင်းစိန်မြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၊ စည်ပင်သာယာရေးဦးစီးဌာနရုံးများ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် စာဖတ်သူအကြိုက် စာအုပ်စာစောင်များကို နှစ်ပတ်တစ်ကြိမ် သွားရောက်ငှားရမ်းပေးလျက်ရှိသည်။

ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ပေါ်၌ အသိပညာ ဗဟုသုတများစွာရရှိစေမည့် သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြစာအုပ်များပါရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ်လဲလှယ်ပေးလျက်ရှိရာ ယခင်ငှားရမ်းပေးခဲ့သောစာအုပ်များကို လက်ခံရယူခဲ့ကြပြီး ဆက်လက်ငှားရမ်းပေးခဲ့ကြောင်း၊ ယခုငှားရမ်းပေးခဲ့သောစာအုပ်များကို ရက်သတ္တနှစ်ပတ်ပြည့်လျှင် စာအုပ်အသစ်များဖြင့် ထပ်မံလဲလှယ်ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။

ထွန်းလင်းကျော်(ပြန်/ဆက်)

# သာကေတမြို့နယ် ကြက်ခြေနီအသင်းခွဲရုံးဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာကျင်းပ

ရန်ကုန် နိုဝင်ဘာ ၉

မြန်မာနိုင်ငံကြက်ခြေနီအသင်း သာကေတမြို့နယ် ကြက်ခြေနီအသင်းခွဲရုံး အဆောက်အအုံဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာလ ၉ ရက်တွင် သာကေတမြို့နယ်၁/ထူပါရုံရပ်ကွက် ထူပါရုံ ၁၂ လမ်းအနောက်ရှိ အဆိုပါအသင်းရုံးခွဲရုံးမြေနေရာ၌ ကျင်းပသည်။

ထို့နောက် ပါဠိကာရီပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တအင်္ဂီသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ယင်းနောက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးကြည်၊ မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူးချုပ် ဦးကျော်မိုးကြည်၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တိုင်းတပ်ဖွဲ့မှူး ဦးထိန်ဝင်း၊ ဗိုလ်တထောင်ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးသက်ဦး၊ သာကေတမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးသူရိန်ဇော်၊ သာကေတမြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးအောင်မင်းနှင့် တာဝန်ရှိသူတို့က ကြက်ခြေနီအသင်းခွဲရုံးဆောက်လုပ်ရန် ပန္နက်တင်ခဲ့ကြပြီး ရွှေအုတ်ငွေအုတ်ခင်းကာ အမွှေးနံ့သာရည်ပက်ဖျန်းခဲ့ကြသည်။

အဆိုပါအဆောက်အအုံသည် ပေ ၅၀x၃၅ ပေ တစ်ထပ် Steel Structure အဆောက်အအုံဖြစ်ပြီး ငွေကျပ်သိန်း ၁၅၀၀ ခန့် ခန့်မှန်းကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

သဲထက်ဇင်(ပြန်/ဆက်)

# မြို့သစ်မြို့နယ်၌ လူငယ်ပညာပေးဟောပြောပွဲနှင့်လက်ကမ်းစာစောင်ဖြန့်ဝေခြင်းဆောင်ရွက်



မြို့သစ် နိုဝင်ဘာ ၉

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးဆောင်၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာဗဟုသုတရရှိစေရေးအတွက် လူငယ်ပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို နိုဝင်ဘာလ ၈ ရက်က မြေပြင်သာကျေးရွာအုပ်စု သန်းကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဆောင်ရွက်သည်။

အဆိုပါ လူငယ်ပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမျက်ခြယ်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးအကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးဆယ်မောင်က ကျောင်းသား၊ ကျောင်းသူများ စားသုံးရန်မသင့်သည့်အစားအသောက်များနှင့် သတိပြုရမည့်အချက်များကိုလည်းကောင်း အသီးသီးဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝင်းအိဇွန် (ပြန်/ဆက်)

# ပြည်တွင်းငွေလွှဲဝန်ဆောင်မှုကဏ္ဍအတွက် နိုင်ငံတကာငွေလွှဲအဖွဲ့အစည်း MoneyGram နှင့် ရောဝတီဘဏ်တို့ မိတ်ဖက်ပူးပေါင်း




ရန်ကုန် နိုဝင်ဘာ ၉

ကမ္ဘာတစ်ဝန်းမှ မြန်မာနိုင်ငံသို့ ငွေလွှဲဝန်ဆောင်မှုများကို ပြုလုပ်နိုင်စေရန်အတွက် နိုင်ငံတကာငွေလွှဲအဖွဲ့အစည်းကြီးတစ်ခုဖြစ်သည့် MoneyGram International, Inc နှင့် မြန်မာနိုင်ငံ၏ ဘဏ်တစ်ခုဖြစ်သည့် ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (AYA Bank Public Company Limited) တို့ မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ပူးပေါင်းလိုက်ပြီဖြစ်ကြောင်း ရောဝတီဘဏ်မှသိရသည်။

ပေါင်းစည်းမှု၏ ရလဒ်အနေဖြင့် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများနှင့် ၎င်းတို့၏ မိသားစုဝင်များက MoneyGram ၏ ကမ္ဘာလုံးဆိုင်ရာ ငွေလွှဲကွန်ရက်မှတစ်ဆင့် ပေးပို့သော ငွေလွှဲများကို မြန်မာနိုင်ငံတွင် လွယ်ကူစွာ လက်ခံနိုင်မည်ဖြစ်သည်။

"မြန်မာနိုင်ငံက မိသားစုတွေအတွက် နိုင်ငံခြားငွေလွှဲတွေကို လွယ်ကူချောမွေ့စွာ လက်ခံနိုင်အောင် အခုလို ရောဝတီဘဏ်နဲ့ အတူ ပူးပေါင်းနိုင်တဲ့အတွက် အထူးပဲ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုကတစ်ဆင့် မြန်မာပြည်အတွင်းမှာရှိတဲ့ မိသားစုတွေဟာ နိုင်ငံခြားငွေလွှဲတွေကို အချိန်နဲ့တစ်ပြေးညီ ဘဏ်ခွဲတွေ၊ AYA Pay အေးဂျင့်တွေနဲ့ Mobile Wallets တွေကတစ်ဆင့်လက်ခံနိုင်မှာဖြစ်ပါတယ်။ အခုလို အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မှုဟာ ကျွန်တော်တို့ MoneyGram ရဲ့ အာရှပစိဖိတ်ဒေသအတွင်း ရပ်တည်ချက်ဖြစ်တဲ့ ခေတ်မီ ဆန်းသစ်ပြီး စိတ်ချရတဲ့ ငွေလွှဲပေးပို့ခြင်းဝန်ဆောင်မှုအတွက် ကြီးမားတဲ့အထောက်အကူတစ်ခုဖြစ်လာစေမှာပါ" ဟု MoneyGram ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ဒါရိုက်တာ Vijay Raj Poduval က ပြောကြားသည်။

အဆိုပါငွေလွှဲများကို ရောဝတီဘဏ်၏ ရုံးခွဲပေါင်း ၂၆၅ ခုတွင်လည်းကောင်း၊ AYA Mobile Banking App မှတစ်ဆင့်လည်းကောင်း သို့မဟုတ် AYA Pay မိုဘိုင်းအက်ပ်နှင့် နိုင်ငံအနှံ့ရှိ အေးဂျင့်ကွန်ရက်များမှတစ်ဆင့်လည်းကောင်း လက်ခံနိုင်မည်ဖြစ်သည်။

"မြန်မာနိုင်ငံမှာရှိတဲ့မိသားစုတွေအတွက် နိုင်ငံခြားငွေလွှဲဝန်ဆောင်မှုဟာ အလွန်အရေးပါတဲ့ အထောက်အပံ့တစ်ခုအဖြစ် တည်ရှိနေပါတယ်။ အခုလို MoneyGram နဲ့ အတူ ပူးပေါင်းဆောင်ရွက်ခြင်းဟာ မြန်မာနိုင်ငံနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးကို ချိတ်ဆက်ပေးနေတဲ့ ကျွန်တော်တို့ ရောဝတီဘဏ်ရဲ့ ခိုင်မာတဲ့ လုပ်ဆောင်ချက်တွေအပေါ်မှာ အခြေခံပြီး လုပ်ဆောင်ခြင်းပဲဖြစ်ပါတယ်။ အခုလို MoneyGram နဲ့ ပေါင်းစည်းခြင်းရလဒ်အနေနဲ့ ရောဝတီဘဏ်ဝန်ဆောင်မှု အသုံးပြုသူများဟာ ကမ္ဘာတစ်ဝန်းမှနိုင်ငံခြားငွေလွှဲများကို ဘဏ်ခွဲတွေ၊ AYA Mobile App နဲ့ AYA Pay တို့မှာ ပိုမိုလွယ်ကူမြန်ဆန်စွာလက်ခံနိုင်လာမှာဖြစ်ပါတယ်" ဟု ရောဝတီဘဏ်၏ Chief Business Officer ဦးနေလင်းထွဋ်က ဆိုသည်။

အဆိုပါပူးပေါင်းဆောင်ရွက်မှုသည် မိတ်ဖက်အဖွဲ့အစည်းနှစ်ခု၏ အားသာချက်များဖြစ်သည့် MoneyGram ၏ နိုင်ငံတကာကွန်ရက်ဖြန့်ကြက်နိုင်မှုနှင့် ရောဝတီဘဏ်၏ တစ်နိုင်ငံလုံးတွင် ဘဏ်ခွဲများနေရာဒေသအလိုက် ဖြန့်ကြက်ထားရှိနိုင်မှု ဒစ်ဂျစ်တယ်အခြေခံအဆောက်အဦများခိုင်မာမှုတို့ကို အခြေပြုထားခြင်းဖြစ်ပြီး ပိုမိုကောင်းမွန်ကျယ်ပြန့်သည့် ငွေကြေးဝန်ဆောင်မှုကွန်ရက်များကို ပေးအပ်လာနိုင်မည်ဖြစ်သည့်အတွက် ကမ္ဘာတစ်ဝန်းရှိ မိသားစုဝင်များကြား ငွေလွှဲဝန်ဆောင်မှုများကို လွယ်ကူစွာအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

# အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(စီ)ပွဲစဉ်တွင် အား/ကာသိပ္ပံ (ISPE)အသင်းက ဆူဝမ်အသင်းကို ရှုံးနိမ့်

ရန်ကုန် နိုဝင်ဘာ ၉

၂၀၂၅-၂၀၂၆ ရာသီ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(စီ)ပွဲစဉ် မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံ(ISPE) အသင်းနှင့် တောင်ကိုရီးယားအမျိုးသမီးကလပ်ဆူဝမ်အသင်းတို့ ယနေ့ညာ ၇ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အား/ကာသိပ္ပံ(ISPE) အသင်းက ဆူဝမ်အသင်းကို ၅ ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဆူဝမ်အသင်းသည် အာရှထိပ်တန်းအသင်းတစ်သင်းဖြစ်ပြီး ဝက်စ်ဟမ်း၊ စပါး၊ ဘာမင်ဂမ်တို့တွင် ပရော်ဖက်ရှင်နယ်ကစားနေသည့် ကစားသမားနှင့်အတူ ဂျပန်နှင့် ဘရာဇီးတို့မှခေါ်ယူထားသည့် နိုင်ငံခြားကစားသမားများလည်းပါဝင်သည်။ အား/ကာသိပ္ပံ(ISPE)အသင်းသည် ပြိုင်ဘက်အသင်းအား အကောင်းဆုံးယှဉ်ပြိုင်နိုင်ရန် အခြားကလပ်အသင်းများမှ လက်ရွေးစင်ကစားသမားအချို့ကို ကာလတိုအငှားစာချုပ်ဖြင့် ခေါ်ယူ၍ ယနေ့ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။



ပွဲစသည်နှင့်ဆူဝမ်အသင်းက အား/ကာသိပ္ပံ(ISPE)အသင်းဘက်ကို တိုက်စစ်ဆင်ကစားခဲ့၍ အား/ကာသိပ္ပံ(ISPE)အသင်း ခံစစ်အသွင်ကစားပြီး တန်ပြန်တိုက်စစ်ဖြင့်သာ ဟန့်တားကစားနိုင်ခဲ့သည်။ ပွဲကစားချိန် ၄၅ မိနစ်ပြီးဆုံး၍နာကျင်အပိုချိန်တွင် ပြစ်ဒဏ်ဘောကတစ်ဆင့် မီလန်နင်ဟာက ဆူဝမ်အသင်းအတွက်ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် ဆူဝမ်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ပွဲကို ဦးဆောင်ထားသည်။

ဒုတိယပိုင်းပြန်စသည်နှင့် အား/ကာသိပ္ပံ(ISPE)အသင်း ချေပဂိုးပြန်လည်ရရှိရေးလူစားလဲတိုက်စစ်ဆင်ကစားခဲ့သော်လည်း ဆူဝမ်အသင်းတိုက်စစ်ကိုမကျော်နိုင်ခဲ့ပေ။ ပွဲကစားချိန် ၅၆ မိနစ်တွင် နီရီကာဝါက ဒုတိယဂိုး၊ ပွဲကစားချိန် ၅၉ မိနစ်နှင့် ၇၄ မိနစ်တွင် ဆောင်ဂျီယွန်းက တတိယဂိုးနှင့် စတုတ္ထဂိုး၊ ပွဲကစားချိန် ၈၃ မိနစ်တွင် ဆိုရီဂျင်းက ပဥ္စမဂိုး အသီးသီးသွင်းယူနိုင်ခဲ့၍ ပွဲပြီးဆုံးချိန်တွင် ဆူဝမ်အသင်းက အား/ကာသိပ္ပံ(ISPE)အသင်းကို ၅ ဂိုးဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသွားသည်။

ယနေ့ယှဉ်ပြိုင်သည့် အုပ်စု(စီ)ပွဲစဉ်တစ်ပွဲဖြစ်သည့် တိုကျိုဗာဒီအသင်းနှင့် နာဂိုရန်းတို့ပွဲတွင် ဂျပန်အမျိုးသမီးကလပ်တိုကျိုဗာဒီအသင်းက မြောက်ကိုရီးယားအမျိုးသမီးကလပ် နာဂိုရန်းကို ၄ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံ(ISPE)အသင်းသည် နိုဝင်ဘာလ ၁၂ ရက် ညနေ ၃ နာရီတွင် ဂျပန်ကလပ်တိုကျိုဗာဒီအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

# Singha Classic 2025 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကျော်သက်ဦး အဆင့် ၄ ရရှိ

ရန်ကုန် နိုဝင်ဘာ ၉

Thailand Golf Tour ၏အဆင့်မြင့် Tour တစ်ခုဖြစ်သည့် All Thailand Golf Tour ၏ Singha Classic 2025 ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၆ ရက်မှ ၉ ရက်အထိ ထိုင်းနိုင်ငံ Royal Hills Golf Resort & Spa, Nakhon Nayok ၌ကျင်းပရာ မြန်မာ Professional ဂေါက်သီးရိုက်ကစားသမား ကျော်သက်ဦး အဆင့် ၄ ရရှိခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် Thanpisit OMSIN(ထိုင်း) က ၆၈+၆၅+၆၆+၆၅ ဖြင့် စုစုပေါင်း ၂၆၄ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာပထမ၊ Ratchakorn PETCHOM နှင့် KK LIMBHASUT တို့က သတ်မှတ်ရိုက်ချက်ထက် ၇ ချက်လျော့ရိုက်ကာ ပူးတွဲဒုတိယ၊ Thanapol CHAROENSUK (ထိုင်း) နှင့် ကျော်သက်ဦးတို့က ပူးတွဲအဆင့် ၄ ရရှိခဲ့သည်။ ကျော်သက်ဦးနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အောင်ဆန်းမျိုးသည် ၇၀+၇၀+၇၂+၇၈ ဖြင့် စုစုပေါင်း ၂၉၀ ချက်ဖြင့် အဆင့် ၅၆ ၌ ရပ်တည်နိုင်ခဲ့ပြီး ပြိုင်ပွဲ၌ ကစားသမား ၁၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ကျော်သက်ဦးသည် All Thailand Golf Tour နှင့် Thailand PGA Tour တို့က စီစဉ်ကျင်းပလျက်ရှိသည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေသူတစ်ဦးဖြစ်ကြောင်းလည်း သိရသည်။

မင်းမင်းလတ်

➤ ကျောဖုံးမှအဆက်

Kumite အတိုက်ပြိုင်ပွဲများအား ကီလိုတန်းအလိုက် အသက် ၆ နှစ်မှ ၁၈ နှစ်အထိ ကစားသမားများပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယရရှိကြသော ကစားသမားများအား International Karate Organization Myanmar(IKO)မှ တာဝန်ရှိသူများက ဆုတံဆိပ်များအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

"အခုလိုပြိုင်ပွဲတွေကို ကျင်းပပေးခြင်းအားဖြင့် ကလေးတွေအမိကရသွားတာတော့ စည်းကမ်းပိုင်းပေါ့။ ပထမဦးဆုံး ကိုယ့်ကိုယ်ကိုယ် Control လုပ်ရမယ်၊ နောက်စိတ်ရောကိုယ်ရောနှစ်ပြီးလုပ်ရမယ်၊ နောက်တစ်ခုက ရိုသေလေးစားမှု၊ အာရုံစူးစိုက်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်း၊ စည်းကမ်းနဲ့ဖွဲ့၊ လုံ့လ၊ ဝီရိယအပိုင်းတွေဖြစ်ပါတယ်။ ကလေးတွေဟာ ဒါတွေကို နားလည်လာမယ်၊ ဆုရဖို့အတွက်တင်မကဘူး၊ ဒီပြိုင်ပွဲကနေတစ်ဆင့်နိုင်ငံတကာပြိုင်ပွဲတွေအထိ တက်လှမ်းနိုင်မှာဖြစ်ပါတယ်"ဟု International Karate Organization Myanmar(IKO)၏ မြန်မာနိုင်ငံတာဝန်ခံ ဦးမင်းလွင်က ပြောသည်။

ယနေ့ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကရာတေးသင်တန်းများမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းပါဝင်ခဲ့ကြပြီး ကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ

**နိုဝင်ဘာလ၏ မိုးရေချိန်စံချိန်သစ်**

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | ရွှေကျင် | ၉-၁၁-၂၀၂၅ | ၁၁၀ | ၄.၃၃ | ၃-၁၁-၁၉၉၁ | ၉၇ | ၃.၈၂ | ၆၁ |

(မိုး/ဇလ)

# မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ



➤ပါရမီ(YBS) 09-459448201
➤ရွှေမန်းသူ 09-254781060
➤မန္တလေးအခြေစိုက် 09-426500153
➤တော်ဝင် 09-423333250
➤ပါရမီတက္ကစီ 01-3643641
➤ကုန်စည် 09-440619258

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။



## မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED



လုံခြုံလျင်မြန် ဆောင်ရွက်ပြန်မှုန် မြဝတီဘဏ်

### Card Services
- Individual Debit Card/ Credit Card
- Corporate Debit Card
- Automated Teller Machine Services
- Point of Sales Services
- Online Payment/ Tax Payment Via E-commerce

MPU
UnionPay

Phone No :
(01) 2301367, 2301368,
(01) 2301452, 2301378



အရည်အသွေးမြင့်စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။

| STARMART nine mile Showroom | KHA YAE PIN MART | STARMART Mandalay Wholesale | STARMART Nay Pyi Taw |
|---|---|---|---|
| ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀ | မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅ | ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄ | ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇ |






# ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

# နဲ့ ဖြည့်စွမ်းထား




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန်လိုအပ်မည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသိမြင်ရန်လို . . .

❖ မိမိတို့တာဝန်ယူထားရသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့အရေးကို ကျေပွန်ရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၁၁ ရက်နေ့တွင် ပြင်ဦးလွင်မြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းစုံညီခန်းမ၌ ဆရာ၊ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# 8th WVVF World Vovinam Championship 2025 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အောင်ပွဲရ မြန်မာဗိုဗီနမ်အသင်း ပြန်လည်ရောက်ရှိ



ရန်ကုန် နိုဝင်ဘာ ၉

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှ ၈ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပခဲ့သည့် 8th WVVF World Vovinam Championship 2025 ပြိုင်ပွဲသို့ မြန်မာဗိုဗီနမ်အသင်းမှ အုပ်ချုပ်သူနည်းပြ နှစ်ဦး၊ အားကစားသမား အမျိုးသား သုံးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ရှစ်ဦးတို့သည် အားကစားနည်းအမျိုးအစား (Event) ၁၆ မျိုးတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါအောင်ပွဲရ မြန်မာဗိုဗီနမ်အသင်းသည် လေကြောင်းခရီးဖြင့် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့မှ စင်ကာပူနိုင်ငံသို့လည်းကောင်း၊ စင်ကာပူနိုင်ငံမှတစ်ဆင့် ရန်ကုန်မြို့သို့လည်းကောင်း ယနေ့နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိလာရာ **စာမျက်နှာ ၁၅ ကော်လံ ၁** ■

## တနင်္ဂနွေနေ့ ဘောလုံးပွဲရလဒ်များ

**အင်္ဂလန်ပရီးမီးယားလိဂ်**

| | | |
|---|---|---|
| ဆန်းဒါးလန်း | ၂ - ၂ | အာဆင်နယ် |
| ချဲလ်ဆီး | ၃ - ဝ | ဝုဗ် |
| ဗီလာ | ၄ - ဝ | ဘုန်းမောက် |
| ဘရန့်ဖို့ | ၃ - ၁ | နယူးကာဆယ် |
| ပဲလေ့ | ဝ - ဝ | ဘရိုက်တန် |
| နော်တင်ဟမ် | ၃ - ၁ | လိဒ် |

**စပိန်လာလီဂါ**

| | | |
|---|---|---|
| အက်သလက်တီကို | ၃ - ၁ | လီဗန်တေး |
| အက်စပန်ညို | ဝ - ၂ | ဗီလာရီးရဲ |

**အီတလီစီးရီးအေ**

| | | |
|---|---|---|
| ပါးမား | ၂ - ၂ | အေစီမီလန် |
| အတ္တလန္တာ | ဝ - ၃ | ဆက်ဆူအိုလို |
| ဘိုလော့နာ | ၂ - ဝ | နာပိုလီ |

## ဒီမိုကရက်တစ်ပါတီနှင့် ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)တို့၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များပါရှိ

နေပြည်တော် နိုဝင်ဘာ ၉

ဒီမိုကရက်တစ်ပါတီနှင့် ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ်မြဝတီသတင်းစာ စာမျက်နှာ(၁၂)နှင့် စာမျက်နှာ(၁၄)တို့တွင် ဖော်ပြပါရှိပါသည်။ မြဝတီ

## IKO Kids & Youths Championships ကရာတေးပြိုင်ပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၉

IKO Myanmar(International Karate Organization Myanmar) နိုင်ငံတကာကရာတေးအဖွဲ့ချုပ်မှကြီးမှူးကျင်းပသည့် IKO Kids & Youths Championships Myanmar and IKO Weight Category Championships Myanmar 2025 ကရာတေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းရှိ ယုဇနဟိုတယ်၌ကျင်းပပြုလုပ်သည်။

အဆိုပါပြိုင်ပွဲတွင် IKO Myanmar Kata နှင့် **စာမျက်နှာ ၃၀ ကော်လံ ၄** ➤

## နိုင်ငံတကာသတင်း

စာ-၂၃ သို့



**အလွန်အင်အားပြင်းမုန်တိုင်း ဖန်ဝေါင်း ဖိလစ်ပိုင်သို့ ဝင်ရောက်၊ လူတစ်သန်းကျော်ကို ဘေးကင်းရာရွှေ့ပြောင်း**

---

**အီဝါတေးစီရင်စု၌ ငလျင်တစ်ခုလှုပ်ခတ်၊ ဆူနာမီလှိုင်း ဖြစ်ပေါ်မှုသတိပေးချက် ထုတ်ပြန်ထားရ**

---

**မလေးရှား-ထိုင်း နယ်စပ်၌ လှေတစ်စင်းနစ်မြုပ် လူရာပေါင်းများစွာပျောက်ဆုံးနေ**

---

**ဟိုချီမင်းမြို့၌ အသားညှပ်ပေါင်မုန့်များစားပြီး အစာအဆိပ်သင့်သူ ၁၆၂ ဦး ဆေးရုံတင်ရ**

